# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၈၀ ပြည့်နှစ် ပထမဝါဆိုလဆန်း ၃ ရက်၊ သောကြာနေ့။ Friday 15 June 2018 ၉၃၁၈


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည်မမြင်နိုင်။ ဤသို့ရှုသော သူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ထိုင်းနိုင်ငံ ဝန်ကြီးချုပ်နှင့်အတူ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးစဉ်။



နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်း စုကြည် ငြိမ်းချမ်းရေး စကားဝိုင်းတွင် ဆွေးနွေး ပြောကြားစဉ်။

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်အား ထိုင်းဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးပရာယုဒ်ချန်အိုချာ(ငြိမ်း)က ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆို

ဗန်ကောက် ဇွန် ၁၄

**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်အား ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးပရာယုဒ်ချန်အိုချာ(ငြိမ်း)က ဂုဏ်ပြုကြိုဆိုသည့် အခမ်းအနားကို ယနေ့ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် အစိုးရအိမ်တော် မြက်ခင်းပြင်၌ ကျင်းပသည်။**

နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် ဂုဏ်ပြုကြိုဆိုမည့် အစိုးရအိမ်တော်မြက်ခင်းပြင်သို့ ရောက်ရှိလာရာ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးပရာယုဒ်ချန်အိုချာ (ငြိမ်း) နှင့် ဇနီးတို့က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်ကြသည်။ ဝန်ကြီးချုပ်က ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသူများအားမိတ်ဆက်ပေးပြီး နိုင်ငံတော်သမ္မတကလည်း အတူလိုက်ပါလာသည့် အဖွဲ့ဝင်များနှင့် ပြန်လည်မိတ်ဆက်ပေးသည်။

**အလေးပြုခြင်းခံယူ**

ထို့နောက် နိုင်ငံတော်သမ္မတသည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့ကိုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတအား ထိုင်းနိုင်ငံဝန်ကြီးချုပ်က ...

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်ဇနီး၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့် ဇနီးတို့သည် အစိုးရအိမ်တော်၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **စာမျက်နှာ ၄ ကော်လံ ၁ သို့** ✪

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် မွန်ပြည်နယ် ဒေသခံပြည်သူများ ငြိမ်းချမ်းရေးစကားဝိုင်း မွန်ပြည်နယ် မော်လမြိုင်တက္ကသိုလ်၌ ကျင်းပ

**မော်လမြိုင် ဇွန် ၁၄**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် မွန်ပြည်နယ် ဒေသခံပြည်သူများ ငြိမ်းချမ်းရေးစကားဝိုင်းကို ယနေ့နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ မော်လမြိုင်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

**မော်လမြိုင်ကိုယ်စားပြု**

ငြိမ်းချမ်းရေးစကားဝိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "အခုဆိုရင် တိုင်းရင်းသားလည်း စုံတယ်။ မော်လမြိုင်မှာ ကရင်တိုင်းရင်းသား၊ မွန်တိုင်းရင်းသား၊ ပအိုဝ်းတိုင်းရင်းသားတွေရှိတယ်။ ပအိုဝ်းရော၊ မွန်ရော၊ ကရင်ရော ဒီထဲမှာ ပါတယ်ဆိုတော့ မော်လမြိုင်ကို ကိုယ်စားပြုတဲ့အနေနဲ့ ပြည့်စုံတယ်လို့ ပြောလို့ရပါတယ်။ ဒီတက္ကသိုလ်ဝင်းထဲရောက်လာတော့ ကျောင်းသူတွေက ကျောင်းသားတွေထက် အများကြီး ပိုပြီးတော့များနေတယ်။ အဲဒီကိစ္စကို ကျွန်မတို့ ဆက်ပြီးတော့ ဆွေးနွေးရမှာပဲ။

**လုံခြုံမှုနှစ်မျိုး**

ငြိမ်းချမ်းရေးအကြောင်းပြောရရင် နိုင်ငံတစ်နိုင်ငံရဲ့ ငြိမ်းချမ်းရေးတည်တံ့ခိုင်မြဲဖို့ဆိုတာဟာ ဖွံ့ဖြိုးရေးလည်း ရှိရမှာဖြစ်တယ်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု၊ ပြည်သူလူထုလုံခြုံမှုရှိမှ **စာမျက်နှာ ၆ ကော်လံ ၁ သို့** ❐


**ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အငွေမပုံမှန်အစည်းအဝေး ဒသမနေ့ ကျင်းပ**

စာမျက်နှာ - ၁၀

**ရုရှားနိုင်ငံတွင် ကျင်းပသော ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအား ကမ္ဘာတစ်ဝန်း ကြည့်ရှုအားပေး**

စာမျက်နှာ - ၁၂

**ရောဝတီမြစ်အတွင်း တရားမဝင်ရွှေကျင်မှုနှင့် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများကြောင့် ရေထုညစ်ညမ်းမှုများ ဖြစ်ပေါ်**

စာမျက်နှာ - ၁၆





## ကြေးမုံ

# ငြိမ်းချမ်းတည်ငြိမ်ဖွံ့ဖြိုးရေးလူငယ်များပါဝင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွက် အဓိကအလိုအပ်ဆုံးသောအရာမှာ ငြိမ်းချမ်းရေးနှင့်နိုင်ငံတည်ငြိမ်အေးချမ်းရေးဖြစ်သည်။ ငြိမ်းချမ်းရေးနှင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးကို တည်ဆောက်ရာတွင် စုပေါင်းအင်အားမှာ အဓိကဖြစ်သည်။ စုပေါင်းအင်အားသည် ပြည်သူများဖြစ်၍ ပြည်သူလူထုစုပေါင်းပါဝင်မှုဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ငြိမ်းချမ်းရေးကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် နိုင်ငံအတွက်အရေးအကြီးဆုံးဖြစ်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်နေသည်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အစည်းအဝေးများကို နှစ်ကြိမ်တိုင်ကျင်းပခဲ့ပြီး မကြာမီကာလတွင် တတိယအကြိမ်အစည်းအဝေးကို ကျင်းပနိုင်ရန် ပြင်ဆင်ဆောင်ရွက်နေသည်။ ငြိမ်းချမ်းရေးဆိုသည်မှာ လက်နက်ကိုင်ပဋိပက္ခများ လုံးဝဆိတ်သုဉ်းခြင်းဖြစ်သော်လည်း မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများတွင် ပဋိပက္ခများ ဆက်လက်ရှိနေသည်ကို သတိမူရမည်ဖြစ်သည်။

ယင်းနှင့်ပတ်သက်၍ ဇွန် ၁၄ ရက်က မွန်ပြည်နယ် မော်လမြိုင်တက္ကသိုလ်၌ကျင်းပသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် မွန်ပြည်နယ်ဒေသခံပြည်သူများ စကားဝိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ငြိမ်းချမ်းရေးကို လူတိုင်းလိုချင်တယ်ဆိုရင် ဘာဖြစ်လို့ကမ္ဘာကြီးမှာ ဒီလောက်ပဋိပက္ခတွေများနေလဲဆိုတာ ပြန်ပြီးစဉ်းစားရမည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းတဲ့နည်းနဲ့ ကိုယ်လိုချင်တဲ့အရာတွေကို ရအောင်လုပ်ဖို့အတွက်၊ ကိုယ့်ဆန္ဒတွေကို ဖြည့်ဆည်းဖို့အတွက် အရည်အချင်းတွေကို တိုးပွားအောင်လုပ်ရမည်ဖြစ်ပါကြောင်း၊ လူတိုင်းလူတိုင်းလည်း လုပ်ရမည်၊ အစိုးရကလည်း ကူညီရမည်ဖြစ်ပါကြောင်း၊ အစိုးရဆိုသည်မှာ နိုင်ငံသူ နိုင်ငံသားတွေရဲ့အကျိုးကို ထမ်းဆောင်ဖို့၊ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးဖို့ ဖြစ်ပါကြောင်း၊ သို့သော် နိုင်ငံတစ်နိုင်ငံမှာ အဓိကက ပြည်သူလူထုပင်ဖြစ်ပါကြောင်း၊ အစိုးရ ဘယ်လောက်ကောင်းကောင်း ပြည်သူလူထုမပါရင် မရပါကြောင်း၊ ပြည်သူလူထုက အဓိကဖြစ်ပါကြောင်း၊ ပြည်သူလူထု၏ စိတ်ဓာတ်၊ ဉာဏ်စွမ်းအား၊ အရည်အချင်းအားလုံး မြှင့်တင်ဖို့လိုပါကြောင်း ပြောကြားခဲ့သည်။

ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးကို တည်ဆောက်နိုင်ရန်အတွက် အဓိကမှာ စုပေါင်းအင်အားဖြစ်သည့် ပြည်သူလူထုဖြစ်သည်ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က တိုင်းရင်းသားပြည်သူများနှင့် အကြောင်းဆုံတိုင်း အသိပေးပြောကြားလေ့ရှိသည်။ ငြိမ်းချမ်းရေးနှင့်အတူ နိုင်ငံတည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများတွင်လည်း ပြည်သူလူထုသည်သာ အဓိကဖြစ်သည်ကိုလည်း မကြာခဏအသိပေးပြောကြားလေ့ရှိသည်။ ပြည်သူလူထု၏အားမှာ အဓိကဖြစ်သောကြောင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် မှာကြားသကဲ့သို့ ပြည်သူလူထုအားလုံးတို့အနေဖြင့် မိမိတို့၏စိတ်ဓာတ်၊ မိမိတို့၏ဉာဏ်စွမ်းအား၊ မိမိတို့၏အရည်အချင်းအားလုံးတို့ကို မြှင့်တင်ကြဖို့ လိုအပ်ပေသည်။

အထူးသဖြင့် တိုင်းရင်းသားပြည်သူများအကြား နှစ်ပေါင်းရှည်ကြာဖြစ်ပွားလာခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများ ငြိမ်းအေးစေရန်အတွက် အပြန်အလှန်နားလည်မှု၊ အပြန်အလှန်လေးစားမှုသည် အဓိကဖြစ်ရာ ယင်းကို ပြည်သူလူထု၏ စုပေါင်းအင်အားဖြင့် ခိုင်မာအောင်တည်ဆောက်ကြရမည်ဖြစ်သည်။ နိုင်ငံတော် အစိုးရက အကောင်အထည်ဖော်နေသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တိုင်းရင်းသားပြည်သူများအားလုံး လက်တွဲပူးပေါင်းပါဝင်ကူညီဆောင်ရွက်ကြရမည်ဖြစ်သည်။

ထိုသို့ပါဝင်ကူညီဆောင်ရွက်ရာတွင် လူငယ်များအားသည် အထောက်အပံ့ကောင်းများဖြစ်ပြီး လက်တွေ့တွင်လည်း ပါဝင်ဆောင်ရွက်နေကြသည်ကို တွေ့ရသည်။ မွန်ပြည်နယ်ဒေသခံပြည်သူများ စကားဝိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က လူငယ်များ၏အခန်းကဏ္ဍကို အလေးထားပြောကြားခဲ့သည်ကို တွေ့ရသည်။ သို့ဖြစ်ရာ မြန်မာလူထုအတွင်းမှ လူငယ်လူရွယ်များအနေဖြင့် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အားတက်သရော ပါဝင်ဆောင်ရွက်ကြလိမ့်မည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန် ဟန်းဆိုင်ဒယ်ဖောင်ဒေးရှင်း၏ ဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၁၄**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရေးအဖွဲ့ (JCC) ဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်သည် Hanns Seidel Foundation (HSF)၏ ဌာနေကိုယ်စားလှယ် Mr. Achim Munz နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ရုံးခန်း၌ လက်ခံတွေ့ဆုံသည်။



ထိုသို့တွေ့ဆုံစဉ် Hanns Seidel Foundation အနေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သည့် လွှတ်တော်ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းစဉ်များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်မားရေးအတွက် အကူအညီပေးရေးဆိုင်ရာကိစ္စရပ်များ၊ ဂျာမနီလွှတ်တော်နှင့် မြန်မာလွှတ်တော်များအကြား ပူးပေါင်းဆောင်ရွက်ရေးနှင့် ဖက်ဒရယ်စနစ် အတွေ့အကြုံဖလှယ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ဓမ္မာစရိယစာမေးပွဲ အောင်စာရင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇွန် ၁၄**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပပြီးစီးခဲ့သော ၁၃၇၉ (၂၀၁၈) ခုနှစ် အတွက် ဓမ္မာစရိယစာမေးပွဲတွင် သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် လူပုဂ္ဂိုလ်များ ဝင်ရောက်ဖြေဆိုကြရာ ဓမ္မာစရိယသုံးကျမ်း ၉၃၇ ပါး၊ နှစ်ကျမ်း ၉၄၄ ပါး၊ တစ်ကျမ်း ၁၀၄၅ ပါး၊ ပါဠိဂုဏ်ထူး တစ်ပါး၊ မြန်မာဂုဏ်ထူးငါးပါး အောင်မြင်ခဲ့သည်။

စုစုပေါင်းဖြေဆိုသူ ၂၂၇၆ ပါးအနက် အောင်မြင်သူ ၂၉၃၂ ပါးဖြစ်၍ ၁၂ ဒသမ ၈၈ ရာခိုင်နှုန်း အောင်မြင်ကြသည်။

၁၃၇၉ (၂၀၁၈) ခုနှစ် ဓမ္မာစရိယစာမေးပွဲတွင် သုံးကျမ်းပြီးအောင်မြင်ကြသော သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအနက် ပထမ၊ ဒုတိယ၊ တတိယနှင့် သီလရှင် ပထမရရှိခဲ့ကြသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ကြပါသည်-

| စဉ် | ဂုဏ်ထူး | ခုံအမှတ် | ဘွဲ့ | ကျောင်းတိုက်နှင့် တည်နေရာ |
|---|---|---|---|---|
| ၁။ | ပထမ(အဂ္ဂမဟာအကျော်) | ပက/၃၈၅ | ဦးအဂ္ဂ | တိပိဋကထိန်လင်းကျောင်းတိုက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂။ | ဒုတိယ | ကန/၂၂၄၆ | ဦးပညာဝံသာလင်္ကာရ | မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၃။ | တတိယ | ကန/၂၀၇၈ | ဦးဝိသုဒ္ဓ | အလယ်တောရစံပြစာသင်တိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၄။ | သီလရှင်ပထမ | ရ/၂၂၉ | မခေမာဝတီ | ဓမ္မာရုံသီလရှင်စာသင်တိုက်၊ တောင်ငူမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး |

၁၃၇၉ (၂၀၁၈) ခုနှစ် ဓမ္မာစရိယစာမေးပွဲအောင်စာရင်းများကို နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် သံဃနာယကအဖွဲ့ရုံးများတွင် လည်းကောင်း၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် သာသနာရေးမှူးရုံးများတွင်လည်းကောင်း၊ သက်ဆိုင်ရာ စာဖြေဌာနများရှိ မြို့နယ်သံဃနာယကအဖွဲ့ရုံးများနှင့် မြို့နယ်သာသနာရေးမှူးရုံးများတွင်လည်းကောင်း ကြည့်ရှုနိုင်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

၁၃၇၉ (၂၀၁၈) ခုနှစ် ဓမ္မာစရိယစာမေးပွဲအောင်စာရင်းများကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ Website www. mahana.org.mm၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန Website www. mora.gov.mm နှင့် သာသနာရေးဦးစီးဌာန Website www.dra.gov.mm တို့တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်သည်။

**သတင်းစဉ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇွန် ၁၄**

ရန်ကုန်(ရွှေဈေး) ၉၃၇၀၀၀ - ၉၃၇၀၀၀ မန္တလေး(ရွှေဈေး) ၉၃၇၀၀၀ - ၉၃၇၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | | ရန်ကုန် | မန္တလေး |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၈၉၀/၉၁၀ ကျပ်၊ | ၉၄၀/၉၅၀ ကျပ် |
| (ခ) | အောက်တိန်း ၉၅ | တစ်လီတာ | ၉၁၀/၉၃၀ ကျပ်၊ | ၉၈၀/၉၈၅ ကျပ် |
| (ဂ) | အောက်တိန်း ၉၂ | တစ်လီတာ | ၈၅၅/၈၈၀ ကျပ်၊ | ၉၂၅/၉၄၀ ကျပ် |
| (ဃ) | အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၀၅/၉၂၅ ကျပ်၊ | ၉၅၀/၉၅၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၅၅/၈၆၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၆၅/၈၇၀ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၈၀၀/၈၁၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၈. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၀၁. ၇ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၂. ၂၄ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၂. ၂၆ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၃၉. ၉၂ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၀၇၅ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၃၁. ၁ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၅. ၄၉ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၇. ၄ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၁၆. ၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း

**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၃၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1957
၁၉၅၇ ခုနှစ် ဇွန် ၁၀ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၈၃၃၅၁





နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့ ထိုင်းနိုင်ငံရှိ မြဘုရားကို ဖူးမြော်ကြည်ညိုစဉ်။

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို ချစ်ကြည်ရေးခရီးစဉ်နှင့် ထိပ်သီးအစည်းအဝေးများ တက်ရောက်ရန် ထိုင်းနိုင်ငံသို့ ရောက်ရှိ

**နေပြည်တော် ဇွန် ၁၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့သည် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ (ငြိမ်း)၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးစဉ်နှင့် ဗန်ကောက်မြို့၌ ကျင်းပမည့် (၈)ကြိမ်မြောက် ဧရာဝတီ - ကျောက်ဖရား - မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (အက်မက်စ်) ထိပ်သီးအစည်းအဝေး၊ (၉)ကြိမ်မြောက် ကမ္ဘောဒီးယား - လာအို -မြန်မာ - ဗီယက်နမ် (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးတို့သို့ တက်ရောက်ရန် ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ထွက်ခွာသွားသည်။

နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့အား ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဦးဟင်နရီဗန်ထီးယူ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် ဇနီး၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံရုံးယာယီတာဝန်ခံနှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အောက်ပုံ)**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် တာဝန်ရှိသူများလိုက်ပါလာသည့် အထူးလေယာဉ်သည် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ထိုင်းနိုင်ငံ



ဗန်ကောက်မြို့ ထိုင်းဘုရင့်လေတပ် Wing 6 သို့ရောက်ရှိကြရာ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာ ဆုန်ကစ်ဂျာတူစရီပီတက်နှင့် ဇနီး၊ တွဲဖက်ဝန်ကြီး မစ္စတာ ဆူဝါဖန် တန်ယူဝါဒါနနှင့် ဇနီး၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမြင့်သန်းနှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာ ဂျက်ဘွန်လုံနှင့်ဇနီး၊ ထိုင်းနိုင်ငံဆိုင်ရာမြန်မာစစ်သံမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ်ခင်ဇော်နှင့် မြန်မာသံရုံးမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။ **(အောက်ပုံ)**

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့သည် ဗန်ကောက်မြို့ရှိ ခေတ္တတည်းခိုမည့် ရှန်ဂရီလာဟိုတယ်သို့ ရောက်ရှိကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ဗန်ကောက်မြို့ရှိ ထိုင်းဘုရင့်နန်းတော်သို့ရောက်ရှိပြီး နိုင်ငံတော်သမ္မတက နန်းတော်ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် မြဘုရားကို ဖူးမြော်ကြည်ညိုကာ အလှူငွေများပေးအပ်လှူဒါန်းပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ဗန်ကောက်မြို့ရှိ မြန်မာသံရုံးသို့ရောက်ရှိပြီး မြန်မာသံရုံး၊ စစ်သံရုံးနှင့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံအမှာစကားပြောကြားသည်။

ထိုသို့ပြောကြားရာတွင် မြန်မာသံရုံးအနေဖြင့် ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်ရန် တရားမဝင်ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား တရားဝင်ဖြစ်စေရေး၊ အလုပ်သမားအခွင့်အရေးနှင့် ရပိုင်ခွင့်များ မှန်မှန်ကန်ကန်ရရှိစေရေးအတွက် အလုပ်သမားအရေးဆောင်ရွက်နေကြသည့် အဖွဲ့အစည်းများနှင့် လက်တွဲဆောင်ရွက်ကြရန်မှာကြားပြီး လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့သည် မြန်မာသံအမတ်ကြီး ဦးမျိုးမြင့်သန်း တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ကြသည်။

**သတင်းစဉ်**








နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချို ဗန်ကောက်မြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးဝန်ထမ်းများနှင့် မိသားစုများအား တွေ့ဆုံစဉ်။

**❂ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်မှ**

ထို့နောက် နိုင်ငံတော်သမ္မတသည် အစိုးရအိမ်တော် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့် ဇနီးတို့နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့သည် အစိုးရအိမ်တော်ဧည့်ခန်းမ၌ တွေ့ဆုံကြသည်။

ဆက်လက်၍ မြန်မာ-ထိုင်းနှစ်နိုင်ငံဆွေးနွေးပွဲကို အစိုးရအိမ်တော် Pakdibodin Hall ၌ ကျင်းပရာ နိုင်ငံတော်သမ္မတနှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲနှင့် နှစ်နိုင်ငံဆွေးနွေးပွဲတို့သို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ဒုတိယဝန်ကြီး ဦးအောင်ထူး၊ သံအမတ်ကြီး ဦးမျိုးမြင့်သန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့်အတူ ဒုတိယဝန်ကြီးချုပ်၊ ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ(ငြိမ်း)တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူစဉ်။

တွေ့ဆုံပွဲနှင့် နှစ်နိုင်ငံဆွေးနွေးပွဲတို့တွင် နိုင်ငံတော်သမ္မတနှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ ထိုင်းနိုင်ငံသို့ ရောက်ရှိနေသည့် မြန်မာအလုပ်သမားများ တရားဝင်အလုပ်လုပ်ကိုင်ခွင့် ရရှိရေး၊ သင့်လျော်သည့် ရပိုင်ခွင့်နှင့် ကာကွယ်စောင့်ရှောက်မှုများပေးရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးနှင့် နယ်စပ်ဂိတ်များ အဆင့်မြှင့်တင်ရေး၊ ရခိုင်ပြည်နယ်အရေးကိစ္စတွင် ထိုင်းနိုင်ငံမှ အပြုသဘောအကူအညီပေးရေး၊

**စာမျက်နှာ ၅ သို့ ❋**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ်နှင့် ဇနီးတို့ အစိုးရအိမ်တော်၌ မှတ်တမ်းဓာတ်ပုံရိုက်ကြစဉ်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ(ငြိမ်း)တို့ အစိုးရအိမ်တော်ဧည့်ခန်းမ၌ တွေ့ဆုံစဉ်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ(ငြိမ်း)တို့ အစိုးရအိမ်တော်၌ နှစ်နိုင်ငံသတင်းစာရှင်းလင်းပွဲ ကျင်းပစဉ်။

❋ စာမျက်နှာ ၄ မှ

ထိုင်းနိုင်ငံတွင် ရောက်ရှိနေသော နေရပ်စွန့်ခွာသူများ မြန်မာနိုင်ငံသို့ ပြန်လည် လာရောက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ-ထိုင်းနှစ်နိုင်ငံ သံတမန်ဆက်သွယ်မှု နှစ်(၇၀)ပြည့် အထိမ်းအမှတ် အခမ်းအနားများ ကျင်းပရေးတို့နှင့်စပ်လျဉ်း၍ ခင်မင်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့သည် အစိုးရအိမ်တော်၌ကျင်းပသည့် နှစ်နိုင်ငံ သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်ကြပြီး ဆွေးနွေးပွဲနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များအား ရှင်းလင်းပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့် ဇနီးတို့နှင့်အတူ အစိုးရအိမ်တော် ခန်းမ၌ ခင်းကျင်းပြသထားသည့် ထိုင်းရိုးရာအစားအစာများ၊ အဝတ်အထည်များနှင့် ရိုးရာလက်မှုပစ္စည်းများအား လိုက်လံကြည့်ရှုကြသည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ထိုင်းနိုင်ငံဝန်ကြီးချုပ်နှင့် ဇနီးတို့က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။ **သတင်းစဉ်**




အစိုးရအိမ်တော် Pakdibodin Hall ၌ မြန်မာ-ထိုင်း နှစ်နိုင်ငံဆွေးနွေးပွဲ ကျင်းပစဉ်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး၊ ထိုင်းနိုင်ငံ ဝန်ကြီးချုပ်နှင့် ဇနီးတို့ အစိုးရအိမ်တော်ခန်းမ၌ ခင်းကျင်းပြသထားသည့် ထိုင်းရိုးရာလက်မှုပစ္စည်းများအား ကြည့်ရှုလေ့လာစဉ်။

> “ထိုင်းနိုင်ငံသို့ ရောက်ရှိနေသည့် မြန်မာအလုပ်သမားများ တရားဝင်အလုပ်လုပ်ကိုင်ခွင့် ရရှိရေး၊ သင့်လျော်သည့် ရပိုင်ခွင့်နှင့် ကာကွယ်စောင့်ရှောက်မှုများပေးရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးနှင့် နယ်စပ်ဂိတ်များ အဆင့်မြှင့်တင်ရေး၊ ရခိုင်ပြည်နယ်အရေးကိစ္စတွင် ထိုင်းနိုင်ငံမှ အပြုသဘောအကူအညီပေးရေး၊ ထိုင်းနိုင်ငံတွင် ရောက်ရှိနေသော နေရပ်စွန့်ခွာသူများ မြန်မာနိုင်ငံသို့ ပြန်လည်လာရောက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး”



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီးတို့အား ထိုင်းနိုင်ငံ ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။


ကိုကျော်ဇင်ဦး


ခွန်ထူးအောင်


မဆန်းသီရိ


မိဇင်ဝင်းမွန်


နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်
ဒေါ်အောင်ဆန်းစုကြည်


စောကျော်မိုး


ကိုထွန်းထွန်းလင်း


မိယဉ်နွန်စွမ်း


မိငွေလေး

❒ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ
ငြိမ်းချမ်းရေးရှိတာ၊ လုံခြုံမှုဆိုတာ နှစ်မျိုးရှိတယ်။ ရုပ်ပိုင်းဆိုင်ရာလုံခြုံမှု၊ စိတ်ပိုင်းဆိုင်ရာလုံခြုံမှုဖြစ်တယ်။ ရုပ်ပိုင်းဆိုင်ရာလုံခြုံမှုမှာ အပစ်အခတ်ရပ်စဲရေးတစ်ခုတည်းနဲ့လည်း မပြီးဘူး။ ဖွံ့ဖြိုးတိုးတက်ရေးလည်းလိုတယ်။ ဖွံ့ဖြိုးတိုးတက်ရေးရှိမှ ကိုယ့်ရဲ့စားဝတ်နေရေး၊ နိစ္စဓူဝရှင်သန်ရေးအတွက် စိတ်မပူရမှာ၊ အဲဒီလုံခြုံရေးရှိဖို့ဆိုတာ ဒါဟာ ပညာရေးနဲ့လည်း အများကြီးဆိုင်တယ်။ တည်ငြိမ်ရေးနဲ့လည်း ဆိုင်တယ်။ အမျိုးသားတွေ ပိုပြီးတော့ ပညာရေးကဏ္ဍမှာ ပါဝင်ဖို့လိုတယ်လို့ ကျွန်မဒီအတိုင်းပဲ မြင်ပါတယ်။

**ပိုပြီးတော့မြင့်လာ**

အခုဆိုရင် မြန်မာနိုင်ငံမှာရှိတဲ့ ပညာသင်ပေးနေတဲ့ ဝန်ထမ်းတွေကို ကြည့်လိုက်မယ်ဆိုရင် ကျောင်းဆရာမတွေက ၉၇ ရာခိုင်နှုန်း၊ ကျောင်းဆရာက သုံးရာခိုင်နှုန်းဆိုတော့ သိပ်ပြီးတော့နည်းပါတယ်။ မော်လမြိုင်တက္ကသိုလ်တော့ မသိဘူး။ ရန်ကုန်တက္ကသိုလ်မှာဆိုရင် ကျွန်မတို့ သိရတာကတော့ အကြမ်းဖျင်းအားဖြင့် မိန်းကလေးက ၆၀ ရာခိုင်နှုန်း၊ ယောကျ်ားလေးက ၄၀ ရာခိုင်နှုန်းဆိုတော့ တက္ကသိုလ်တက်တဲ့ ယောကျ်ားလေးဦးရေက ကျပြီးတော့ မိန်းကလေးဦးရေက ပိုပြီးတော့မြင့်လာတယ်။ အောင်နှုန်းကိုကြည့်လိုက်မယ်ဆိုရင်လည်း မိန်းကလေးတွေက ပိုပြီးတော့ ရှေ့ကရောက်နေတယ်ဆိုတာကို မြင်နေရတယ်။

**တဖြည်းဖြည်းကျလာ**

အဲဒါကို အမျိုးသား၊ ယောကျ်ားလေးတွေအနေနဲ့ ဘာကြောင့် ဒီလိုဖြစ်နေရတာလဲဆိုတာ သုံးသပ်ပြီးတော့ ဒါကိုကျွန်မတို့ စေ့စေ့စပ်စပ်ကိုင်တွယ်မှ ဖြစ်မယ်။ တခြားနိုင်ငံတွေမှာ၊ ကမ္ဘာတစ်ဝန်းမှာ ဒီပြဿနာရှိတယ်။ မိန်းကလေးတွေဟာ စာသင်တဲ့ဘက်မှာ ပိုပိုပြီးတော့တော်လာတယ်။ ထူးချွန်လာတယ်။ ဖွဲ့ ဝီရိယရှိတယ်။ ယောကျ်ားလေးတွေက ကျောင်းကို ပြီးအောင်သင်တဲ့နှုန်းတောင် တဖြည်းဖြည်းကျလာပြီးတော့ တက္ကသိုလ်ရောက်တဲ့အခါမှာ မိန်းကလေးတွေက များလာတယ်။ ဒါပေမယ့်လည်း စိတ်ဝင်စားစရာကောင်းတာက ဘွဲ့လွန်တွေမှာကျတော့ ယောကျ်ားလေးတွေက ပြန်ပြီးတော့တက်လာတဲ့ သဘောရှိတယ်။ ဒါကျွန်မတို့ တစ်နိုင်ငံတည်းမှ မဟုတ်ပါဘူး။ တခြားနိုင်ငံတွေမှာလည်း ဒါကို မြင်ရတယ်။

အစကတည်းက မိန်းကလေးနဲ့ ယောကျ်ားလေး ပညာသင်တဲ့အခါမှာ မျှမျှတတရှိအောင် ယောကျ်ားလေးတွေ ပညာသင်ချင်တဲ့ စိတ်ဆန္ဒရှိအောင်လို့၊ ကျောင်းပရဝဏ်အတွင်းထဲမှာ နေပျော်အောင်လို့ ဘယ်လိုလုပ်ရမလဲဆိုတာ စဉ်းစားရမယ်။ ယောကျ်ားလေးတွေဟာ အလုပ်မရှိလို့၊ ပညာလည်း ဆက်ပြီးမရှာချင်လို့ စိတ်လေပြီး လက်ဖက်ရည်ဆိုင်ထိုင်နေမယ်ဆိုရင် ကျွန်မတို့ရဲ့ လူမှုရေးတည်ငြိမ်မှုကိုလည်း ထိခိုက်တယ်။ အဲဒီကတစ်ဆင့် ရေရှည်မှာနိုင်ငံရဲ့ ငြိမ်းချမ်းသာယာမှုကိုလည်း ထိခိုက်စေတာဖြစ်ပါတယ်”ဟု ပြောကြားသည်။

**အခက်အခဲဖြစ်ပေါ်ခဲ့ရ**

ထို့နောက် ကိုကျော်ဇင်ဦး (ကျောင်းသား၊ တတိယနှစ်-သင်္ချာ)က လူငယ်နှင့် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ဆွေးနွေးရာတွင် ငြိမ်းချမ်းရေးဆိုတာ မိမိတို့အတွက် အေးချမ်းပျော်ရွှင်လှသည့် အရာတစ်ခုဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသာမက အခြားနိုင်ငံမှလူများပါ ငြိမ်းချမ်းရေးကို မလိုလားဘူးဆိုတာ မရှိသလောက်ဖြစ်ပါကြောင်း၊ ယခင် ဘိုး၊ ဘေး၊ ဘီ၊ ဘင် လက်ထက်တုန်းက မွန်ပြည်နယ်သည် မငြိမ်းချမ်းမှုကြောင့် စီးပွားရေး၊ ပညာရေး၊ ပို့ဆောင်ရေးလုပ်ငန်းတွေ အခက်အခဲ ဖြစ်ပေါ်ခဲ့ရပါကြောင်း၊ ယခုငြိမ်းချမ်းနေပြီ ဖြစ်ပါကြောင်း၊ စစ်ရေးဘက်တွင် ငြိမ်းချမ်းနေပြီး စီးပွားရေး၊ ပညာရေး၊ အလုပ်အကိုင်အခွင့်အလမ်းတွင် မငြိမ်းချမ်းဘူးဆိုပါက မိမိတို့နိုင်ငံ၊ ပြည်နယ်၊ မြို့နယ်၊ ကျေးလက်ဒေသအတွက် ငြိမ်းချမ်းလာမည်မဟုတ်ပါကြောင်း။

မွန်ပြည်နယ် ရေးမြို့နယ်သည် ရော်ဘာလုပ်ငန်း၊ ခြံ၊ လယ်စသည်တို့တွင် မူတည်ပြီး အသက်မွေးဝမ်းကျောင်းပြီးနေထိုင်သည့် ပြည်နယ်ဖြစ်ပါကြောင်း၊ ရော်ဘာလုပ်ငန်းနှင့်ပတ်သက်၍ ဈေးနှုန်းမတည်ငြိမ်မှုများ ဖြစ်နေပါကြောင်း၊ ယင်းအခြေအနေကြောင့် တချို့မိဘများက သူတို့သားသမီးများကို ပညာရေးအတွက်ထောက်ပံ့ပေးရန် ငွေရေးကြေးရေး ပြဿနာဖြစ်သည့်အတွက် သားသမီးများကိုကျောင်းထုတ်ပြီး နိုင်ငံခြားသို့ခေါ်သွားကြပါကြောင်း၊ အခြားတစ်ဖက်တွင် အချို့ဘွဲ့ရလူငယ်များအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်း နည်းပါးနေသည့်အတွက် နိုင်ငံခြားတွင် အလုပ်သွားလုပ်နေရတာများပါကြောင်း။

**မီတာခများလွန်း**

လမ်းပန်းဆက်သွယ်ရေးနှင့် ပတ်သက်၍ တချို့ မွန်ပြည်နယ်အောက်ပိုင်းတွင်ရှိသည့် ရွာတွေဆိုလျှင် လမ်းပန်းဆက်သွယ်ရေးမကောင်းသေးပါကြောင်း၊ လျှပ်စစ်ဓာတ်အားခက်ခဲပြီး ရွာတွင်ရှိသည့် ပုဂ္ဂလိကမှ ပေးသည့်မီးနှင့် နေနေရပါကြောင်း၊ ပုဂ္ဂလိကပိုင်ဖြစ်သည့်အတွက် မီတာခပေးရတာ များလွန်းပါကြောင်း၊ ဒီတိုးတက်နေသည့်ခေတ်တွင် လျှပ်စစ်ပစ္စည်းသုံးစွဲမှုများလွန်းသည့်အတွက်ကြောင့် မီတာခပေးရတာ များလွန်းနေပါကြောင်း။

မူးယစ်ဆေးဝါးကို လူကြီးများသာမက တချို့လူငယ်များပါ သုံးစွဲနေသည်ကို တွေ့ရှိရပါကြောင်း၊ သုံးစွဲမှုဆိုးရွားလာသည့်အတွက် ရပ်ရွာမငြိမ်းချမ်းမှု၊ မိဘပြည်သူမငြိမ်းချမ်းမှုများဖြစ်လာပါကြောင်း၊ နောက်ဆုံး လူငယ်နှင့်ကျန်းမာရေးအကြောင်းကို တင်ပြလိုပါကြောင်း၊ ယခု မွန်ပြည်နယ်ဆေးရုံတွင် CT-Scan ပျက်နေသည်ဟု ကြားသိရပါကြောင်း၊ CT-Scan ပျက်မှုကြောင့် လူငယ်များ ယာဉ်မတော်ဆမှုဖြစ်လာပါက ဦးနှောက်ပိုင်းစမ်းသပ်ရန်အတွက် ပြဿနာဖြစ်လာပါကြောင်း ဆွေးနွေးသည်။

**မငြိမ်းချမ်းခြင်းရဲ့ ဆိုးကျိုး**

မဆန်းသီရိ(သူနာပြုဆရာမ)က ငြိမ်းချမ်းရေး၊ လူထုကျန်းမာရေးနှင့် ပတ်သက်၍ ဆွေးနွေးရာတွင် မိမိတို့ အဘိုး၊ အဘွား၊ အဖေ၊ အမေတွေ ပြောပြချက်အရ မိမိတို့ဒေသသည် မငြိမ်းချမ်းသည့်ဒေသဖြစ်ခဲ့သည့်အတွက် ပြည်သူများသည် ကြောက်ကြောက်လန့်လန့်နှင့် အမြဲသတိနှင့် နေခဲ့ရသည်ဟု ကြားသိခဲ့ရပါကြောင်း၊ ငြိမ်းချမ်းမှုမရှိသည့်အတွက် ကျန်းမာရေးဝန်ထမ်းများသည်လည်း ကျန်းမာရေးပညာပေးလုပ်ငန်းများ၊ ကျန်းမာရေးပြုစုစောင့်ရှောက်သည့်လုပ်ငန်းများ လာရောက်ပြီးမလုပ်နိုင်ခဲ့ဘူးဆိုတာလည်း ကြားသိခဲ့ရပါကြောင်း၊ ပြည်သူများ နာမကျန်းဖြစ်လာလျှင်လည်း နယ်မြေဒေသငြိမ်းချမ်းမှုမရှိသည့်အတွက် ဆေးရုံ၊ ဆေးခန်းများ၊ နားလည်တတ်ကျွမ်းသည့် ဆရာဝန်တွေထံ သွားရောက်မပြသနိုင်ဘဲ ရွာမှာရှိသည့် ဆေးမြီးတိုများနှင့်ကုသပြီး အသက်မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးခဲ့သည့်ဖြစ်စဉ်များ များစွာရှိခဲ့သည်ဟုလည်း ကြားသိခဲ့ရပါကြောင်း၊ ထို့ပြင် ကိုယ်ဝန်ဆောင်မိခင်များ၊ မွေးဖွားမည့်မိခင်များသည်လည်း နယ်မြေမငြိမ်းချမ်းသည့်အတွက် ဆေးရုံ၊ ဆေးခန်းများတွင် နားလည်တတ်ကျွမ်းသူများနှင့် သွားရောက်မမွေးဖွားနိုင်ဘဲ ရွာတွင်ရှိသည့် လက်သည်များနှင့်မွေးပြီး တချို့ကလေးများ၊ အမေများသေဆုံးသွားခဲ့ရသည့် ဖြစ်စဉ်များလည်း များစွာရှိခဲ့သည်ဟု ကြားသိခဲ့ရပါကြောင်း၊ ဒါတွေဟာ မငြိမ်းချမ်းခြင်းရဲ့ ဆိုးကျိုးဟု မြင်ပါကြောင်း။

ယခုမိမိတို့လက်ထက် ငြိမ်းချမ်းနေပြီဖြစ်သည့်အတွက် ယခင်မငြိမ်းချမ်းခင်ကာလနှင့်ယှဉ်လျှင် စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးစသဖြင့် အဘက်ဘက်က တိုးတက်လာတာ တွေ့ရပါကြောင်း၊ နယ်မြေဒေသငြိမ်းချမ်းသွားသည့်အတွက် ကျန်းမာရေးဝန်ထမ်းများသည်လည်း ကျန်းမာရေးပညာပေးလုပ်ငန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုလုပ်ဆောင်လာနိုင်ပါကြောင်း၊ ထို့ကြောင့် ကျန်းမာရေးကဏ္ဍတွင်လည်း ငြိမ်းချမ်းရေးသည် အရေးကြီးသည့်အခန်းကဏ္ဍတွင် ပါဝင်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လူနာများသည်လည်း ဆေးရုံ၊ ဆေးခန်းကို ပိုပြီးအားကိုးအားထားပြုလာပါကြောင်း၊ ထိုသို့ အားကိုးအားထားပြုလာသည့်အတွက် ဆေးရုံများတွင် လူနာအင်အားနှင့် ဝန်ထမ်းအင်အား မမျှတသည့်အခက်အခဲများ ဖြစ်လာရပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ဆေးရုံများတွင် ဝန်ထမ်းအင်အားကို လုံလုံလောက်လောက် ချထားစေချင်ပါကြောင်း၊ မိမိတို့ ဆေးရုံက ခုတင်(၁၀၀) ဆေးရုံဖြစ်သော်လည်း လူနာ ၁၃၀ မှ ၁၅၀ ကြားတွင် အမြဲရှိပါကြောင်း၊ ဆေးရုံတွင် သထုံဒေသခံပြည်သူများက ဆောက်လုပ်လှူဒါန်းထားသည့် သံဃာ့ဆေးရုံကြီး အသစ်ဖွင့်ထားပြီး ကျောက်ကပ်သွေးသန့်စင်သည့်ဌာနအသစ်ထပ်မံဖွင့်လှစ်ထားသည့်အတွက် ဆေးရုံတွင် ဝန်ထမ်းအင်အား မလုံလောက် သည့်ပြဿနာများ၊ အခက်အခဲများ အများကြီးကြုံရပါကြောင်း၊ ထို့ကြောင့် ဆေးရုံကြီးတွင် ဝန်ထမ်းအင်အားကို တိုးမြှင့်ပြီး ချထားပေးစေလိုပါကြောင်း။

မိမိတို့ရွာတွင် ဘွဲ့ရသူအများကြီးရှိပြီး ကျန်းမာရေးဝန်ထမ်းဖြစ်ချင်သည့်သူများ အများကြီးရှိပါကြောင်း၊ သူနာပြုများခေါ်သည့်အခါတွင် တက္ကသိုလ်ဝင်တန်းအမှတ်အများကြီးနှင့် ခေါ်သည့်အတွက် တချို့စိတ်ဝင်စားသော်လည်း ဝန်ထမ်းဖြစ်ခွင့်မရပါကြောင်း၊ ၎င်းတို့ဝင်ခွင့်ရအောင် အမှတ်တွေလျှော့ပေါ့ပြီး ခေါ်စေချင်ပါကြောင်း၊ ကျန်းမာရေးဝန်ထမ်း နည်းပါးသည့်ဖြစ်ရပ်များကို အထောက်အကူဖြစ်စေမည်ဟု ထင်ပါကြောင်း။

ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးရှိ သူငယ်ချင်းများ၊ ဂျူနီယာများရာထူးတိုးမြန်ဆန်ပါကြောင်း၊ မွန်ပြည်နယ်မှာတော့ ရာထူးတိုး နှေးကွေးနေပါကြောင်း၊ ဘာကြောင့်လဲဆိုတာ သိချင်ပါကြောင်း၊ ကျန်းမာရေးဝန်ထမ်းများက ကျန်သည့် ဝန်ထမ်းများထက်စာလျှင် ခံစားခွင့်နည်းပြီး အလုပ်ချိန်ကများပါကြောင်း ဆွေးနွေးသည်။

**ပစ္စည်းထမ်းခိုင်း**

ခွန်ထူးအောင် (Capital Development - NGO)က မငြိမ်းချမ်းခြင်း၏ သားကောင်များနှင့် ပတ်သက်၍ ဆွေးနွေးရာတွင် မိမိတို့ ပအိုဝ်းဒေသမှာ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ နှစ်ဖွဲ့၊ သုံးဖွဲ့ရှိပါကြောင်း၊ ရပ်ရွာထဲမှာ ၎င်းတို့ဝင်ရောက်လာပြီဆိုလျှင် အိပ်ဖို့၊ နေဖို့၊ စားဖို့ ရပ်ရွာမှ စီစဉ်ပေးရပါကြောင်း၊ ရပ်ရွာမှ ပြန်လည်ထွက်ခွာသည့်အခါတွင်လည်း အမျိုးသားများကို ပစ္စည်းထမ်းခိုင်းပါကြောင်း၊ ယင်းကို မိမိတို့ငယ်စဉ်ကတည်းက ကြုံခဲ့ရပါကြောင်း၊ မိမိတို့ဒေသမှာ ငြိမ်းချမ်းရေး၏အရသာကို မခံစားခဲ့ရပါကြောင်း။

အမြဲတမ်းမငြိမ်းချမ်းမှုများနှင့် နေထိုင်ခဲ့ရပြီး မငြိမ်းချမ်းသည့်အတွက် ကျန်းမာရေး၊ ပညာရေးကိုလည်း ကောင်းစွာမခံစားခဲ့ရပါကြောင်း၊ စာသင်ကျောင်းဆိုလျှင်လည်း မိမိတို့ငယ်စဉ်က အတန်းက လေးတန်းအထိသာ ရှိပါကြောင်း၊ ဆက်ပြီးပညာသင်ကြားချင်ပါက ၁၀ မိုင်လောက် ကွာဝေးသည့်နေရာကို သွားတက်ရပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေးမကောင်းဘဲ သွားခဲ့ရပါကြောင်း။

**ဖွံ့ဖြိုးအောင်လုပ်ပေးစေလို**

ယခုအခါ မော်လမြိုင်မြို့ မြစေတီစာသင်တိုက် ဘုန်းကြီးကျောင်းတွင် ဆရာတော်ကြီး ကျေးဇူးကြောင့် မနှစ်ကပင် မိမိဘွဲ့ရခဲ့ပြီဖြစ်ပါကြောင်း၊ မိမိလိုမျိုး စစ်ဖြစ်တဲ့ဒေသမှ ရောက်လာသည့်ကလေး ၈၀ ကျော်ရှိပါကြောင်း၊ ၎င်းတို့အတွက်လည်း ပညာရေးစောင့်ရှောက်ပေးရပါကြောင်း၊ ထို့ကြောင့် မဖွံ့ဖြိုးသည့် ဒေသများကို ပိုပြီးဖွံ့ဖြိုးအောင် လုပ်ပေးစေလိုပါကြောင်း။

စာမျက်နှာ ၇ သို့ »»




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် မွန်ပြည်နယ် ဒေသခံပြည်သူများ ငြိမ်းချမ်းရေးစကားဝိုင်းကျင်းပစဉ်။

»»» **စာမျက်နှာ ၆ မှ**

မိမိ မော်လမြိုင်ကိုရောက်လာပြီး ဘွဲ့ရခဲ့ပါကြောင်း၊ စုဖောင်ဒေးရှင်း၏ ပံ့ပိုးမှုဖြင့် Capacity Development Myanmar (CDM) တွင် အလုပ်ဝင်လုပ်ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်နေပါကြောင်း၊ ထိုသို့လုပ်ပေးနိုင်ခြင်းမှာ မွန်ပြည်နယ်၌ ငြိမ်းချမ်းနေ၍ဖြစ်ပါကြောင်း ဆွေးနွေးသည်။

**သေချာနားလည်ထားမှ**

မိဇင်ဝင်းမွန် (လူငယ်ရေးရာကော်မတီဝင်+ငြိမ်းဖောင်ဒေးရှင်း) က ငြိမ်းချမ်းရေးတွင် ပြည်သူများ ပူးပေါင်းပါဝင်မှုနှင့်ပတ်သက်၍ ဆွေးနွေးရာတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ မိမိတို့လူငယ်များ အထိုက်အလျောက်ပါဝင်တာရှိပါကြောင်း၊ အရေးကြီးသည့်အခန်းကဏ္ဍများတွင် မိမိတို့လူငယ်များ ပါဝင်စေချင်ပါကြောင်း၊ မိမိတို့လူငယ်များ မငြိမ်းချမ်းရသည့်အကြောင်းရင်းများကို သေချာနားလည်ထားမှ မှန်ကန်သည့်ပါဝင်မှုများနှင့် လူငယ်များ ပါဝင်နိုင်မည်ဖြစ်ပါကြောင်း။

လူငယ်များသည် သမိုင်းမှန်ကို လေ့လာသင်ယူရန်လည်း လိုသည်ဟု မိမိအနေဖြင့် မြင်ပါကြောင်း၊ သမိုင်းမှန်ကို သင်ယူလေ့လာနိုင်မှသာလျှင် ဘာကြောင့်မငြိမ်းချမ်းရတာလဲ၊ ယင်းအကျိုးဆက်များကို မိမိတို့သိလာပါကြောင်း၊ သိလာလျှင် လူငယ်များအချင်းချင်းကြား ရင်းနှီးမှုတည်ဆောက်သည့်အခါ၊ အပြန်အလှန်နားလည်မှုများ တည်ဆောက်သည့်အခါ ပိုပြီးလျင်မြန်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်း။

**အမြဲမပြတ်ပါဝင်ခွင့်**

လူငယ်များကို ငြိမ်းချမ်းရေးနှင့် ပတ်သက်ပြီးတော့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာပဲဖြစ်ဖြစ်၊ ယခုလက်ရှိကျင်းပနေသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှာပဲဖြစ်ဖြစ်၊ တိုင်းရင်းသားလက်နက်ကိုင်များနှင့် ဆွေးနွေးညှိနှိုင်းနေသည့် လုပ်ငန်းစဉ်များမှာပဲဖြစ်ဖြစ် မိမိတို့လူငယ်များကို ဦးစားပေး စဉ်းစားပေးပြီး လေးလေးနက်နက်နှင့် အမြဲမပြတ်ပါဝင်ခွင့်ရရှိဖို့အတွက်လည်း မိမိအနေဖြင့် ဆန္ဒပြုပြီးတောင်းဆိုတာဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံတွင် လူငယ်မူဝါဒ ထွက်ရှိလာပြီဖြစ်ပါကြောင်း၊ မိမိတို့လူငယ်များအတွက် အမှန်တကယ်အသုံးဝင်သည့် စွမ်းရည်မြင့်သည့် အစီအစဉ်များ ပါဝင်ပါကြောင်း၊ ဒီမူဝါဒကို ထိထိရောက်ရောက် အကောင်အထည်ဖော်စေလိုပါကြောင်း။

မူးယစ်ဆေးဝါးနှင့်ပတ်သက်ပြီး မိမိတို့ပြည်နယ်တွင် မူးယစ်ဆေးဝါးသုံးစွဲသည့် လူငယ်အများအပြားရှိပါကြောင်း၊ "နောင်တစ်ချိန်မှာ တိုင်းပြည်ရဲ့ အနာဂတ် ဘာဖြစ်မလဲသိချင်ရင် ယနေ့လူငယ်တွေကိုကြည့်ပါ"ဆိုသည့်အတိုင်း လက်ရှိအခြေအနေကိုကြည့်မည်ဆိုလျှင် အနာဂတ်အတွက် မိမိအနေဖြင့် စိုးရိမ်မိပါကြောင်း၊ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုနှင့် ပတ်သက်ပြီး ထိထိရောက်ရောက်အရေးယူပေးရန်၊ လူငယ်များကို ပြန်လည်ထူထောင်သည့် အစီအစဉ်များ လုပ်ပေးစေချင်ပါကြောင်း ဆွေးနွေးသည်။

**အားလုံးအတွက်ရည်ရွယ်**

စောကျော်မိုး(စားသောက်ဆိုင်လုပ်ငန်း)က ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ဒေသခံတိုင်းရင်းသားတို့၏ ပါဝင်တည်ဆောက်မှုနှင့်ပတ်သက်၍ ဆွေးနွေးရာတွင် လက်ရှိငြိမ်းချမ်းရေးတည်ဆောက်နေမှုသည် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာရေး၊ တည်ဆောက်ရေးနှင့် ရည်ရွယ်ချက်မှာ ဒီမိုကရေစီရှင်သန်ကြီးပြင်းသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး တန်းတူညီမျှရှိသည့်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသည့် ပြည်ထောင်စုကြီးကို အားလုံးပိုင်ဆိုင်နိုင်ရေး၊ အားလုံး၏အကျိုးအတွက် ရည်ရွယ်ပြီး တည်ဆောက်နေသည်ဟု မိမိမြင်ပါကြောင်း။

**ကိုယ်တိုင် ထုဆစ်လာရန်**

မိမိတို့ သထုံမြို့နယ်သည် မွန်ပြည်နယ် ၁၀ မြို့နယ်အနက် ကရင်တိုင်းရင်းသားအများဆုံး မှီတင်းနေထိုင်သည့်ဒေသဖြစ်ပြီး ထိုအထဲမှ အများစုသည်လည်း စစ်ပွဲနှင့်ထိစပ်သည့်ဒေသများတွင် နေထိုင်ခဲ့ကြရပါကြောင်း၊ လောလောဆယ် ငြိမ်းချမ်းရေးတည်ဆောက်နေမှုဖြစ်စဉ်တွင် သူတို့ သိရှိနားလည်သဘောပေါက်ပြီး ပါဝင်ဆောင်ရွက်နေသည့်နှုန်းသည် မတွေ့ရသလောက်ဖြစ်ပါကြောင်း၊ ဒါက ရေရှည်ငြိမ်းချမ်းရေး တည်တံ့ရန်အတွက် အဓိကအခက်အခဲတစ်ခုဖြစ်နေပါကြောင်း၊ အကြောင်းရင်း ရှာသည့်အခါ အပစ်အခတ်ကာလများ အချိန်ကြာမြင့်စွာရှိခဲ့ပါကြောင်း၊ အခု အပစ်ရပ်ပြီး သုံးနှစ်တာကာလထဲရောက်လာကာ ငြိမ်းချမ်းရေး၏ အသီးအပွင့်များကို သူတို့ခံစားရ၍ ငြိမ်းချမ်းရေးကို သူတို့အနေဖြင့် ကြီးမားသည့် မက်လုံးတစ်ခုသဖွယ် မြတ်နိုးတန်ဖိုးထားနေမည်ဆိုလျှင် သူတို့ကိုယ်တိုင် ပါဝင်တည်ဆောက် ထုဆစ်လာရန် ဆွဲအားဖြစ်နိုင်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ မြို့ပေါင်း ၃၃၀ ရှိသည့်အထဲတွင် တစ်မြို့ချင်းစီ၌ ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် အသိပညာပေးရေးနှင့်ပတ်သက်ပြီး ကြားကာလမှာ တိုင်းရင်းသားဒေသများအတွက် ဖွံ့ဖြိုးရေး၊ ငွေ၊ မိုး၊ ဆောင်း သွားလာ၍ရသည့်လမ်းများ၊ သူတို့ဘဝ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးအတွက် အစီအမံများရှိသည်ကို သိရှိနားလည်သဘောပေါက်ရန် အစီအစဉ်များကို မြို့အလိုက်ဆောင်ရွက်စေလျှင် မိမိတို့အနေဖြင့် အမှန်တကယ်ပါဝင်ပြီး တစ်မြို့ချင်းစီကို စံပြလုပ်သွားစေလိုပါကြောင်း၊ မြို့ပေါင်း ၃၃၀ တွင် ကော်မတီများဖွဲ့၍ အချင်းချင်းပြန်ပြီး ကွန်ရက်များဖွဲ့၍ လုပ်သွားနိုင်မည်ဆိုလျှင် ရေရှည်စိတ်ပိုင်းဆိုင်ရာ ငြိမ်းချမ်းမည်၊ ငြိမ်းချမ်းရေးတည်ဆောက်မှုအပေါ် ယုံကြည်မှုများ ခိုင်မာပြီး ငြိမ်းချမ်းရေးကို အမြန်ဆုံးတည်ဆောက်နိုင်မည်ဟု ယူဆပါကြောင်း ဆွေးနွေးသည်။

**စဉ်းစားပေးစေလို**

မိယဉ်နွန်စွမ်း (ကျောင်းသူ၊ ဒုတိယနှစ်- ဥပဒေ)က ငြိမ်းချမ်းရေးနှင့် ဒေသအခြေအနေနှင့်ပတ်သက်၍ ဆွေးနွေးရာတွင် မွန်ပြည်နယ်၏ အဓိကထွက်ကုန်ဖြစ်သည့် ရော်ဘာကိစ္စဖြစ်ပါကြောင်း၊ အစိုးရအနေဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသည့်ကုမ္ပဏီများကို စိစစ်ရွေးချယ်ရာတွင် ရော်ဘာအတွက် ကုန်ချောထုတ်ပေးနိုင်သည့် ကုမ္ပဏီကို ခြံအလုပ်သမားများအတွက် စဉ်းစားပေးစေလိုပါကြောင်း၊ ဒီကိစ္စက တိုင်းပြည်ဝင်ငွေအတွက် တစ်ဖက်တစ်လမ်းက အထောက်အကူပြုနိုင်မည်ဟု ယုံကြည်ပါကြောင်း။

တိုင်းရင်းသားကလေးများ၏ ပညာရေးကိစ္စမှာ ဘာသာစကားနားမလည်သည့်ကိစ္စဖြစ်ပါကြောင်း၊ ယင်းအတွက် မိခင်ဘာသာစကားနှင့် သင်ကြားပေးရန် အစီအစဉ် ရှိ၊ မရှိ သိလိုပါကြောင်း၊ မွန်တိုင်းရင်းသားကလေးငယ်များ ပညာသင်ကြားရန်အတွက် မွန်ပြည်သစ်ပါတီက တည်ထောင်ထားသည့် မွန်အမျိုးသားကျောင်းများရှိပါကြောင်း၊ အစိုးရအနေဖြင့် ယင်းကျောင်းများကို ထောက်ပံ့မှုများပြုလုပ်ပြီး မွန်ပြည်နယ်ရှိ အခြားမြို့နယ်များပါ ဖွင့်လှစ်နိုင်အောင် စီစဉ်ပေးစေလိုပါကြောင်း။

နောက်တစ်ချက်မှာ စာပေနှင့် ယဉ်ကျေးမှု ထိန်းသိမ်းခြင်းဖြစ်ပါကြောင်း၊ ဒေသတစ်ခုသည် မငြိမ်းချမ်းလျှင် သူတို့၏ စာပေ၊ ယဉ်ကျေးမှုသည်လည်း မြင့်မားအဓွန့်ရှည်လာမည် မဟုတ်ပါကြောင်း၊ တိုင်းရင်းသားလူမျိုးများ၏ ဒေသတွင် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများလုပ်သည့်အခါ ဒေသခံပြည်သူများ နားလည်လက်ခံနိုင်အောင် ပွင့်လင်းမြင်သာမှုရှိစေပြီး ဒေသခံများအတွက် လုပ်ငန်း၏ အကျိုး၊ အပြစ်များကို ပြောပြစေလိုပါကြောင်း ဆွေးနွေးသည်။

ကိုထွန်းထွန်းလင်း(ကျောင်းဆရာ၊ ကိုယ်ပိုင်ကျောင်း)က ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီစနစ်နှင့်ပတ်သက်၍ ဆွေးနွေးရာတွင် ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်ဆိုတာ ဒီမိုကရေစီအရေးအတွက် အခြေခံအကျဆုံးလိုအပ်ချက်ဟု ယုံကြည်ပါကြောင်း၊ မငြိမ်းချမ်းလျှင် တရားဥပဒေစိုးမိုးမှုသည် ဘယ်နည်းနှင့်မျှ မဖြစ်နိုင်ပါကြောင်း၊ တရားဥပဒေစိုးမိုးမှုမရှိဘဲ ဒီမိုကရေစီအရေးသည် ဘယ်နည်းနှင့်မျှ အားကောင်းနိုင်မည် မဟုတ်ပါကြောင်း၊ တရားဥပဒေစိုးမိုးမှုဆိုတာ ဒီမိုကရေစီအတွက် အခြေခံအကျဆုံး ဒေါက်တိုင်ဟု ယုံကြည်ပါကြောင်း၊ ငြိမ်းချမ်းရေးတည်ဆောက်ကြသည့်အခါ ဒီမိုကရေစီအရေးက အရေးကြီးသလို အပြန်အလှန်အားဖြင့်လည်း ဒီမိုကရေစီမခိုင်မာဘဲ ငြိမ်းချမ်းရေးကို တိုင်းရင်းသားများဘက်ကလက်ခံရန် အနည်းအကျဉ်းအခက်အခဲရှိမည်ဟု ယူဆပါကြောင်း။

ငြိမ်းချမ်းရေးဖြစ်စဉ်နှင့်ပတ်သက်ပြီး လက်ရှိအစိုးရသွားနေသည့် NCA လမ်းကြောင်းအတိုင်း တိုင်းရင်းသားများအားလုံး ရဲရဲဝံ့ဝံ့ လျှောက်လှမ်းနိုင်ကြရန်လည်း ဆန္ဒပြုပါကြောင်း၊ အပစ်ရပ်ကြားကာလတွင် ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် တိုင်းရင်းသားဒေသများတွင် ပညာရေး၊ စီးပွားရေး၊ အလုပ်အကိုင်အခွင့်အလမ်းတိုးတက်လာရန်အတွက်လည်း အဓိကမျှော်လင့်ပြီး ပြောရခြင်းဖြစ်ပါကြောင်း၊ မွန်ပြည်နယ်မှာ လူဦးရေ နှစ်သန်းကျော်ရှိပြီး အရွယ်ကောင်းလုပ်နိုင်ကိုင်နိုင်သည့် လေးသိန်းကျော်သည် စားဝတ်နေရေးအတွက် ပြည်ပကိုထွက်ခွာပြီး အလုပ်လုပ်ကိုင်နေရသည့် အခြေအနေရှိပါကြောင်း။

ဒီမိုကရေစီအရေးတွင် ပြည်သူများအားလုံးပါဝင်မှသာ နောက်ဆုံးပန်းတိုင်ဖြစ်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် မော်လမြိုင်တက္ကသိုလ်ကို အဆင့်မြှင့်တင်ပေးရန် တောင်းဆိုပါကြောင်း၊ တက္ကသိုလ်များ အားကောင်းလာမှသာ လူနေမှုအဆင့်အတန်းများမြင့်လာပြီး စဉ်းစားတွေးခေါ်ပုံများ တိုးတက်လာမည်ဟု ယူဆပါကြောင်း၊

**စာမျက်နှာ ၈ သို့** ❑



**တက်ရောက်**

**နိုင်ငံတော်၏**
**အတိုင်ပင်ခံပုဂ္ဂိုလ်**
**ဒေါ်အောင်ဆန်းစုကြည်**
**မွန်ပြည်နယ် မော်လမြိုင်မြို့**
**မော်လမြိုင်တက္ကသိုလ်**
**ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပသည့်**
**ငြိမ်းချမ်းရေးစကားဝိုင်းသို့**
**တက်ရောက်စဉ်။**

# ပြည်တွင်းရေးရာ

❑ စာမျက်နှာ ၈ မှ

ခရီးသွားလုပ်ငန်းကို ဖွံ့ဖြိုးစေချင်ပါကြောင်း၊ တစ်နယ်နှင့်တစ်နယ် ကူးလူးဆက်ဆံမှု ယခုထက် ပိုအားကောင်းပြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာပါက တစ်ယောက်နှင့်တစ်ယောက်၏ ယဉ်ကျေးမှုဓလေ့စရိုက်၊ ယုံကြည်မှုများကို လေးစားလာပြီး တစ်ဦးပေါ်တစ်ဦး ယုံကြည်မှုများတိုးတက်လာမည်ဟု ယူဆပါကြောင်း ဆွေးနွေးသည်။

မိငွေလေး(မွန်စေတနာဖွံ့ဖြိုးရေးဖောင်ဒေးရှင်း၊ အထည်ဆိုင်လုပ်ငန်း)က ငြိမ်းချမ်းရေးနှင့် ပြည်သူပါဝင်မှုအခန်းကဏ္ဍကို ဆွေးနွေးရာတွင် တိုင်းရင်းသားများ အဓိကထားသည့် တံဆိပ်၊ သင်္ကေတများကိုလည်း ဝိုင်းဝန်းပြီး ထိန်းသိမ်းစောင့်ရှောက်စေချင်ပါကြောင်း။

အမျိုးသမီးများအနေဖြင့် ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်တွင် ထဲထဲဝင်ဝင်ပါချင်သည့် ဆန္ဒရှိပါကြောင်း၊ ဆုံးဖြတ်ချက်ချသည့်နေရာနှင့် ဦးဆောင်မှုအခန်းကဏ္ဍတွင်လည်း အမျိုးသမီးများပါဝင်မှုကိုလည်း နေရာတစ်နေရာထားပေးနိုင်မည်ဆိုလျှင် ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးကို သွားနိုင်မည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးနှင့်ဆိုင်သည့်ကိစ္စရပ်များ အများကြီး လှုပ်ရှားနိုင်ရန်အတွက် သီးသန့်ရန်ပုံငွေထားပေးရန် တောင်းဆိုချင်ပါကြောင်း ဆွေးနွေးသည်။

ဆွေးနွေးမှုများနှင့်ပတ်သက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် ငြိမ်းချမ်းရေးကို လူတိုင်းလိုချင်တယ်ဆိုရင် ဘာဖြစ်လို့ကမ္ဘာကြီးမှာ ဒီလောက်ပဋိပက္ခတွေများနေလဲဆိုတာ ပြန်ပြီးစဉ်းစားရမည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းတဲ့နည်းနဲ့ ကိုယ်လိုချင်တဲ့အရာတွေကို ရအောင်လုပ်ဖို့အတွက်၊ ကိုယ့်ဆန္ဒတွေကို ဖြည့်ဆည်းဖို့အတွက် အရည်အချင်းတွေကို တိုးပွားအောင်လုပ်ရမည် ဖြစ်ပါကြောင်း၊ လူတိုင်းလူတိုင်းလည်း လုပ်ရမည်၊ အစိုးရကလည်း ကူညီရမည်ဖြစ်ပါကြောင်း၊ အစိုးရဆိုသည်မှာ နိုင်ငံသူနိုင်ငံသားတွေရဲ့ အကျိုးကို ထမ်းဆောင်ဖို့၊ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးဖို့ဖြစ်ပါကြောင်း၊ သို့သော် နိုင်ငံတစ်နိုင်ငံမှာ အဓိကက ပြည်သူလူထုပင်ဖြစ်ပါကြောင်း၊ အစိုးရဘယ်လောက်ကောင်းကောင်း ပြည်သူလူထုမပါရင် မရပါကြောင်း၊ ပြည်သူလူထုက အဓိကဖြစ်ပါကြောင်း၊ ပြည်သူလူထု၏ စိတ်ဓာတ်၊ ဉာဏ်စွမ်းအား၊ အရည်အချင်းအားလုံးမြှင့်တင်ဖို့ လိုပါကြောင်း။

## အလုပ်အကိုင်ဖန်တီးရေး

မိမိတို့နိုင်ငံမှာ အသက်မွေးဝမ်းကျောင်းပညာရေးကိုအားပေးဖို့ အများကြီး လိုပါကြောင်း၊ အသက်မွေးဝမ်းကျောင်းပညာရေးဆိုတာ ပညာသင်ပြီးတာနဲ့ အလုပ်ရရမည်၊ အလုပ်မရှိဘူးဆိုရင် ဝင်ငွေမရှိတာက တစ်ဖက်၊ စိတ်လေနေလို့ ရပ်ရွာရဲ့တည်ငြိမ်အေးချမ်းမှုကို ထိခိုက်စေတဲ့အပြုအမူတွေ ပေါ်လာတာက တစ်ဖက်၊ အဲဒါကြောင့် အလုပ်အကိုင်ဖန်တီးရေးဟာ အင်မတန်မှ အရေးကြီးပါကြောင်း။

တက္ကသိုလ်ပညာရေးကို မိမိတို့ အလေးမထားခြင်း မဟုတ်ပါကြောင်း၊ သို့သော်လည်း အသက်မွေးဝမ်းကျောင်းပညာရေးဟာ တက္ကသိုလ်ပညာရေးနဲ့ တန်းတူတန်ဖိုးရှိတယ်ဆိုတာ မိမိတို့ ပြည်သူပြည်သားတွေ နားလည်ဖို့လိုပါကြောင်း၊ ကမ္ဘာပေါ်မှာ အတိုးတက်ဆုံး နိုင်ငံတွေထဲမှာပါတဲ့ ဆွစ်ဇာလန်၊ ဆွီဒင်၊ ဂျာမနီတို့တွင် အသက်မွေးဝမ်းကျောင်းပညာရေးစနစ်က အင်မတန်မှ တိုးတက်ပါကြောင်း၊ တက္ကသိုလ်ပညာရေးနဲ့ တန်းတူညီတူ အဆင့်ရှိပါကြောင်း၊ အဲဒီအခြေအနေဖြစ်အောင် မိမိတို့စပြီး ကြိုးစားနေပြီဖြစ်ပါကြောင်း။

## တီထွင်ဉာဏ်အရေးကြီး

မွန်ပြည်နယ်တွင် ရော်ဘာပြဿနာတစ်ခုတည်းတင် မဟုတ်ပါကြောင်း၊ ရော်ဘာအရည်အချင်းမမီတာလည်းပါကြောင်း၊ နိုင်ငံတကာရဲ့ ရော်ဘာနဲ့စာရင် အရည်အချင်းက မြင့်သင့်သလောက်မမြင့်တဲ့ ပြဿနာလည်းပါကြောင်း၊ အချောကုန်အဖြစ် မလုပ်နိုင်တဲ့ အခြေအနေလည်းပါပါကြောင်း၊ အဲဒါကြောင့် တီထွင်ဉာဏ်က အရေးကြီးပါကြောင်း၊ ရော်ဘာအရည်အချင်း မြှင့်တင်ဖို့ဆိုတာ အဓိကအားဖြင့် အစိုးရရဲ့တာဝန်ဖြစ်ကြောင်း၊ အစိုးရရဲ့တာဝန်ဖြစ်တယ်ဆိုတာဟာ သင်ကြားရေးတွေ၊ အရည်အချင်းမြှင့်တင်ရေးသင်တန်းတွေ၊ နောက်ပြီး ဈေးကွက်လည်း ရှာပေးရမှာဖြစ်ပါကြောင်း၊ သို့သော် ဈေးကွက်စီးပွားရေးစနစ်ကိုသွားရာမှာ ဒီဟာတွေအားလုံးအတွက် အစိုးရကို အားကိုးနေလို့မဖြစ်ပါကြောင်း၊ လျှပ်စစ်ဓာတ်အားရရှိရေးကို မိမိတို့ အတတ်နိုင်ဆုံး လုပ်နေပါကြောင်း၊ မူးယစ်ဆေးဝါးဟာ ဒီနိုင်ငံမှာ အင်မတန်မှကြီးမားတဲ့ အန္တရာယ်ကြီးဖြစ်လာပါကြောင်း။

ပြည်သူတွေကနေပြီးတော့ ဆေးရုံ၊ ဆေးခန်းကို အားကိုးလာတယ်၊ လူနာတွေ ပိုများလာတယ်ဆိုတာ တစ်ဖက်ကနေကြည့်ရင် ဝမ်းသာစရာဖြစ်ပါကြောင်း၊ အရေးအကြီးဆုံးကဏ္ဍသည် ပြည်သူ့ကျန်းမာရေးကဏ္ဍဖြစ်ပါကြောင်း၊ ပြည်သူတွေဟာ ကျန်းမာရေးအသိရှိရင်၊ ကျန်းမာရေးဝန်ထမ်းတွေကလည်း ကျန်းမာရေးအသိပညာပေးနိုင်ရင် ဆေးရုံသွားဖို့လိုတဲ့နှုန်းက ကျသွားပါကြောင်း၊ မော်တော်ဆိုင်ကယ် တိုက်တာ၊ ကားတိုက်တာတွေကို ယာဉ်စည်းကမ်းအရတစ်ဖက်ကလည်း ကြပ်ကြပ်မတ်မတ်ကိုင်တွယ်ပြီး တစ်ဖက်ကလည်း ကိုယ့်စည်းကမ်းကိုယ်ထိန်းရင် ဆေးရုံသွားရတဲ့နှုန်း ကျလာမည်ဖြစ်ပါကြောင်း၊ မော်တော်ဆိုင်ကယ်စီးရင် ဘာလို့ဦးထုပ်ဆောင်းဖို့လိုသလဲဆိုရင် ဦးထုပ်မဆောင်းတဲ့သူ သေပျောက်တဲ့နှုန်းနဲ့ ဦးထုပ်ဆောင်းတဲ့သူ သေပျောက်တဲ့နှုန်းက အများကြီးကွာပါကြောင်း၊ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုက ပညာပေးနဲ့ လုပ်ခြင်းဖြစ်ပါကြောင်း။

နောက်တစ်ခုက ကိုယ်လက်သန့်ရှင်းရေးဖြစ်ပါကြောင်း၊ ရောဂါမကူးစက်အောင် ဘယ်လိုနေရမယ်၊ ဘယ်လိုထိုင်ရမယ်၊ ကိုယ့်ပတ်ဝန်းကျင်ကို ဘယ်လိုထိန်းသိမ်းရမယ် ဒီလိုပညာတွေများလာတာနဲ့အမျှ ဆေးရုံသွားရတဲ့နှုန်းက နည်းလာမည်ဖြစ်ပါကြောင်း၊ တစ်ချိန်တည်းမှာပဲ ဝန်ထမ်းတွေလိုအပ်တယ်ဆိုတာသိပါကြောင်း၊ ပညာရေးဝန်ကြီးဌာနက စီမံခန့်ခွဲမှုအရ သူနာပြုဆရာမများ မွေးထုတ်ပါကြောင်း၊ သူနာပြုတွေများလာတဲ့အခါ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်ပါကြောင်း။

နေရာတကာ သွားလေရာ အမှိုက်ပစ်တဲ့သူဟာ ကိုယ့်တန်ဖိုးကို ကိုယ်ပြတာဖြစ်ပြီး ကိုယ့်ရဲ့ပတ်ဝန်းကျင်ကိုလည်း တန်ဖိုးမထားရာရောက်ကြောင်း၊ ကိုယ့်ပတ်ဝန်းကျင်ကို တန်ဖိုးမထားတာဟာ ကိုယ်နေတဲ့နိုင်ငံကြီးကို တန်ဖိုးမထားတာဖြစ်ပါကြောင်း၊ အဲဒီလို အသေးအဖွဲလေးတွေကအစ တာဝန်သိစိတ်နဲ့ နေရမည်ဖြစ်ကြောင်း၊ မိမိကိုယ်ကို တန်ဖိုးရှိချင်ရင် ကိုယ့်ပတ်ဝန်းကျင်ကို တန်ဖိုးရှိအောင်ထားရမည် ဖြစ်ပါကြောင်း၊ ကိုယ့်ရဲ့အသိုင်းအဝိုင်းအတွင်းမှာ စိတ်ဓာတ်တွေပြောင်းဖို့ဆိုတာ ကိုယ့်စိတ်ဓာတ်ကို ပထမဆုံးပြောင်းရမည်ဖြစ်ပါကြောင်း။

မိမိအနေနဲ့ လူငယ်တွေကို ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး ထဲထဲဝင်ဝင်လေးလေးနက်နက်သိစေချင်ပါကြောင်း၊ မငြိမ်းချမ်းရတဲ့ အကြောင်းအရင်းတွေကို လူငယ်တွေသေချာနားလည်ထားမှ မှန်ကန်တဲ့ပါဝင်မှုတွေနဲ့ ပါဝင်နိုင်မှာဖြစ်ပါကြောင်း။

မိမိတို့လူငယ်တွေသည် သမိုင်းမှန်ကို လေ့လာသင်ယူဖို့လည်း လိုတယ်လို့ မိမိအနေနဲ့ မြင်ပါကြောင်း၊ သမိုင်းမှန်ကိုသင်ယူလေ့လာနိုင်မှသာလျှင် ဘာကြောင့် မငြိမ်းချမ်းရတာလဲ။ ဒီအကျိုးဆက်တွေ မိမိတို့သိလာပါကြောင်း၊ သိလာမှပဲ လူငယ်တွေအချင်းချင်းကြားမှာ ရင်းနှီးမှုတည်ဆောက်တဲ့အခါမှာ၊



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး

အပြန်အလှန်နားလည်မှုတွေ တည်ဆောက်တဲ့အခါမှာ ပိုပြီးတည်ဆောက်မှုများ လျင်မြန်မည်ဟုလည်း မိမိယုံကြည်ပါကြောင်း။

## မြို့နယ် ၃၃၀

မြို့နယ် ၃၃၀ တွင် ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် ပညာပေးဆွေးနွေးပွဲတွေ လုပ်ဖို့ဆိုသည်မှာ မခက်ခဲပါကြောင်း၊ ပြည်နယ်အစိုးရနဲ့တိုင်ပင်၍ သက်ဆိုင်ရာ NRPC ထဲမှ တာဝန်ယူထားတဲ့ ပုဂ္ဂိုလ်တွေနဲ့ တိုင်ပင်ပြီးလုပ်ပေးဖို့ ကြိုးစားမည်ဖြစ်ပါကြောင်း။

ဖွံ့ဖြိုးရေးအတွက်လုပ်တဲ့အခါမှာ NCA စာချုပ်ထဲမှာပါတာရော၊ နိုင်ငံရဲ့စည်းမျဉ်း စည်းကမ်း၊ ဥပဒေ၊ မူဘောင်အတွင်းကရော နှစ်ခုစလုံးနဲ့ ကိုက်ညီဖို့က အင်မတန်မှလိုအပ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းတို့၊ လျှပ်စစ်တို့ကျတော့ အစိုးရကပဲ လုပ်ရတာဖြစ်ပါကြောင်း၊ ဒါက ငြိမ်းချမ်းရေးအတွက် သက်သက်လုပ်တာမဟုတ်ဘဲ ငြိမ်းချမ်းရေးရဲ့ အသီးအပွင့်တစ်ခုအနေနဲ့ ဒါတွေကိုလုပ်ပေးနိုင်တဲ့ အခြေအနေ၊ အနေအထားကို ရောက်သွားတာဖြစ်ပါကြောင်း၊ ငြိမ်းချမ်းမှုမရှိဘဲ၊ တည်ငြိမ်မှုမရှိဘဲ ဒီလိုလုပ်ဖို့ဆိုတာတော့ မဖြစ်နိုင်ပါကြောင်း၊ ဒါကြောင့် ငြိမ်းချမ်းတည်ငြိမ်သွားပြီဆိုတာနဲ့ ဒါတွေက ဖြစ်မြောက်လာတာဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးရတဲ့အခါမှာ တချို့အဖွဲ့အစည်းတွေကနေပြီးတော့ စီးပွားရေးလုပ်ငန်းတွေကို လုပ်ချင်ကြကြောင်း၊ အဲဒါတွေကလည်း ဥပဒေဘောင်အတွင်းက ဖြစ်ရမည်ဖြစ်ကြောင်း၊ ဥပဒေဘောင်အတွင်းက မဟုတ်တဲ့ကိစ္စတွေကိုတော့ ဘယ်သူ့ကိုမှ လုပ်ခွင့်မပေးပါကြောင်း။

## လုပ်ပုံလုပ်နည်း မှန်ကန်ရမည်

ငြိမ်းချမ်းရေးအတွက် လုပ်တဲ့ကိစ္စတွေ အားလုံးကလည်း တရားဥပဒေဘောင်အတွင်းက ဖြစ်ရမည်ဖြစ်ပါကြောင်း၊ တရားဥပဒေစိုးမိုးရေးကို မထိခိုက်ဘဲလုပ်ရန် အရေးကြီးပါကြောင်း၊ ငြိမ်းချမ်းရေးအဖွဲ့တွေနဲ့ အစိုးရနဲ့ ညှိနှိုင်းပြီးတော့ ပူးပေါင်းဆောင်ရွက်ဖို့က အင်မတန်မှ အရေးကြီးပါကြောင်း၊ ဒေသခံတွေက ကိုယ့်ဒေသတစ်ခုတည်းကိုပဲ ကြည့်ဖို့လိုပါကြောင်း၊ ဒါပေမယ့် အစိုးရအဖွဲ့ကတော့ တစ်တိုင်းပြည်လုံးကို ကြည့်ရပါကြောင်း၊ လမ်းတွေဖောက်ပေးဖို့၊ လျှပ်စစ်မီးရအောင်လုပ်ပေးဖို့ တစ်တိုင်းပြည်လုံးက တောင်းဆိုနေပါကြောင်း၊ အားလုံးကနေတောင်းဆိုနေတဲ့အခါ မျှတအောင် မိမိတို့က လုပ်ပေးရပါကြောင်း၊ စီးပွားရေးအရလုပ်တယ်ဆိုတာ စကတည်းက စီးပွားရေးလုပ်ပုံလုပ်နည်းက မှန်ကန်ရမည်ဖြစ်ပါကြောင်း။

တရားဥပဒေအရ ခွင့်မပြုထားတဲ့နည်းနဲ့တော့ လုပ်လို့မရပါကြောင်း၊ တစ်ယောက်နဲ့တစ်ယောက်ထိတွေ့မှု အရေးကြီးပါကြောင်း၊ တစ်ချိန်လုံးထိတွေ့နေရပါမယ်၊ ညှိနှိုင်းနေရမယ်၊ တိုင်ပင်နေရပါမယ်။ နောက်တစ်ဖက်က လိုအပ်ချက်က ဘယ်လိုရှိတယ်။ တစ်ဖက်က ဒါကိုဘယ်လို ဖြည့်ဆည်းပေးနိုင်လဲ။ ၁၀၀ ရာခိုင်နှုန်း မဖြည့်ဆည်းပေးနိုင်ရင် ဘယ်လိုပုံစံနဲ့ အကောင်းဆုံးဖြစ်အောင် ဖြည့်ဆည်းပေးမလဲဆိုတာ ဒါညှိနှိုင်းဆွေးနွေးရပါမယ်။ အဲဒီနိုင်ငံရေးယဉ်ကျေးမှုကို ယုံကြည်ပြီဆိုရင် မိမိတို့နိုင်ငံရဲ့ ငြိမ်းချမ်းရေးဟာ ခိုင်မာပြီပဲဖြစ်ပါကြောင်း၊ ညှိနှိုင်းဆွေးနွေးခြင်းအားဖြင့် အဖြေရှာလို့ရတယ်ဆိုတဲ့ ယုံကြည်မှုရှိအောင်လုပ်ဖို့ အားလုံးမှာတာဝန်ရှိပါကြောင်း။

ငြိမ်းချမ်းရေးမရှိသရွေ့ စစ်ရှောင်ရှိနေမည်ဖြစ်ပါကြောင်း၊ စစ်ရှောင်တွေကို ကူညီဖို့၊ စစ်ရှောင်ဆိုတဲ့သဘောတရားကိုက မိမိတို့ရပ်ရွာမတည်ငြိမ်လို့ ထွက်ခဲ့ရတာဖြစ်ပါကြောင်း၊ ကိုယ့်ရပ်ကိုယ့်ရွာမှာနေရတာနဲ့ တခြားစစ်ရှောင်စခန်းမှာ နေရတာဘာမှမတူပါကြောင်း၊ စစ်ရှောင်စခန်းတွေမှာလည်း လိုအပ်တဲ့အကူအညီတွေပေးနိုင်ဖို့ ကြိုးစားပါကြောင်း၊ စစ်ရှောင်မရှိရန် စစ်ဖြစ်စေတဲ့ အခြေခံအကြောင်းရင်းတွေကို ဖယ်ရှားဖို့ အင်မတန်မှ အရေးကြီးပါကြောင်း။

ယဉ်ကျေးမှုထိန်းသိမ်းဖို့ဆိုရာမှာ အစိုးရက အတိုင်းအတာတစ်ခုအထိ လုပ်ပေးနိုင်ပါကြောင်း၊ ကိုယ့်ယဉ်ကျေးမှုကို ကိုယ်တန်ဖိုးထားမှ ဒီယဉ်ကျေးမှုကို ထိန်းသိမ်းလို့ရတာဖြစ်ပါကြောင်း၊ ကမ္ဘာမှာ ကိုယ့်ယဉ်ကျေးမှုကို ထိန်းသိမ်းတဲ့ ပုဂ္ဂိုလ်တွေက ဘယ်သူတွေလဲဆိုတော့ အောင်မြင်တဲ့သူတွေပင် ဖြစ်ပါကြောင်း၊ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးက အောင်မြင်တယ်ဆိုရင် ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားရမှန်း သိပါကြောင်း၊ မိမိတို့ရဲ့ ယဉ်ကျေးမှုတန်ဖိုးတွေဟာ အာနိသင်ရှိပါလားဆိုတဲ့ ယုံကြည်ချက်တွေရှိလာတဲ့အခါ တစ်ဦးချင်း တစ်ဦးချင်းက ကိုယ့်ယဉ်ကျေးမှုကို ထိန်းသိမ်းသွားချင်တဲ့ စိတ်ဓာတ်ဖြစ်လာပါကြောင်း။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ဖို့ ကိစ္စ၊ မိမိတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲဝင်ကတည်းက မူဝါဒ တစ်ခုအနေနဲ့ ဆုပ်ကိုင်ထားပါကြောင်း၊ ဆက်ပြီးတော့ လုပ်သွားမှာဖြစ်ပါကြောင်း၊ အဲဒါနဲ့ ပတ်သက်လို့ ၂၀၁၄ ခုနှစ် လွှတ်တော်အတွင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေး ဆွေးနွေးပွဲတွေ လုပ်တုန်းက မိမိတို့ ဘယ်လိုပုံစံနဲ့သွားမလဲဆိုတာကို ချပြထားပြီးသားဖြစ်ပါကြောင်း၊ ဥပဒေဘောင်အတွင်းက အေးအေးချမ်းချမ်းနဲ့ ပြည်သူလူထုကို မထိခိုက်တဲ့နည်းတွေကိုသုံးပြီးတော့ မိမိတို့လိုချင်တဲ့ ပြောင်းလဲမှုတွေကို ရအောင်လုပ်မယ်၊ တစ်ဆင့်ပြီးတစ်ဆင့်လုပ်မယ်၊ ဆွေးနွေးညှိနှိုင်းတဲ့နည်းကိုသုံးပြီး လုပ်သွားမယ်



မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ

ဆိုတာကို မူတွေနဲ့ချထားပါကြောင်း၊ မူအနေနဲ့ ချထားပြီးရုံမက မူအနေနဲ့လည်း ကျင့်သုံးပါကြောင်း၊ ဒီမိုကရေစီရဖို့ဆိုတာ နေ့ချင်းညချင်း မဖြစ်နိုင်သလို ဒီမိုကရေစီခိုင်မြဲအောင် လုပ်ဖို့ဆိုတာလည်း အချိန်ယူရပါကြောင်း။

## တော်တော်ကြာကြာ တည်ဆောက်ရ

ဒီမိုကရေစီလုံးဝရသွားပြီလို့ ပြောလို့ရတဲ့ နိုင်ငံတချို့မှာ ရွေးကောက်ပွဲတစ်ခုတည်းနဲ့ တစ်ခါတည်း ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ပြီးတော့ ဒီမိုကရေစီနိုင်ငံ သွင်းလိုက်တယ်ဆိုပေမယ့် တကယ်ပဲ နေ့ချင်းညချင်း ဒီမိုကရေစီရဲ့ အကျိုးအမြတ်တွေ၊ အသီးအပွင့်တွေ ခံစားပိုင်ခွင့်ရလားဆိုတော့ မရပါကြောင်း၊ တော်တော်ကြာကြာ စောင့်ရပါကြောင်း၊ တော်တော်ကြာကြာ တည်ဆောက်ရပါကြောင်း။

ဒီမိုကရေစီဆိုတာ ကိုယ့်ရဲ့အခွင့်အရေးတွေကို တန်ဖိုးထားသလို သူများရဲ့ အခွင့်အရေးကိုလည်း တန်ဖိုးထားရမည်၊ ကိုယ့်ရဲ့တာဝန်ကိုလည်း အလေးအနက်ထားရမည်၊ မတူတဲ့စိတ်သဘောထားတွေတော့ ရှိမှာဖြစ်ပါကြောင်း၊ မတူကွဲပြားတာတွေကို လူကြီးလူကောင်းပီပီ ဆွေးနွေးပြီး အဖြေရှာနိုင်ရမည်ဖြစ်ကြောင်း၊ ဒါဟာ ဒီမိုကရေစီမှာတင်မဟုတ်ဘဲ နေ့စဉ် လူလူချင်းဆက်ဆံတဲ့ အခါမှာလည်း ဒီအတိုင်းပဲ ဖြစ်ရမည်ဖြစ်ကြောင်း၊ မတူကွဲပြားမှုအပေါ် အခြေခံဆွေးနွေးပြီး အများအကျိုးအတွက် တူညီတဲ့ဆုံးဖြတ်ချက်တွေ ချနိုင်ခြင်းဆိုတာ ဒီမိုကရေစီရဲ့ အရေးအကြီးဆုံးလုပ်ငန်းတစ်ခုပဲ ဖြစ်ပါကြောင်း။

ယဉ်ကျေးမှုနဲ့ပတ်သက်ပြီးပြောရရင် နာမည်ကိစ္စမှာ မင်းတို့၊ မိတို့ကတော့ မိမိ အတိုင်းအတာတစ်ခုထိ နားလည်နိုင်ပါကြောင်း၊ မိမိအမြင်တွင် ခွဲခြားဆက်ဆံတဲ့သဘော မဟုတ်ပါကြောင်း၊ အထူးသဖြင့် မငယ်တော့တဲ့ အမျိုးသမီးတစ်ယောက်ကို ရှေ့ကဒေါ်မထည့်တဲ့အခါကျတော့ တစ်မျိုးဖြစ်နေပါကြောင်း၊ မွန်ယဉ်ကျေးမှုကိုသိတဲ့သူတွေက မိငွေလေးလို့ပဲခေါ်ပြီး မွန်ယဉ်ကျေးမှုအကြောင်း သိပ်မသိသေးတဲ့သူတွေကတော့ မိငွေလေးလို့ခေါ်ရင် ရိုင်းရာကျမယ်ဆိုပြီး ဒေါ်မိငွေလေး၊ မမိငွေလေးလို့ခေါ်ရင် ခေါ်လိမ့်မယ်ဖြစ်ပါကြောင်း၊ ဒါကတော့ မွန်ယဉ်ကျေးမှုကို တိုက်ခိုက်ချင်လို့ မဟုတ်ဘဲ သူတို့နားလည်သလို ခေါ်တာဖြစ်ပါကြောင်း၊ ဒါကြောင့် မိမိတို့ တိုင်းရင်းသားတွေဟာ မတူတဲ့ယဉ်ကျေးမှုတွေ အားလုံးစုပေါင်းပြီးနေထိုင်ရင် အဘက်ဘက်က နားလည်မှုတော့ပေးဖို့လိုပါကြောင်း၊ နှိမ်သည့်သဘောမဟုတ်ပါကြောင်း၊ အမျိုးသမီးတွေ ငြိမ်းချမ်းရေးတွင် ပါဝင်ရေးနဲ့ပတ်သက်ပြီး အမျိုးသမီးငြိမ်းချမ်းရေးတွင် ပါဝင်ရမည်ဖြစ်ပါကြောင်း၊ စစ်ဖြစ်တဲ့နိုင်ငံတွေမှာ၊ ငြိမ်းချမ်းရေးဆုံးရှုံးတဲ့ လူ့အသိုင်းအဝိုင်းတွေမှာ ပထမဆုံးထိခိုက်တာ အမျိုးသမီးတွေနဲ့ ကလေးတွေဆိုတာ တစ်ကမ္ဘာလုံးက အသိအမှတ်ပြုထားတဲ့ကိစ္စဖြစ်ပါကြောင်း၊ ဒါကြောင့် ငြိမ်းချမ်းရေးဟာ အမျိုးသမီးတွေအတွက် အရေးကြီးပါကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် အွန်လိုင်းမှတစ်ဆင့် မေးမြန်းသည့် မေးခွန်းသုံးခုကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြန်လည်ဖြေကြားသည်။

ဆွေးနွေးပွဲတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက မွန်ပြည်နယ် မော်လမြိုင်တွင် CT-Scan ပျက်နေပါကြောင်း၊ ထို့အတွက် သိန်း ၃၇၀ တောင်းပါကြောင်း၊ သိန်း ၃၇၀ တောင်းသည့်စာသည် နည်းနည်းကြာမှ ရောက်လာပါကြောင်း၊ ရောက်သည်နှင့် ခွင့်ပြုပေးလိုက်ပါကြောင်း၊ မိမိတို့နိုင်ငံမှာ တစ်နှစ်တစ်နှစ်ကို စက်ပြင်ဆင်စရိတ် အများကြီးကုန်ပါကြောင်း၊ ဒုက္ခရောက်ပါကြောင်း၊ မိမိဒီနေရာမှနေပြီး တစ်ခု တောင်းဆိုချင်ပါကြောင်း၊ မတော်တဆမှုဖြစ်ပွားသော လူနာတစ်ယောက် ဦးထုပ်မဆောင်းဘဲရောက်လာပါက ဦးနှောက်ခွဲစိတ်ဆရာဝန်၊ အထူးကုဆရာဝန်၊ အထွေထွေအထူးကုဆရာဝန်နဲ့ စာမျက်နှာ ၉ သို့ ○

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မွန်ပြည်နယ်သို့ သွားရောက်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မွန်ပြည်နယ် မော်လမြိုင်မြို့သို့ ရောက်ရှိရာ ဒေသခံ ကလေးငယ်များက ပန်းစည်းကမ်း၍ ကြိုဆိုစဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ချောင်းဆုံဒေသထွက် လက်မှုပစ္စည်းများကို ကြည့်ရှုအားပေးစဉ်။

**မော်လမြိုင် ဇွန် ၁၄**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်နှင့် ဒေါက်တာ မြင့်ထွေး၊ ဒုတိယဝန်ကြီး ဦးမင်းသူနှင့်အတူ ယနေ့နံနက် ၈ နာရီခွဲတွင် မွန်ပြည်နယ် မော်လမြိုင်မြို့သို့ ရောက်ရှိရာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါ်တင်အိ၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဖွဲ့ဝင်များနှင့်အတူ မော်လမြိုင်မြို့ရှိ သမိုင်းဝင် ကျိုက်သလွံ စေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး စေတီတော် ပရိဝုဏ်အတွင်းရှိ ရှေးဟောင်းဘုရား ရုပ်ပွားတော်များကို လှည့်လည်ကြည်ညို၍ စေတီတော်ရင်ပြင်တော်ရှုရပ်မှ မော်လမြိုင်မြို့နှင့် အနီးပတ်ဝန်းကျင်ကို ကြည့်ရှုလေ့လာသည်။

ထို့နောက် စေတီတော် ပရိဝုဏ်အတွင်းရှိ ဝိသာခါ တန်ဆောင်း၌ ကျိုက်သလွံစေတီတော် ဘဏ္ဍာထိန်း ဂေါပက အဖွဲ့၏ ဩဝါဒါစရိယ မော်လမြိုင်မြို့ မောင်ငံရပ် နတ်မှော်ကျောင်းဆရာတော် ဘဒ္ဒန္တသုမန အမှူးပြုသော ဆရာတော်များကို ဖူးမြော်ကြည်ညို၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ် လှူဒါန်းသည်။

ယင်းနောက် မော်လမြိုင်တက္ကသိုလ်၌ ကျင်းပသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် မွန်ပြည်နယ် ဒေသခံပြည်သူများ စကားဝိုင်းသို့ တက်ရောက်သည်။

ငြိမ်းချမ်းရေးစကားဝိုင်းအပြီးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဘက်စုံခန်းမရှေ့၌ ခင်းကျင်းပြသထားသည့် မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ဒေသထွက် ဆေးတံ၊ ကျောက်သင်ပုန်း၊ သစ်သားဘောပင်နှင့် သစ်သားတုတ်ကောက် စသည့်လက်မှုပစ္စည်းများကို ကြည့်ရှုအားပေးရာ ဒေသခံများက ကျောက်သင်ပုန်းလက်ဆောင်ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် မုဒုံမြို့နယ်၏ ရိုးရာရက်ကန်းစင်မှ မုဒုံစောင်ရက်လုပ်နေမှုနှင့် ရိုးရာရက်ကန်း အထည်များကို ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မွန်ပြည်နယ် အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ မွန်ပြည်သစ်ပါတီ အဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒေါက်တာမြင့်ထွေးနှင့် နိုင်သက်လွင်၊ ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ မွန်ပြည်သစ်ပါတီမှဥက္ကဋ္ဌ နိုင်ထောမွန်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံစဉ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ မွန်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၊ မွန်ပြည်သစ်ပါတီ ဥက္ကဋ္ဌ နိုင်ထောမွန်နှင့် ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့ဝင် ဒေါက်တာအောင်ထွန်းသက်တို့က ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ညှိနှိုင်းရေးကော်မတီဖွဲ့စည်းရေး၊ စီးပွားရေးလုပ်ငန်းများကို Public Private Partnership (PPP) ဆောင်ရွက်ရန်အတွက် ညှိနှိုင်းရေးကော်မတီဖွဲ့စည်းရေးကိစ္စများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။ တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ညှိနှိုင်းပေါင်းစပ်ပေးပြီး လမ်းညွှန်အမှာစကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြည်ထောင်စုဝန်ကြီးများ၊ မွန်ပြည်နယ် အစိုးရအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် မော်လမြိုင်မြို့မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

**သတင်းစဉ်**




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မွန်ပြည်သစ်ပါတီ အဖွဲ့ဝင်များနှင့် တွေ့ဆုံစဉ်။

○ စာမျက်နှာ ၈ မှ

သူနာပြုတွေအလုပ်ရှုပ်မည်၊ တိုင်းပြည်မှာလည်း ပိုက်ဆံကုန်သည့်အတွက် တောင်းဆိုချင်သည်မှာ ဦးထုပ်ဆောင်းဖို့ဖြစ်ပါကြောင်း၊ လမ်းစည်းကမ်းကို သေချာလိုက်နာလျှင် မတော်တဆမှုဖြစ်ပွားသော လူနာအလွန်နည်းပါးသွားမည်ဖြစ်ပါကြောင်း၊ လမ်းစည်းကမ်းကို တင်းကျပ်မည်ဆိုပါက အကျိုးရှိမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူ သုံးဦးက မော်လမြိုင်ဆေးရုံ အဆင့်မြှင့်တင်ရေး၊ ကျိုက္ခမီမြို့ ဝန်ထမ်းအိမ်ရာကိစ္စ၊ ရေထိန်းသိမ်းမှုနှင့် တံတားကိစ္စတို့နှင့် ပတ်သက်၍မေးမြန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် ပြည်နယ်ဝန်ကြီးများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

အဆိုပါ ငြိမ်းချမ်းရေးစကားဝိုင်းသို့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ငြိမ်းချမ်းရေးကော်မရှင် ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်၊အမျိုးသားလွှတ်တော်နှင့် မွန်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ငြိမ်းချမ်းရေးစကားဝိုင်းများကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် လူငယ်များစကားဝိုင်း၊ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ရှမ်းပြည်နယ် ပင်လုံမြို့၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တိုင်းရင်းသားများ၏ ပင်လုံငြိမ်းချမ်းရေးစကားဝိုင်း၊ ၂၀၁၇ ခုနှစ် ဧပြီ ၁၁ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန - ၂ ၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကျေးလက်တောရွာနေလူငယ်များ စကားဝိုင်း၊ ၂၀၁၇ ခုနှစ် ဩဂုတ် ၈ ရက်တွင် မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် မြေတိုင်ကန်ကျေးရွာ သီဟာရာမ ဘုန်းတော်ကြီးကျောင်း၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် မြေတိုင်ကန်ကျေးရွာမှ ကျေးရွာသားများ ငြိမ်းချမ်းရေးစကားဝိုင်း၊ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင် ကယားပြည်နယ် လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကယားပြည်နယ် ဒေသခံလူငယ်များ ငြိမ်းချမ်းရေးစကားဝိုင်းနှင့် ၂၀၁၈ ခုနှစ် ဧပြီ ၁၀ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဒေသခံပြည်သူများစကားဝိုင်းတို့ကို ကျင်းပခဲ့သည်။

**သတင်းစဉ်**

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့ ကျင်းပ

**နေပြည်တော် ဇွန် ၁၄**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုသည်ဟု မှတ်ယူရမည့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတို့နှင့် စပ်လျဉ်း၍ လွှတ်တော်မှ မှတ်တမ်းတင်ကြောင်း ကြေညာသည်။

## သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဥပဒေကြမ်း

ထို့နောက် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့ထားသော သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီဝင် ဦးကျော်ကျော်က နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း၏ အပိုဒ် ၂ အပိုဒ်ခွဲ(ဎ)နှင့် အပိုဒ်ခွဲ(ဏ) တို့ကို နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်ကို ပယ်ဖျက်၍လည်းကောင်း၊ အပိုဒ် ၂ အပိုဒ်ခွဲ(ဋ္ဌ)၊ အပိုဒ် ၃ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၁၂ အပိုဒ်ခွဲ(ဒ)၊ အခန်း(၉) ခေါင်းစဉ်၊ အပိုဒ် ၁၈၊ အပိုဒ် ၂၀၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃ နှင့် အပိုဒ် ၂၄ အပိုဒ်ခွဲ (ခ)တို့ကို နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်နှင့်အညီ ပြင်ဆင်၍ လည်းကောင်း အတည်ပြုပြဋ္ဌာန်းသင့်ပါကြောင်းကို လေ့လာတွေ့ရှိရပါကြောင်း ရှင်းလင်းဖတ်ကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

## အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ ခြောက်လတာ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ

ဆက်လက်၍ အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ ခြောက်လတာ (၂၀၁၇ ခုနှစ် အောက်တိုဘာလမှ ၂၀၁၈ ခုနှစ် ဧပြီလအထိ) ကာလအတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုက တက္ကသိုလ်၊ ကောလိပ်၊ အဆင့်မြင့်ပညာသင်ကြားပြီး ဘွဲ့ရများနှင့် အလုပ်အကိုင် အခွင့်အလမ်းများသည် နိုင်ငံ၏ ပညာရေးအပေါ် လူငယ်များယုံကြည်အားထားလာနိုင်မှု၊ အထင်ကြီးလေးစားမှုများနှင့် တိုက်ရိုက်ဆက်စပ်ပတ်သက်နေသည့်အတွက် အသက်မွေးပညာ တက္ကသိုလ်များနှင့် အစိုးရဌာန၊ အဖွဲ့အစည်းလုပ်ငန်းများ ကုမ္ပဏီများ၏ နှစ်အလိုက် လိုအပ်လာနိုင်မည့် ပညာရှင်၊ ဝန်ထမ်းလိုအပ်ချက်နှင့် နှစ်အလိုက် မွေးထုတ်ပေးမည့် ဘွဲ့ရပညာတတ်အချိုး မှန်ကန်မျှတရေး၊ ပညာသင်ကြားရင်း လုပ်ငန်းခွင်နှင့် ဆက်စပ်သင်ယူလေ့လာနိုင်ရေး၊ ကိုယ်ပိုင်လုပ်ငန်းဖြစ်စေ၊ လုပ်ခ လခစားဖြစ်စေ၊ အလုပ်အကိုင် အခွင့်အလမ်းနှင့် သင်ယူမှု၊ သင်ကြားခဲ့ရသည့် ပညာ၊ ဘွဲ့ဒီဂရီတစ်ခုနှင့်တစ်ခု အချိုးညီ မျှတရေးအတွက်ကိုလည်း ပညာရေးမူဝါဒအနေဖြင့် ထည့်သွင်းစဉ်းစားသင့်သည်ဟု ယူဆပါကြောင်း။

ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေးသည် နိုင်ငံတစ်ခုတည်းအတွင်း တွင်သာ ဆောင်ရွက်မရသကဲ့သို့ ပြောင်းလဲတိုးတက်နေသည့် ခေတ်နှင့်အညီ ရင်ပေါင်တန်းရန် နိုင်ငံတကာ၏ ပညာရေးလုပ်ငန်း ဆောင်ရွက်ချက်များကို မျက်ခြည်မပြတ် လေ့လာနိုင်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ အပြန်အလှန်လေ့လာသင်ယူစေမှု၊ အရည်အချင်းနှင့် ထိုက်သင့်သည့် ပညာတော်သင် စေလွှတ်သင်ကြားစေမှု စသည်များကိုလည်း ပိုမိုဆောင်ရွက်လာနိုင်မည်ဆိုလျှင် လူငယ်များ၏ ပညာရေးဆိုင်ရာ အားထုတ်ကြိုးပမ်းမှုများ၊ အပြိုင်အဆိုင် လေ့လာသင်ယူ တီထွင်ကြံဆမှုများ တိုးတက်လာမည်ဟု ယူဆမိသည့်အတွက် နိုင်ငံ၏ ပညာရေးကဏ္ဍ အမှန်လိုအပ်ချက်အနေအထားနှင့် ပြုပြင်ဆောင်ရွက်မှုများကို ဆန်းစစ်လေ့လာ ပြုပြင်ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်းက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ အစီရင်ခံစာသည် အားလုံးပြီးပြည့်စုံသည် မဟုတ်သော်လည်း ယနေ့ခေတ် ပညာရေးသည် မြန်မာနိုင်ငံ၏ ပကတိအနေအထားကို ပေါ်လွင်ထင်ဟပ်စေသည်ဟု လက်ခံသူ အများအပြားရှိပါကြောင်း၊ အမျိုးသားပညာရေးမူဝါဒကော်မရှင် အစီရင်ခံစာ စာမျက်နှာ ၈၀ တွင် ဖော်ပြသည့် အခြေခံပညာအထက်တန်းအဆင့် သင်္ချာနှင့် သိပ္ပံဘာသာရပ်များကို အင်္ဂလိပ်ဘာသာစကားဖြင့် သင်ကြားသင်ယူရေးသည် အမှန်တကယ်လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်မှုမရှိကြောင်း၊ ရလဒ်များလည်း မကောင်းမွန်ပါကြောင်း၊ အလွတ်ကျက် အလွတ်ဖြေနည်းလမ်း အသုံးပြုထားသည်ကို ပေါ်လွင်စေသကဲ့သို့ ကျူရှင် ၉၁ ရာခိုင်နှုန်းခန့် ယူနေရကြောင်းကို ညွှန်ပြထားသောကြောင့် လက်ရှိမူဝါဒများကို ပြန်လည်သုံးသပ်ပြီး အခြေခံပညာအထက်တန်းအဆင့်တွင် သင်္ချာနှင့် သိပ္ပံဘာသာရပ်များတွင် ပိုမိုထိရောက်စွာ သင်ကြားနိုင်မည့် ဘာသာစကားတစ်ရပ် ချမှတ်



လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို



ဒုတိယဗိုလ်မှူးကြီး မောင်မောင်စိုး

ဆောင်ရွက်ရန် လိုအပ်ကြောင်းကို အကြံပြုထားသောကြောင့် လက်တွေ့သဘောသဘာဝဖြင့် မှန်ကန်နေပါကြောင်း။

အမျိုးသားပညာရေးမူဝါဒကော်မရှင်၏ စာမျက်နှာ ၂၅ ကော်မရှင်၏ သုံးသပ်ချက်တွင် ကျောင်းသား ခြောက်သိန်းဖြေဆိုလျှင် နှစ်သိန်းခန့်သာ ဖြေဆိုအောင်မြင်ကြပြီး လေးသိန်းခန့်သည် ပြင်ပလုပ်ငန်းခွင်များသို့ ရောက်ရှိသွားနိုင်သည်ဟု သုံးသပ်ချက် မှန်ကန်သည်ဟု ယူဆနိုင်ပါကြောင်း၊ အစိုးရစာသင်ကျောင်းများ၊ ပုဂ္ဂလိက စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးပညာရေး စာသင်ကျောင်းများမှ ပညာသင်ကြားခြင်းကို အသေးစိတ်လေ့လာပြီး ပြင်ဆင်ဖြည့်စွက်သင့်သည့် ဥပဒေများ၊ ပညာရေးဘတ်ဂျက်များအတွက် လွှတ်တော်ကိုယ်စားလှယ်များမှ မျိုးဆက်သစ်များအတွက် ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် တိုက်တွန်းကြောင်း ဆွေးနွေးသည်။

တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး မောင်မောင်စိုးက အခြေခံပညာကျောင်းများတွင် အရည်အချင်းပြည့်မီသော ဆရာများ လုံလောက်မှုမရှိခြင်း၊ အထူးသဖြင့် မူလတန်းကျောင်းများတွင် ဆရာ မမြဲခြင်း၊ လုပ်ငန်းခွင်အတွင်းတွင် ဆရာအတတ်ပညာကို ကျွမ်းကျင်စွာ သင်ကြားလေ့ကျင့်ပေးထားနိုင်မှု မရှိသည့် ဆရာအရေအတွက် များပြားလွန်းခြင်းတို့ကို တွေ့ရှိရကြောင်း အကြံပြုထားပါကြောင်း၊ မူလတန်းပညာရေးသည် အခြေခံကျပြီး အရေးကြီးသောကြောင့် ဆရာ ဆရာမတို့ကို ကောင်းစွာ လေ့ကျင့်ပေးပြီးမှသာ စာပေသင်ကြားရေး ဆောင်ရွက်စေသင့်ပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ရရှိခဲ့သည့်ဘွဲ့နှင့် သင်ကြားနေရသည့် ဘာသာရပ် ကိုက်ညီမှုမရှိခြင်းများကိုလည်း မည်သို့စီမံဆောင်ရွက်မည်ကို စဉ်းစားသင့်ကြောင်းကို အကြံပြုလိုပါကြောင်း၊ လုပ်ငန်းခွင်အတွင်း ဆရာများ စဉ်ဆက်မပြတ် လေ့ကျင့်ပေးခြင်းထက် ဆရာအတတ်သင်ကောလိပ်၊ ပညာရေးကောလိပ်များအား ပိုမိုဖွင့်လှစ်သင်ကြားပေးနိုင်ရန် သက်ဆိုင်ရာဌာနများက ပူးပေါင်းဆောင်ရွက်သွားသင့်ပါကြောင်း၊ KG, Grade 1,2,3,4,5 သင်ကြားသော ဆရာများသည် အရည်အချင်းရှိရန် လိုအပ်ပြီး ဆရာ ဆရာမများ၏ ရာထူးတိုးမှုအနေဖြင့် မူလတန်းပြမှ အလယ်တန်းပြ၊ အထက်တန်းပြ အဆင့်တိုးခြင်းများကြောင့် ကျွမ်းကျင်မှုမရှိသော ဘာသာရပ်၊ အတန်းပြောင်းလဲ သင်ကြားနေရခြင်း အခက်အခဲရှိကြောင်း တွေ့ရှိရသောကြောင့် ကျွမ်းကျင်သော ဘာသာရပ်၊ အတန်းများတွင်သာ သင်ကြားစေပြီး ရာထူး၊ အဆင့်တိုးခြင်း၊ လစာတိုးခြင်းစနစ်စည်းမျဉ်းကို စဉ်းစားဆောင်ရွက်သင့်ကြောင်းကို အကြံပြုလိုပါကြောင်း။

တက္ကသိုလ်များတွင် သုတေသနလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆရာများကို ပညာတော်သင်စေလွှတ်ပေးခဲ့သော်လည်း ပြည့်စုံသော ဓာတ်ခွဲခန်းများမရှိခြင်း၊ ရာထူးရရှိရေးအတွက် သုတေသနပြုလုပ်နေခြင်းတို့ကို ပြုပြင်ဆောင်ရွက်ရန် လိုအပ်နေကြောင်း ကော်မရှင်မှ အကြံပြုထားပါကြောင်း၊ သုတေသနလုပ်ဆောင်နိုင်စေရန် နိုင်ငံတကာတက္ကသိုလ်များနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ ပတ်ဝန်းကျင်ကောင်းများ ထူထောင်ပေးခြင်း၊ ရန်ပုံငွေလုံလောက်စွာ ထောက်ပံ့ပေးခြင်းနှင့် စွမ်းဆောင်မှုအလိုက် ချီးမြှင့်ပေးနိုင်ရန်တို့ကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဆက်လက်ဆောင်ရွက်ပေးရန် တိုက်တွန်းပါကြောင်း၊ အမျိုးသားပညာရေးမူဝါဒကော်မရှင်မှ တင်ပြသည့် အစီရင်ခံစာအပေါ် သက်ဆိုင်ရာဌာနအသီးသီးမှ မြန်မာနိုင်ငံပညာရေး တိုးတက်အောင်မြင်ရေးအတွက် အလေးထားလိုက်ပါလုပ်ဆောင်ကြရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

အလားတူ ငပုတောမဲဆန္ဒနယ်မှ ဦးသန်းအောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေး၊ မိုးမောက်မဲဆန္ဒနယ်မှ ဦးဝင်းအောင်၊ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး၊ ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင်၊ ရခိုင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ၊ ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုးနှင့် တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်တို့က ဆွေးနွေးကြသည်။

## လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရေးအဖွဲ့၏ ၂၀၁၆-၂၀၁၇ ခုနှစ် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာဆွေးနွေး

ထို့နောက် လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရေးအဖွဲ့၏ ၂၀၁၆-၂၀၁၇ ခုနှစ် လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနှင့် စပ်လျဉ်း၍ လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်ညွှန့်က အစီရင်ခံစာအပေါ် ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ် သုံးဦး၏ ထောက်ခံအကြံပြုသုံးသပ်၊ ဝေဖန်ထောက်ပြမှုများကို ကြိုဆိုပါကြောင်းနှင့် အပြုသဘော ထောက်ပြ အကြံပြုချက်များအပေါ်တွင် အဖွဲ့အနေဖြင့် အလေးထားသုံးသပ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇင်လင်း၏ ဆွေးနွေးချက်နှင့် ပတ်သက်၍ ရှင်းလင်းရန် လိုအပ်လာသည့်အတွက် လေးစားစွာ ပြန်လည်ရှင်းလင်းသွားမည် ဖြစ်ကြောင်း၊ လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရေးအဖွဲ့ (JCC)ကို ဖွဲ့စည်းရာတွင် JCC ဖွဲ့စည်းခြင်းကိစ္စနှင့် JCC ဆောင်ရွက်ခြင်းကိစ္စ နှစ်မျိုးခွဲ၍ ရှင်းလင်းသွားမည်ဖြစ်ကြောင်း။

ယင်းအဖွဲ့ ဖွဲ့စည်းခြင်းအပေါ်တွင် အမြင်မတူ အယူအဆ ကွဲပြားစေသည့် အခြေခံအကြောင်းများရှိသည့်အတွက် နားလည်မှု လွဲမှားစေနိုင်သောကြောင့် ရှင်းလင်းတင်ပြသွားမည်ဖြစ်ကြောင်း၊ လွှတ်တော်များ၏ ကော်မတီ၊ ကော်မရှင်၊ အဖွဲ့ ဖွဲ့စည်းရာတွင် လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများအရ ဖွဲ့စည်းခြင်းနှင့် စီမံခန့်ခွဲအုပ်ချုပ်မှုအရ ဖွဲ့စည်းခြင်းဟူ၍ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ JCC ဖွဲ့စည်းခြင်းသည် လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေအရ ဖွဲ့စည်းခဲ့သည်မဟုတ်ဘဲ စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ လုပ်ငန်းလိုအပ်ချက်အရ ဖွဲ့စည်းပါကြောင်း။

ဒုတိယနည်းလမ်းအရ ပြည်ထောင်စုလွှတ်တော်နာယကက လက်မှတ်ရေးထိုးပြီး ပြည်ထောင်စုလွှတ်တော်ရုံး၊ အမိန့်ကြော်ငြာစာအရ ဖွဲ့စည်းခြင်းဖြစ်ပါကြောင်း၊ လွှတ်တော်များ၏ အုပ်ချုပ်မှုဆိုင်ရာ ပူးပေါင်းကော်မတီကိုလည်း အမိန့်ကြော်ငြာစာနှင့် ဆောင်ရွက်ထားပါကြောင်း၊ ပထမအကြိမ် လွှတ်တော်သက်တမ်းတွင် ယင်းကျင့်ထုံး နည်းလမ်းအတိုင်း ဆောင်ရွက်ခဲ့ပြီး အစဉ်အလာရှိပါကြောင်း။

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဇင်လင်း၏ ဆွေးနွေးချက်တွင် အစီရင်ခံစာပါ အပိုဒ် ၁၅ မှ ၂၂ အထိ ဆောင်ရွက်မှုများကို များစွာကြိုဆိုကြောင်း၊ အသိအမှတ်ပြုသကဲ့သို့ JCC အဖွဲ့၏ ရည်ရွယ်ချက်ဖြစ်သည့် လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးကို ကန့်ကွက်ခြင်းမဟုတ်ပါကြောင်း၊ ရည်ရွယ်ချက်ကို ကြိုဆိုပါကြောင်းနှင့် ဥပဒေပြုသူများသည် လေးစားတန်ဖိုးထားပါကြောင်း၊ အစီရင်ခံစာအပေါ် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေ ၂၁(စ)ပါ ပြဋ္ဌာန်းချက်နှင့်အညီ မှတ်တမ်းတင်ရေးအတွက် လွှတ်တော်အဆုံးအဖြတ် ခံယူမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက အဆိုပါ အစီရင်ခံစာနှင့် စပ်လျဉ်း၍ လွှတ်တော်က မဲခွဲဆုံးဖြတ်ရာ ထောက်ခံမဲ ၃၄၇ မဲ၊ ကန့်ကွက်မဲ ၁၈၄ မဲနှင့် ကြားနေမဲ ခုနစ်မဲဖြင့် ထောက်ခံမဲများသဖြင့် ယင်းအစီရင်ခံစာအား လွှတ်တော်မှ မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (၁၁) ရက်မြောက်နေ့ကို ဇွန် ၂၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

## ဒို့ကျေးရွာဂျာနယ် အတွဲ(၁၅)၊ အမှတ်(၁၂) ထုတ်ဝေဖြန့်ချီ

ဇွန်လ ၁၅ ရက်နေ့တွင် ထွက်ရှိမည့် ဒို့ကျေးရွာ ဂျာနယ်တွင်

- လယ်သမားဘဝကို မြတ်နိုးပါ ဆောင်းပါး
- မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်လာတော့မည့် သဘာဝအခြေပြု ခရီးသွားလုပ်ငန်း
- ပညာရေးရင်းနှီးမြှုပ်နှံမှုနှင့် ကိုယ်စီတာဝန်
- စပါးတစ်ဧက ထုတ်လုပ်မှုကုန်ကျစရိတ် လျော့ကျရေးအတွက် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေး၏အခန်းကဏ္ဍ ဆောင်းပါး
- စိုက်ပျိုးစရိတ်ချေးလျှင် ပုံစံ(၇)မှုရင်း အပ်နှံရမည့် အစီအစဉ်အပေါ် တောင်သူဦးကြီးများ၏ သဘောထား
- မြစ်ဝှမ်းဒေသ စီမံကိန်းနှင့်စပ်လျဉ်း၍ ငွေလိမ်လည်မှုမခံရစေရေးအသိပေးနှိုးဆော်
- မေမေနဲ့ လူမှုရေးအသိ
- ဒုတိယအရွယ် အခန်းဆက်ဝတ္ထု
- ပြုံးရုံသာပြုံးနိုင်သော ငှက်ကလေး ပုံပြင်
- နွားမများ သားစပ်ရာတွင် ဘာကြောင့် သားမအောင်ရသလဲ ဆောင်းပါး
- ရေရှိုင်ပါးများ ပြန်းတီးရှားပါးလာမှု ဆောင်းပါး
- မှတ်ဉာဏ်တိုးစေတဲ့ စားဖွယ်စုံ ဆောင်းပါး
- မပျော်ဆွဲသင့်တဲ့ ဝမ်းကိုက်ရောဂါအကြောင်း သိကောင်းစရာ ဆောင်းပါး
- အရာတ်ပွခြင်းကို မပျော်ဆေးချင် ဆောင်းပါး အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် ဒို့ကျေးရွာပေးစာများ၊ နိုင်ငံတကာ မျက်မှောက်ရေးရာသတင်းများ၊ အင်တာဗျူး၊ ဝတ္ထု၊ ကျေးလက်ရသ ကဗျာ၊ ကာတွန်း၊ ဟာသ၊ အနုပညာကဏ္ဍ၊ အားကစား၊ ဗေဒင်၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိုးလေဝသခန့်မှန်းချက် စသည်တို့ကို စုံစုံလင်လင် ဖတ်ရှုရမည် ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇွန် ၁၄**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Christine Schraner Burgener အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ကုလသမဂ္ဂ၏ ငယ်ရွယ်သူကလေးစစ်သားများ အသုံးပြုသည့်နိုင်ငံစာရင်းမှ ပယ်ဖျက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ အချက်အလက်ရှာဖွေရေးအဖွဲ့နှင့် စားပွဲဝိုင်းဆွေးနွေးရေးဆိုင်ရာ ကိစ္စရပ်များ၊ အနာဂတ်ကာလတွင် ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်မှုဆိုင်ရာကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးကြသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း တီမောလက်စ်တေနိုင်ငံ သမ္မတဟောင်းနှင့် ဝါရင့်ဝန်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၁၄**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် တီမောလက်စ်တေနိုင်ငံ သမ္မတဟောင်းနှင့် ဝါရင့်ဝန်ကြီး H.E. Mr. Jose Ramos Horta အား ယနေ့ နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဒေသတွင်းအခြေအနေနှင့် မြန်မာနိုင်ငံ၏ အပြုသဘောဆောင်သည့် ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**

**❂ ကျောဖုံးမှ**

လွတ်လပ်မှုရှိခြင်း၊ တရားမျှတမှုရှိခြင်း၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ အများယုံကြည်လက်ခံခြင်း၊ ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ် တစ်ထပ်တည်းဖြစ်စေရန် စသည့် စံငါးချက်ဖြင့် ကိုက်ညီရေး ပြဋ္ဌာန်းထားသော ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ နိုင်ငံရေးပါတီများနှင့် ပြည်သူလူထုတို့ ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ မဲစာရင်းပြည့်စုံမှန်ကန်စေရန် နိုင်ငံရေးပါတီများအနေဖြင့် ကူညီဆောင်ရွက်ပေးနိုင်သကဲ့သို့ ယခုဆောင်ရွက်နေခြင်းထက် ကောင်းမွန်သည့်စနစ် ရှိပါကလည်း အကြံပြုကြစေလိုကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်ရန် ကြိုးကြပ်ရခြင်းဖြစ်ကြောင်း၊ ပြည်သူ့အတွက် ရည်ရွယ်ချက်ထားရှိပြီး ရွေးကောက်ပွဲများ အောင်မြင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာသည့် နိုင်ငံရေးပါတီများမှ မဲစာရင်း ပြည့်စုံမှန်ကန်ရေး၊ ကြိုတင်မဲပေးခြင်းတွင် စနစ်တကျဖြစ်စေရေး၊ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ဆန္ဒမဲများ ရေတွက်ခြင်းနှင့် ကြေညာခြင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဖြစ်စေရေးတို့ကို တင်ပြဆွေးနွေးခဲ့ပြီး တင်ပြချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် နေပြည်တော် ပျဉ်းမနားမြို့နယ် လူထုအခြေပြုဗဟိုဌာန၊ ဒက္ခိဏခရိုင်ရုံးနှင့် သင်တန်းကျောင်းတို့ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၁၄**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ နံနက်ပိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ နေပြည်တော် ပျဉ်းမနားမြို့နယ် လူထုအခြေပြုဗဟိုဌာန၊ ဒက္ခိဏခရိုင်ရုံးနှင့် သင်တန်းကျောင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ပျဉ်းမနားမြို့နယ် လူထုအခြေပြုဗဟိုဌာန (Community Centre) သို့ ရောက်ရှိပြီး ကလေးစာဖတ်ခန်းတွင် ဆေးရောင်ခြယ်ပြိုင်ပွဲဝင်နေကြသော ကလေးငယ်များအား ကြည့်ရှုအားပေးကာ ကစားစရာအရုပ်များ ပေးအပ်သည်။

ထို့နောက် ပျဉ်းမနားမြို့နယ် စာဖတ်အသင်း (Book Club)နှင့် ရင်းရင်းနှီးနှီး တွေ့ဆုံပြီး စာဖတ်ဝိုင်းတွင် လူငယ်မျိုးဆက်သစ်များ ပါဝင်လာစေရေး မှာကြားသည်။

ဆက်လက်၍ ပျဉ်းမနားမြို့နယ် အမျိုးသမီးအသင်း (Woman's Club)၊ လူငယ်အသင်း (Youth Club)တို့နှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်နေမှုများအပေါ် အကြံပြုဆွေးနွေးသည်။

ယင်းနောက် လူထုအခြေပြုဗဟိုဌာနတွင် အခမဲ့ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့် ကွန်ပျူတာသင်တန်းနှင့် နိုင်ငံခြားဘာသာသင်တန်းများအပြင် အားကစားလှုပ်ရှားမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း၏ ရွှေ့လျားစာကြည့်တိုက်မော်တော်ယာဉ်များကို ကြည့်ရှုပြီး လုပ်ငန်းများ ပိုမိုထိရောက်မှုရှိစေရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော် ဒက္ခိဏခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ ရောက်ရှိပြီး ကလေးစာဖတ်ခန်းတွင် ဆေးရောင်ခြယ်ပြိုင်ပွဲ ဝင်နေကြသော ကလေးငယ်များအား ကြည့်ရှုအားပေးကာ ကစားစရာအရုပ်များ ပေးအပ်သည်။ ဆက်လက်၍ စာကြည့်တိုက်နှင့် ပြတိုက်ငယ်တို့ကို ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ယင်းနေရာရှိ သင်တန်းကျောင်းတွင် ဖွင့်လှစ်သင်ကြားလျက်ရှိသော "သတင်းရေးသားထုတ်ပြန်ခြင်းသင်တန်း"၌ တက်ရောက်လျက်ရှိသည့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်နှင့် တိုင်းဒေသကြီးရုံးများမှ လက်ထောက်ညွှန်ကြားရေးမှူးများအား တွေ့ဆုံပြီး ကျင့်ဝတ်နှင့်အညီ သတင်းများရေးသားပြီး လျင်မြန်စွာပေးပို့ရေး၊ သတင်းမှန်များ မြန်ဆန်စွာ ထုတ်ပြန်ပေးမှုဖြင့် ပြည်သူတို့၏ သတင်းသိရှိပိုင်ခွင့်အပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးရေးတို့ကို မှာကြားခဲ့သည်။

**သတင်းစဉ်**



**❍ ပြည်တွင်းသတင်းမီဒီယာမှ**

ကြုံတွေ့ခဲ့ရသည်များကို မေးမြန်းသတင်းရယူကြသည်။

ထို့နောက် သတင်းမီဒီယာအဖွဲ့သည် ကြက်ရိုးပြင်ကျေးရွာသို့ သွားရောက်ပြီး အစ္စလာမ်ဘာသာဝင်များနှင့်တွေ့ဆုံ၍ နယ်မြေတည်ငြိမ်အေးချမ်းမှုအခြေအနေများကို မေးမြန်းသတင်းရယူသည်။

ယနေ့ မောင်တောဒေသသို့ သတင်းရယူကြသည့်အဖွဲ့တွင် VOA၊ MIZZIMA၊ ဧရာဝတီသတင်းဌာန၊ MRTV၊ MITV နှင့် MNA တို့မှ သတင်းသမားများပါရှိသည်။

**မင်းသစ်(MNA)**

# ရုရှားနိုင်ငံတွင် ကျင်းပသော ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအား ကမ္ဘာတစ်ဝန်းကြည့်ရှုအားပေး



**မော်စကို ဇွန် ၁၄**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ)က ကျင်းပသည့် ၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ရုရှားနိုင်ငံတွင် ဇွန် ၁၄ ရက်က ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း၊ ရုရှားနိုင်ငံသည် ဇွန် ၁၄ ရက်မှ ဇူလိုင် ၁၅ ရက်အထိ ကမ္ဘာ့ဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ်လက်ခံကျင်းပနိုင်ရန် နှစ်ပေါင်းများစွာ ပြင်ဆင်ဆောင်ရွက်ခဲ့ရပြီး တစ်ကမ္ဘာလုံးက အထူးတလည် စိတ်ဝင်စားသော ဘောလုံးပြိုင်ပွဲကြီးကို ဂုဏ်ယူဝင့်ကြွားစွာ ကျင်းပနိုင်ပြီဖြစ်ကြောင်း၊ ထိုစဉ်အတွင်းနိုင်ငံအတွင်းရှိ မြို့ကြီးများ၌ ဘောလုံးကို အထူးစိတ်ဝင်စားလျက်ရှိကြကြောင်း အေအက်ဖ်ပီသတင်းဌာနက သတင်းထုတ်ပြန်သည်။

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဖွင့်ပွဲနေ့ အဖွင့်ပွဲယှဉ်ပြိုင်မှုကို ကြည့်ရှုနိုင်ရန် နိုင်ငံတစ်ဝန်းရှိ မြို့ကြီးများမှ ဘောလုံးဝါသနာရှင်များ မော်စကိုသို့ အုံနှင့်ကျင်းနှင့် ဆိုက်ရောက်လာခဲ့ကြသည်။

လီယွန်နယ်မက်ဆီနှင့် နေမာတို့ကဲ့သို့သော ကမ္ဘာကျော်ဘောလုံးသမားများကို တွေ့မြင်ရန် အားခဲထားကြသော ရုရှားဘောလုံးပရိသတ်များသည် အားတက်သရောရှုစားအားပေးရန် ပြင်ဆင်လျက် ရှိကြသည်။ ရုရှားနိုင်ငံသည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ပထမဆုံးအကြိမ် လက်ခံကျင်းပခြင်းဖြစ်သည်။

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အဖွင့်ပွဲအဖြစ် ရုရှားနိုင်ငံ လက်ရွေးစင်ဘောလုံးအသင်းနှင့် ဆော်ဒီအာရေဗျနိုင်ငံ လက်ရွေးစင်ဘောလုံးအသင်းတို့က ပရိသတ် ၈၀၀၀၀ ဆံ့သည့် လုဇ်နီကီဘောလုံးပြိုင်ပွဲရုံတွင် ယှဉ်ပြိုင်ကစားခဲ့သည်။ ယင်းအဖွင့်ပွဲသည် မော်စကိုမြို့သားများအတွက် ဆွဲဆောင်မှုသိပ်မရှိသော်လည်း ၎င်းတို့အနေဖြင့် ပြည်ပမှလာရောက်အားပေးသူများကို နွေးထွေးစွာ ကြိုဆိုကြသည်။

တောင်အမေရိကတိုက်မှ ဘောလုံးအသင်းများကို အားပေးသူ ဘောလုံးဝါသနာရှင်များက ဘင်ခရာများတီးမှုတ်ကာ ရင်ပြင်နီအနီးရှိ လမ်းများပေါ်တွင် ယခုရက်သတ္တပတ်အတွင်း လှည့်လည်ခဲ့ကြပြီး ဈေးဝယ်သူများနှင့်အတူ ဓာတ်ပုံများရိုက်ကူးကာ ပျော်ရွှင်စွာရှိနေခဲ့ကြသည်။ **အေအက်ဖ်ပီ**

# ဝန်ကြီးချုပ်အာဘေးနှင့် မြောက်ကိုရီးယားခေါင်းဆောင်တို့ တွေ့ဆုံဆွေးနွေးနိုင်ရန် ဂျပန်အစိုးရ ပြင်ဆင်နေ

**တိုကျို ဇွန် ၁၄**

ဂျပန်နိုင်ငံ၏ ခေါင်းဆောင်နှင့် ဆွေးနွေးပွဲပြုလုပ်နိုင်ရန် မိမိလမ်းဖွင့်ပေးထားသည်ဟု မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်က ပြောကြားခဲ့ပြီးနောက် ဝန်ကြီးချုပ်ရှင်ဇိုအာဘေးနှင့် ကင်တို့အကြား တွေ့ဆုံဆွေးနွေးနိုင်ရန် ဂျပန်အစိုးရတာဝန်ရှိသူများက စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ဂျပန်သတင်းဌာနများက ဇွန် ၁၄ ရက်တွင် ရေးသားဖော်ပြသည်။





၁၉၇၀ ပြည့်လွန်နှစ်များနှင့် ၁၉၈၀ ပြည့်လွန်နှစ်များက ပြန်ပေးဆွဲခံခဲ့ကြရသော ဂျပန်နိုင်ငံသားများ အရေးနှင့်ပတ်သက်၍ ဖြေရှင်းနိုင်စေရန် မိမိသည် မြောက်ကိုရီးယားခေါင်းဆောင်ကင်နှင့် တွေ့ဆုံလိုသည်ဟု ဝန်ကြီးချုပ် အာဘေးက လူသိရှင်ကြား ပြောကြားခဲ့ပြီးဖြစ်သည်။ အဆိုပါနိုင်ငံသားများသည် မြောက်ကိုရီးယားသူလျှိုများကို ဘာသာစကားလေ့ကျင့်သင်ကြားပေးနိုင်ရန်အတွက် မြောက်ကိုရီးယားက ပြန်ပေးဆွဲခဲ့ခြင်းဖြစ်သည်။

စင်ကာပူနိုင်ငံ၌ ဇွန် ၁၂ ရက်က အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် မြောက်ကိုရီးယားခေါင်းဆောင်ကင်တို့ ထိပ်သီးဆွေးနွေးပွဲ ပြုလုပ်စဉ်အတွင်း ဂျပန်ခေါင်းဆောင်နှင့် တွေ့ဆုံဖွယ်ရှိမှုနှင့် ပတ်သက်၍ ကင်က ဆွေးနွေးခဲ့ကြောင်း ဆာကေးရှင်ဘွန်း သတင်းစာက ရေးသားဖော်ပြသည်။

မိမိသည် ဝန်ကြီးချုပ်အာဘေးနှင့် တွေ့ဆုံနိုင်သည်ဟု ထိပ်သီးဆွေးနွေးပွဲတွင် ကင်က ထရန့်အား ပြောကြားခဲ့ကြောင်း ဆာကေးရှင်ဘွန်း သတင်းစာတွင် ဖော်ပြထားသည်။

ဆယ်စုနှစ်ပေါင်းများစွာအကြာက မြောက်ကိုရီးယား၏ ပြန်ပေးဆွဲခြင်းကို ခံခဲ့ရသော ဂျပန်နိုင်ငံသားများ၏ အရေးနှင့် ပတ်သက်၍ မြောက်ကိုရီးယားနှင့် ဆွေးနွေးရန် ဂျပန်နိုင်ငံက လိုလားသည်ဆို၏။

ဝန်ကြီးချုပ်အာဘေးသည် ပြန်ပေးဆွဲခံခဲ့ကြရသူများ၏ မိသားစုဝင်များနှင့် ဇွန် ၁၄ ရက်က တွေ့ဆုံရာတွင် မြောက်ကိုရီးယား ခေါင်းဆောင်နှင့် တွေ့ဆုံဆွေးနွေးခွင့် ရရှိရေးအတွက် မိမိကြိုးပမ်းသွားမည်ဟု ကတိပြုပြောဆိုခဲ့သည်။

ဝန်ကြီးချုပ်အာဘေးသည် ဩဂုတ်လတွင် ပြုံယမ်းသို့ သွားရောက်ဖွယ်ရှိသည်ဟု အစိုးရတာဝန်ရှိသူများက ပြောကြားကြောင်း ယိုမိယူရီရှင်ဘွန်း သတင်းစာက ရေးသားသည်။

စက်တင်ဘာလတွင် ရုရှားနိုင်ငံ၌ ကျင်းပမည့် ညီလာခံတစ်ရပ်ကျင်းပစဉ်ကာလအတွင်း အာဘေးနှင့် ကင်တို့ တွေ့ဆုံဆွေးနွေးခွင့် ရရှိနိုင်သည်ဟုလည်း အဆိုပါ သတင်းစာတွင် ဖော်ပြထားသည်။ **အေအက်ဖ်ပီ**

# လေထုညစ်ညမ်းမှု အမြင့်မားဆုံးအန္တရာယ်နှင့် နယူးဒေလီမြို့ ရင်ဆိုင်နေရ

**နယူးဒေလီ ဇွန် ၁၄**

အိန္ဒိယနိုင်ငံမြို့တော် နယူးဒေလီရှိ ပြည်သူများသည် လေထုညစ်ညမ်းမှု အမြင့်မားဆုံးအန္တရာယ်နှင့် ရင်ဆိုင်နေရကြောင်း ယနေ့သတင်းများအရ သိရသည်။

ဒေသန္တရ မိုးလေဝသဆိုင်ရာ အာဏာပိုင်များက နယူးဒေလီမြို့၏ လေထုအရည်အသွေးသည် အလွန်အမင်း နိမ့်ကျလျက်ရှိသည်ဟု ဆိုသည်။

လေထုညစ်ညမ်းမှုများသည် ရက်အနည်းငယ်အတွင်း ပြန်လည်ကောင်းမွန်ခြင်းမရှိနိုင်သေးကြောင်း ဒေသန္တရအာဏာပိုင်များက ဆိုသည်။ ယင်းသို့ လေထုညစ်ညမ်းမှုဖြစ်ပွားမှု၏ အဓိက အကြောင်းရင်းခံမှာ သဲမုန်တိုင်းများမကြာခဏ တိုက်ခတ်ခြင်းကြောင့်ဖြစ်သည်ဟု ယုံကြည်ရသည်။

နယူးဒေလီရှိ လမ်းမများပေါ်တွင် ညစ်ညမ်းသော လေထုများမှောလွင့်ပျံ့နှံ့နေမှုကို တွေ့မြင်နိုင်သည်။ ဒေသခံပြည်သူများအား လေထုညစ်ညမ်းမှုကို ကာကွယ်ရန် မျက်နှာဖုံးများ ဝတ်ဆင်ကြရန်နှင့် နေအိမ်များအတွင်းသာ နေထိုင်ကြရန် အာဏာပိုင်များက သတိပေးချက်ထုတ်ပြန်ထားသည်။

လေထုညစ်ညမ်းမှုကြောင့် မျက်လုံးများစပ်ပူလာခြင်းနှင့် လမ်းလျှောက်ခြင်း သို့မဟုတ် ပြေးခြင်း စသည့်အားကစားများ လုပ်ဆောင်ရာတွင် အသက်ရှူခြင်းဆိုင်ရာ ခက်ခဲမှုပြဿနာများ တွေ့ကြုံခံစားရကြောင်း ဒေသခံတစ်ဦးက ဆိုသည်။

နယ်သာလန်နှင့်ဗြိတိန်ကုမ္ပဏီများက အဆိုပါလေထုညစ်ညမ်းမှုအန္တရာယ်ကို ဖြေရှင်းရန် အဖြေရှာလျက်ရှိသည်။ လေထုအတွင်းရှိ အဆိပ်ဓာတ်ငွေ့များ ပါဝင်မှုကို စစ်ထုတ်လျှော့ချပစ်ရန် လက်တွေ့စမ်းသပ်မှုများ ပြုလုပ်လျက်ရှိပြီး လေထုသန့်ရှင်းဇုန်တစ်ခု မြို့တော်အတွင်း ဖန်တီးရန် ရည်ရွယ်ထားကြောင်း သိရသည်။

နယူးဒေလီမြို့သည် မော်တော်ယာဉ်များအပါအဝင် လျှပ်စစ်ဓာတ်အားစက်ရုံများနှင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်များမှ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုများကြောင့် လေထုညစ်ညမ်းမှုအန္တရာယ်နှင့် ရင်ဆိုင်ခဲ့ရသည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ပြီဖြစ်သည်။ လွန်ခဲ့သောလက ကမ္ဘာ့ကျန်းမာရေးအဖွဲ့က နယူးဒေလီမြို့သည် ကမ္ဘာ့မြို့ကြီးများတွင် လေထုညစ်ညမ်းမှု အမြင့်မားဆုံးမြို့များအနက် အဆင့်ခြောက်ဖြစ်သည်ဟု အစီရင်ခံစာတစ်ရပ် ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



# အမေရိကန် သံမဏိထုတ်လုပ်ရေးကုမ္ပဏီများ ကူးသန်းရောင်းဝယ်ရေးဌာနထံ ပြစ်တင်တိုင်တန်း

**ဝါရှင်တန် ဇွန် ၁၄**

တရုတ်နိုင်ငံ၏ သံမဏိထုတ်ကုန်ပစ္စည်းများ မိမိတို့၏ ဈေးကွက်အတွင်းသို့ အောတိုက်ဝင်ရောက်နေပြီး တရုတ်အစိုးရက သံမဏိထုတ်လုပ်ရေး ကုမ္ပဏီများကို ဘဏ္ဍာရေးအကူအညီ ပေးနေခြင်းဖြင့် နှစ်နိုင်ငံကုန်သွယ်မှုတွင် မမျှမတဖြစ်ပေါ်နေရသည်ဟု အမေရိကန် သံမဏိထုတ်လုပ်ရေး ကုမ္ပဏီများက ကူးသန်းရောင်းဝယ်ရေးဌာနထံ ပြစ်တင်တိုင်တန်းခဲ့ကြကြောင်း၊ သို့ဖြစ်၍ အမေရိကန်ကူးသန်းရောင်းဝယ်ရေးဌာနက တရုတ်နိုင်ငံထံမှ သွင်းကုန်များအပေါ် ကုန်သွယ်ရေးအရ အရေးယူမှု ပြုလုပ်သွားမည်ဟု ထုတ်ပြန်ကြေညာလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇွန် ၁၄ ရက်တွင် သတင်းထုတ်ပြန်သည်။

သမ္မတဒေါ်နယ်ထရန့်၏ အစိုးရအဖွဲ့က တရုတ်နိုင်ငံနှင့် ကုန်သွယ်ရေး အငြင်းပွားမှုဖြစ်ပွားလျက်ရှိပြီး တရုတ်နိုင်ငံလုပ် ဒေါ်လာ ဘီလီယံ ၅၀ တန်ဖိုးရှိ ကုန်ပစ္စည်းများအပေါ် ၂၅ ရာခိုင်နှုန်း သွင်းကုန်ခွန် ကောက်ယူမည့် အစီအစဉ်တစ်ရပ်ကို ကူးသန်းရောင်းဝယ်ရေးဌာနက အကောင်အထည်ဖော်ရန် ရှိနေသည်။ တရုတ်နိုင်ငံသည် အမေရိကန်နည်းပညာကို ခိုးယူလျက်ရှိသည်ဟုလည်း စွပ်စွဲမှုများ ပေါ်ထွက်လျက်ရှိသည်။

အမေရိကန်ပြည်ထောင်စုသည် တရုတ်နိုင်ငံနှင့်လည်းကောင်း၊ ကနေဒါကဲ့သို့ မဟာမိတ်နိုင်ငံများနှင့် ဥရောပသမဂ္ဂ (အီးယူ)နိုင်ငံများနှင့်လည်းကောင်း ကုန်သွယ်ရေးအရ ပဋိပက္ခဖြစ်မှုများ ပေါ်ပေါက်နေချိန်ဖြစ်ပြီး နိုင်ငံတကာ ကုန်သွယ်ရေး စစ်ပွဲဖြစ်ပေါ်လာမည်လောဟု စိုးရိမ်ပူပန်မှုများ ပေါ်ထွက်နေချိန်လည်းဖြစ်သည်။

တရုတ်နိုင်ငံသည် အမေရိကန် ဈေးကွက်အတွင်းသို့ သံမဏိ ဆလင်ဒါများကို ဈေးချိုချိုဖြင့် အောတိုက်တင်သွင်းနေခြင်းကြောင့် အမေရိကန် ကုမ္ပဏီများ မမျှတသော ယှဉ်ပြိုင်မှုနှင့် ရင်ဆိုင်နေကြရသည်ဟု အိုဟိုင်းယိုးပြည်နယ်နှင့် တင်နက်ဆီပြည်နယ်တို့ရှိ သံနှင့်သံမဏိထုတ်လုပ်ရေး ကုမ္ပဏီနှစ်ခုအပါအဝင် ကုမ္ပဏီများက အမေရိကန်ကူးသန်းရောင်းဝယ်ရေးဌာနထံ တင်ပြတိုင်တန်းထားသည်။

တရုတ်အစိုးရအဖွဲ့သည် ပြည်ပပို့ကုန်မြှင့်တင်နိုင်ရေးအတွက် ကုမ္ပဏီများအား ဘဏ္ဍာရေးအထောက်အပံ့များပေးလျက်ရှိပြီး အခွန်သက်သာခွင့်ပေးခြင်း၊ ချေးငွေများနှင့် ပို့ကုန်ဆိုင်ရာချေးငွေများ ထုတ်ပေးခြင်းတို့ ပြုလုပ်နေခြင်းမှာ နှစ်နိုင်ငံကုန်သွယ်မှုတွင် မမျှမတဖြစ်စေသည်ဟု အမေရိကန် ကုမ္ပဏီများ၏ တိုင်တန်းလွှာတွင် ဖော်ပြထားသည်။ **အေအက်ဖ်ပီ**

# အီဂျစ်တိုက်စစ်မှူး ဆာလာ ဥရုဂွေးနှင့် ပွဲစဉ်တွင် ပါဝင်လာမည်




ရုရှားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပလျက်ရှိသည့် ၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အီဂျစ်တိုက်စစ်မှူး မိုဟာမက်ဆာလာသည် အီဂျစ်အသင်း၏ အဖွင့်ပွဲစဉ်ဖြစ်သည့် ဥရုဂွေးအသင်းနှင့် ပွဲစဉ်တွင် ပါဝင်လာမည်ဖြစ်ကြောင်းသိရသည်။

တိုက်စစ်မှူး ဆာလာသည် ရီးယဲလ်မက်ဒရစ်အသင်းနှင့် လီဗာပူးအသင်းတို့ မေ ၂၆ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲစဉ်တွင် ရီးယဲလ်နောက်ခံလူရာမို့စ်နှင့် ဘောလုံးယှဉ်လုရာမှ ပခုံးဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် တိုက်စစ်မှူး ဆာလာမှာ ဒဏ်ရာမှ ပြန်လည်သက်သာလာပြီဖြစ်သောကြောင့် ဥရုဂွေးအသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ကမ္ဘာ့ဖလားအုပ်စုအဆင့် အဖွင့်ပွဲစဉ်တွင် ရာနှုန်းပြည့်နီးပါးပါဝင်လာနိုင်မည် ဖြစ်ကြောင်း အီဂျစ်အသင်းနည်းပြ ဟက်တာကူပါက ပြောကြားခဲ့ခြင်းဖြစ်သည်။

လေ့ကျင့်ရေးဆင်းချိန်တွင် မျက်နှာဒဏ်ရာရရှိခဲ့သည့် အီဂျစ်နောက်တန်း ကစားသမား အလီဂါဘာသည်လည်း ဥရုဂွေးအသင်းနှင့် ပွဲစဉ်တွင် ပါဝင်လာမည်ဖြစ်ကြောင်း သိရသည်။

အီဂျစ်အသင်းနှင့် ဥရုဂွေးအသင်းတို့သည် ထိပ်တိုက်တွေ့ဆုံမှုအဖြစ် ၂၀၀၆ ခုနှစ် ဩဂုတ်လတွင် တစ်ကြိမ်တွေ့ဆုံဖူးခဲ့ပြီး ယင်းသို့တွေ့ဆုံခဲ့ရာတွင် ဥရုဂွေးအသင်းက အီဂျစ်အသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။ ဥရုဂွေးအသင်းသည် အာဖရိကအသင်းများနှင့် ဆုံတွေ့တိုင်း ရှုံးပွဲမရှိစံချိန်တင်နိုင်ခဲ့သည့်အသင်းဖြစ်ပြီး အီဂျစ်အသင်းအတွက်မူ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် တောင်အမေရိက အသင်းနှင့် ပထမဆုံးအကြိမ်ဆုံတွေ့ခြင်းဖြစ်သည်။

နည်းပြဟက်တာကူပါသည်လည်း ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အီဂျစ်အသင်းနှင့်အတူ ပထမဆုံးအကြိမ် တာဝန်ယူကိုင်တွယ်ရခြင်းဖြစ်ပြီး ၂၀၁၇ ခုနှစ်က ကျင်းပခဲ့သည့် အာဖရိကနိုင်ငံများ ဖလားပြိုင်ပွဲတွင် အီဂျစ်အသင်းကို ဗိုလ်လုပွဲအထိ တက်လှမ်းအောင် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။ သို့ရာတွင် နောက်ဆုံးဗိုလ်လုပွဲစဉ်၌ ကင်မရွန်းအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရသည်။



# မန်ယူအသင်းမှ မာရှယ် ထွက်ခွာလိမ့်မည်ဟု အေးဂျင့်ပြော

မန်ယူအသင်းတိုက်စစ်မှူး မာရှယ်သည် လာမည့်ဘောလုံးရာသီမတိုင်မီ အသင်းမှ ထွက်ခွာလိမ့်မည်ဖြစ်ကြောင်း ၎င်း၏အေးဂျင့်ဖြစ်သူက ပြောကြားခဲ့သည်။

တိုက်စစ်မှူးမာရှယ်သည် ပြီးခဲ့သည့်ဘောလုံးရာသီက မန်ယူအသင်းနှင့် ပုံမှန်ပွဲထွက်ကစားခွင့်ပျောက်ဆုံးခဲ့သူဖြစ်ပြီး အသင်းတွင်လည်း မပျော်မရွှင်ဖြစ်နေသူဖြစ်သည်။

ထို့ပြင် အသက် ၂၂ နှစ်အရွယ်ရှိ တိုက်စစ်မှူး မာရှယ်သည် မန်ယူအသင်းတွင် ပုံမှန်ပွဲထွက်ကစားခွင့်မရခဲ့ခြင်းကြောင့် ပြင်သစ်အသင်းနည်းပြဒက်ချမ့်၏ ရုရှားနိုင်ငံတွင် ကစားမည့် ကမ္ဘာ့ဖလားပြိုင်ပွဲအတွက်လည်း ခေါ်ယူခြင်းမရှိခဲ့ဘဲ ချန်လှပ်ခံခဲ့ရသူဖြစ်သည်။

စပါးအသင်းက တိုက်စစ်မှူးမာရှယ်အား ယခုအပြောင်းအရွှေ့ကာလအတွင်း ခေါ်ယူရန်စိတ်ဝင်စားလျက်ရှိပြီး ကစားသမားကိုယ်တိုင်ကလည်း မန်ယူအသင်းမှ ထွက်ခွာရန်ရှိနေကြောင်း သိရသည်။

တိုက်စစ်မှူးမာရှယ်၏ လက်ရှိစာချုပ်သက်တမ်းသည် ၂၀၂၀ ပြည့်နှစ်အထိဖြစ်သော်လည်း လာမည့်ဘောလုံးရာသီကုန်တွင် စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်ကြောင်းလည်း သိရသည်။

မာရှယ်အနေဖြင့် အခုဘောလုံးရာသီတွင် အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ကစားရန် ချိတ်ဆက်ထားသည့်အပြင် အာဆင်နယ်အသင်းကလည်း ခီတာယန်၏ နေရာတွင် အစားထိုးရန် မာရှယ်အား ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။

ထို့ကြောင့် တိုက်စစ်မှူးမာရှယ်မှာ အသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့ကစားရန်ရှိနေသော်လည်း နည်းပြမော်ရင်ဟိုအနေဖြင့် ယင်းသို့သတင်းထွက်ပေါ်လာခြင်းကို ငြင်းဆိုထားခဲ့ကြောင်း သိရသည်။

# ၂၀၁၈-၂၀၁၉ ပရီမီယာလိဂ်ရာသီ အဖွင့်ပွဲစဉ်အဖြစ် မန်စီးတီးအသင်းက အာဆင်နယ်အသင်းနှင့် ကစားရမည်

ပရီမီယာလိဂ်လက်ရှိချန်ပီယံ မန်စီးတီးအသင်းသည် ၂၀၁၈-၂၀၁၉ ဘောလုံးရာသီ၏ ပရီမီယာလိဂ်အဖွင့်ပွဲစဉ်အဖြစ် အာဆင်နယ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ မန်စီးတီးအသင်းက အဖွင့်ပွဲစဉ်တွင် အာဆင်နယ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သကဲ့သို့ စပါးအသင်းမှာ နယူးကာဆယ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် မန်ယူအသင်းသည် လက်စတာစီးတီးအသင်းကို အိမ်ကွင်း၌ ဧည့်ခံကစားရမည်ဖြစ်ပြီး လီဗာပူးအသင်းမှာမူ ဝက်စ်ဟမ်းအသင်းနှင့် ကစားရမည်ဖြစ်သည်။

ချန်ပီယံရှစ်မှ တန်းတက်လာခဲ့သည့် ဝုလ်ဗာဟမ်တန်အသင်းမှာမူ အဖွင့်ပွဲစဉ်အဖြစ် အဲဗာတန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်းသိရသည်။ ဖူလ်ဟမ်အသင်းသည် ခရစ္စတယ်ပဲလေ့အသင်းကို အိမ်ကွင်းတွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ကာဒစ်ဖ်အသင်းမှာမူ ဘုန်းမောက်အသင်းနှင့် ကစားရမည်ဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် အဖွင့်ပွဲစဉ်အဖြစ် ဟက်ဒါဖီးလ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ဆောက်သမ်တန်အသင်းမှာ အိမ်ကွင်းတွင် ဘန်လေအသင်းကို ဧည့်ခံကစားရမည်ဖြစ်ကြောင်းသိရသည်။ ဝက်ဖို့ဒ်အသင်းမှာမူ ဘရိုက်တန်အသင်းနှင့် ကစားရမည်ဖြစ်သည်။

အာဆင်နယ်အသင်းတွင် ၂၂ နှစ်ကြာတာဝန်ယူကိုင်တွယ်ခဲ့ပြီးနောက် လမ်းခွဲသွားခဲ့သည့် အာစင်ဝင်းဂါးနေရာတွင် တာဝန်ယူခဲ့သည့် နည်းပြအမ်မရီ၏ ပရီမီယာလိဂ်အဖွင့်ပွဲစဉ်တွင် လက်ရှိချန်ပီယံမန်စီးတီးအသင်းနှင့် ထိပ်တိုက်တွေ့နေခြင်းကြောင့် အမ်မရီ၏ အဖွင့်ပွဲစဉ်တွင် နိုင်ပွဲဖြင့် အာဆင်နယ်အသင်းတာဝန်ကို ရယူနိုင်မည်လား စောင့်ကြည့်ရမည်ဖြစ်သည်။




ငွေကြယ် - ရေးသားသည်

❖ ၂၀၁၈ ရုရှားကမ္ဘာ့ဖလားပွဲစဉ်မှ

၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲ၏ အဖွင့်ပွဲစဉ်ဖြစ်သည့် အိမ်ရှင်ရုရှားအသင်းနှင့် ဆော်ဒီအာရေဗျအသင်းတို့၏ ပွဲစဉ်တွင် ရုရှားအသင်းက ငါးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

အိမ်ရှင်ရုရှားအသင်းအတွက် သွင်းဂိုးများကို ပွဲကစားချိန် ၁၂ မိနစ်တွင် ဂါဇင်စကီးကလည်းကောင်း၊ ပွဲကစားချိန် ၄၃ မိနစ်တွင် ချယ်ရီရှက်ဗ်ကလည်းကောင်း၊ ပွဲကစားချိန် ၇၁ မိနစ်တွင် ဒိုင်ယူဘာကလည်းကောင်း ၊ ပွဲကစားချိန် မိနစ် ၉၀ တွင် ချယ်ရီရှက်ဗ်ကလည်းကောင်း၊ နာကျင်အချိန်ပိုတွင် ဂိုလိုဗင်ကလည်းကောင်း အသီးသီးသွင်းယူပေးခဲ့ခြင်းဖြစ်သည်။

လက်ရှိကမ္ဘာ့ဖလားချန်ပီယံအသင်းမှာ ဂျာမနီအသင်းဖြစ်ပြီး လက်ရှိကျင်းပလျက်ရှိသည့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲကို ဇူလိုင် ၁၅ ရက်နေ့အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

လေးနှစ်တစ်ကြိမ်ကျင်းပလျက်ရှိသည့် ကမ္ဘာ့ဖလားပြိုင်ပွဲသည် ဘောလုံးလောကတွင် တန်ဖိုးအမြင့်ဆုံးပြိုင်ပွဲဖြစ်ပြီး အသင်းပေါင်း ၃၂ သင်း ပါဝင်ယှဉ်ပြိုင်လျက်ရှိကာ အဖွင့်ပွဲစဉ်တွင် ပရိသတ် ၈၀၀၀၀ ခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။

# အိမ်ခြံမြေဝန်ဆောင်မှုဥပဒေကြမ်း

ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကိုပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**အိမ်ခြံမြေဝန်ဆောင်မှုဥပဒေကြမ်း**
**(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**
**၁၃၈၀ ပြည့်နှစ်၊ လ ရက်**
**(၂၀၁၈ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **အိမ်ခြံမြေ ဝန်ဆောင်မှု ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့် နေ့ရက်နှင့် နေရာဒေသတွင် စတင်အာဏာတည်ရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အိမ်ခြံမြေ** ဆိုသည်မှာ လူနေထိုင်ရန် သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ရန် ဆောက်လုပ်ထားသည့် အိမ်၊ အိမ်ခန်း၊ တိုက်၊ တိုက်ခန်း၊ ကွန်ဒို၊ စက်ရုံ၊ သိုလှောင်ရုံ၊ ပြခန်း၊ ဟိုတယ်ခန်း၊ တည်းခိုခန်း၊ ဆိုင်ခန်း စသည့် အဆောက်အအုံများနှင့် ယင်းတို့၏ အစိတ်အပိုင်းများ၊ ယင်းတို့၏ဥပစာများ၊ အိမ်မြေ၊ ခြံမြေ၊ စက်မှုလုပ်ငန်းမြေ၊ စီးပွားရေးလုပ်ငန်းသုံးမြေ၊ ဥပဒေနှင့်အညီ လွှဲပြောင်းရောင်းချခွင့်ရှိသော မြေအမျိုးမျိုးကို ဆိုသည်။

(ခ) **ဝန်ဆောင်မှု** ဆိုသည်မှာ အိမ်ခြံမြေ တစ်ခုခုကို ရောင်းခြင်း၊ ဝယ်ခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ လဲလှယ်ခြင်း၊ တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်း၊ ဘဏ်ချေးငွေရရှိရန် ဆောင်ရွက်ခြင်း၊ အတိုင်ပင်ခံခြင်း၊ တန်ဖိုးသတ်မှတ်ခြင်းနှင့် ဝန်ဆောင်မှု လုပ်ငန်းအပ်နှံသူကိုယ်စား ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ခြင်း အစရှိသော လုပ်ငန်းစဉ် တစ်ရပ်ရပ်တွင် ဝန်ဆောင်ခရယူ၍ ပါဝင်ဆောင်ရွက်ခြင်းကို ဆိုသည်။

(ဂ) **ဝန်ဆောင်မှုပေးသူ** ဆိုသည်မှာ အိမ်ခြံမြေ ဝန်ဆောင်မှု တစ်ခုခုကို ဆောင်ရွက်ပေးသော ပုဂ္ဂိုလ်တစ်ဦး၊ အဖွဲ့အစည်း သို့မဟုတ် ကုမ္ပဏီတစ်ခုခုကို ဆိုသည်။ ယင်းစကားရပ်တွင် လိုင်စင်ရရှိသူနှင့် လိုင်စင်ရရှိသူက သဘောတူစာချုပ်တစ်ရပ်ရပ်ဖြင့် စည်းကမ်းများ သတ်မှတ်၍ အိမ်ခြံမြေ အကျိုးဆောင်လုပ်ပိုင်ခွင့် ပေးအပ်ခြင်း ခံရသော အကျိုးဆောင် ကိုယ်စားလှယ်လည်း ပါဝင်သည်။

(ဃ) **ဝန်ဆောင်ခ** ဆိုသည်မှာ အိမ်ခြံမြေဝန်ဆောင်မှုလုပ်ငန်းအတွက် ဝန်ဆောင်မှုပေးသူနှင့် ဝန်ဆောင်မှုရယူသူ နှစ်ဦးသဘောတူညှိနှိုင်းသတ်မှတ်ချက်အရ ဝန်ဆောင်မှုပေးသူက ရပိုင်ခွင့်ရှိသော အဖိုးအခကို ဆိုသည်။

(င) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့၊ ဆောက်လုပ်ရေးဝန်ကြီးဌာနကို ဆိုသည်။

(စ) **ဦးစီးဌာန** ဆိုသည်မှာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနကို ဆိုသည်။

(ဆ) **ဗဟိုကော်မတီ** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသည့် အိမ်ခြံမြေဝန်ဆောင်မှု လုပ်ငန်းကြီးကြပ်ရေးဗဟိုကော်မတီကို ဆိုသည်။

(ဇ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဗဟိုကော်မတီက ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အိမ်ခြံမြေဝန်ဆောင်မှု ကြီးကြပ်ရေးကော်မတီကို ဆိုသည်။ ယင်းစကားရပ်တွင် နေပြည်တော်ကောင်စီနယ်မြေ ကြီးကြပ်ရေးကော်မတီလည်း ပါဝင်သည်။

(ဈ) **လိုင်စင်** ဆိုသည်မှာ အိမ်ခြံမြေ ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးကော်မတီက ဥပဒေနှင့်အညီ ထုတ်ပေးသော ခွင့်ပြုလက်မှတ်ကို ဆိုသည်။

(ည) **ယာယီလိုင်စင်** ဆိုသည်မှာ အိမ်ခြံမြေ ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်မှု ကော်မတီက ဥပဒေနှင့်အညီ ထုတ်ပေးသည့် ယာယီခွင့်ပြုလက်မှတ်ကို ဆိုသည်။

(ဋ) **ဝန်ဆောင်မှုရယူသူ** ဆိုသည်မှာ ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ရပ် အတွက် ဝန်ဆောင်မှုပေးသူအား အဖိုးစားနားပေး၍ လုပ်ငန်း အပ်နှံသူကို ဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်များ

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) စည်းမျဉ်း စည်းကမ်းများနှင့်အညီ စနစ်တကျ ဆောင်ရွက်သည့် အိမ်ခြံမြေ ဝန်ဆောင်မှုပေးသူများ ပေါ်ထွန်းလာစေရန်၊

(ခ) အိမ်ခြံမြေ ဈေးကွက်တည်ငြိမ်စွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရန်၊

(ဂ) ဝန်ဆောင်မှုပေးသူနှင့် ဝန်ဆောင်မှုရယူသူ နှစ်ဦးနှစ်ဖက် ဥပဒေနှင့်အညီ အကျိုးခံစားခွင့်များ ရရှိကြစေရန်၊

(ဃ) ဝန်ဆောင်မှုလုပ်ငန်းများတွင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း၊ ဒေသဆိုင်ရာ အဖွဲ့အစည်း၊ ပြည်တွင်း ပြည်ပအဖွဲ့အစည်းနှင့် ပုဂ္ဂလိကများအကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်နိုင်ရန်။

## အခန်း(၃)
## ဗဟိုကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည်-

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်တစ်ဦးကို ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာ အစိုးရဌာနနှင့် စည်ပင်သာယာရေး ကော်မတီများမှ သင့်လျော်သော ပုဂ္ဂိုလ်များနှင့် အိမ်ခြံမြေဝန်ဆောင်မှု လုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များမှ ရွေးချယ်ပေးသည့် ကိုယ်စားလှယ်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သည့် အိမ်ခြံမြေဝန်ဆောင်မှုလုပ်ငန်း ကြီးကြပ်ရေးဗဟိုကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသည့်ဗဟိုကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၆။ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အိမ်ခြံမြေဝန်ဆောင်မှု လုပ်ငန်းဆိုင်ရာ မူဝါဒများ ချမှတ်ခြင်း၊

(ခ) အိမ်ခြံမြေ ဝန်ဆောင်မှုအသင်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ကြီးကြပ်ခြင်း၊

(ဂ) အိမ်ခြံမြေ ဝန်ဆောင်မှုလုပ်ငန်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အသင်းအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) အိမ်ခြံမြေ ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ သင်တန်းများနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းသင့်သည့် ဘာသာရပ်၊ သင်ရိုးညွှန်းတမ်း၊ သင်တန်းကာလနှင့် သင်တန်းအမျိုးအစား၊ သင်တန်းအောင်မြင်မှု အဆင့်အတန်း စသည်တို့ကို သတ်မှတ်ပေးခြင်း၊

(င) အိမ်ခြံမြေ ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သူများက လိုက်နာစောင့်ထိန်းရမည့် စည်းကမ်းများကို သတ်မှတ်ပေးခြင်း၊

(စ) ပြည်တွင်းပြည်ပ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ပေးခြင်း၊

(ဆ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဇ) လိုင်စင်အမျိုးအစား၊ လိုင်စင်ကြေးနှင့် လိုင်စင်စည်းကမ်းများ သတ်မှတ်ပေးခြင်း၊

(ဈ) မိမိ၏အဖွဲ့ဝင်များဖြင့်ဖြစ်စေ၊ အခြားသင့်လျော်သည့် နိုင်ငံသားဖြင့်ဖြစ်စေ လိုအပ်သည့် လုပ်ငန်းအဖွဲ့များကိုဖွဲ့စည်း၍ ယင်းတို့၏လုပ်ငန်းတာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးခြင်း၊

(ည) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းများအား ကြီးကြပ်ခြင်းနှင့် လိုအပ်ပါကစစ်ဆေးခြင်း။

## အခန်း(၄)
## တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၇။ ဗဟိုကော်မတီသည်-

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးကော်မတီများကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီး သို့မဟုတ် နေပြည်တော်ကောင်စီဝင် | ဥက္ကဋ္ဌ |
| (၂) | ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၃) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဦးစီးဌာနမှူး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အခွန်ဦးစီးဌာနမှူး ပြည်တွင်းအခွန်များဦးစီးဌာန၊ | အဖွဲ့ဝင် |
| (၅) | ဌာနမှူး၊ နေပြည်တော်စည်ပင် သာယာရေးကော်မတီ | အဖွဲ့ဝင် |
| (၆) | ဌာနမှူး၊ မြို့တော်စည်ပင်သာယာရေး ကော်မတီ သို့မဟုတ် ညွှန်ကြားရေးမှူး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ | အဖွဲ့ဝင် |
| (၇) | အိမ်ခြံမြေ ဝန်ဆောင်မှု လုပ်ငန်းဆိုင်ရာအသင်း အဖွဲ့များမှ ရွေးချယ်တာဝန်ပေးသည့် ကိုယ်စားလှယ် နှစ်ဦး | အဖွဲ့ဝင် |
| (၈) | တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ညွှန်ကြားရေးမှူး၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | အတွင်းရေးမှူး |

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကြီးကြပ်ရေးကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဗဟိုကော်မတီက ချမှတ်သော မူဝါဒများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ခ) အိမ်ခြံမြေ ဝန်ဆောင်မှုအသင်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဂ) အိမ်ခြံမြေ ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်နေသည့် ပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီများအား ကြီးကြပ်ခြင်း၊

(ဃ) အိမ်ခြံမြေ ဝန်ဆောင်မှု လုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်နှင့် အခက်အခဲများကို ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(င) ယာယီလိုင်စင် လျှောက်ထားချက်များကို စိစစ်ခြင်း၊ မှတ်ပုံတင်ခြင်း၊ ယာယီလိုင်စင် ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းဆိုခြင်း၊

(စ) လိုင်စင်ဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ခြင်း၊

(ဆ) လိုင်စင်လျှောက်ထားချက်များကို စိစစ်ခြင်း၊ မှတ်ပုံတင်ခြင်း၊ လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းဆိုခြင်း၊

(ဇ) ဝန်ဆောင်မှု ပေးသူအား တိုင်ကြားလာပါက မှန်ကန်မှု ရှိ၊ မရှိ စိစစ်ဆုံးဖြတ်ခြင်းနှင့် လိုအပ်သောအရေးယူမှုများဆောင်ရွက်ခြင်း၊

(ဈ) လိုင်စင်စည်းကမ်းဖောက်ဖျက်ကြောင်း စိစစ်တွေ့ရှိလျှင် လိုင်စင်ကို ကန့်သတ်ထားသည့် ကာလအတွင်း ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် လိုင်စင်ရုပ်သိမ်းခြင်း၊

## အခန်း(၅)
## ဝန်ဆောင်မှုပေးသူ၏ အရည်အချင်းသတ်မှတ်ချက်များ

၉။ အိမ်ခြံမြေ ဝန်ဆောင်မှုပေးသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) အသက် ၁၈ နှစ်ပြည့်ပြီးသူ မြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ရန် ယာယီလိုင်စင် သို့မဟုတ် လိုင်စင်ရရှိထားသူ ဖြစ်ရမည်။

(ဂ) ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီသည် နိုင်ငံခြားသားနှင့်ဖက်စပ်လုပ်ကိုင်သည့် ကုမ္ပဏီဖြစ်ပါက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ရရှိပြီး ဖြစ်ရမည်။

၁၀။ အောက်ပါပုဂ္ဂိုလ်များသည် ဝန်ဆောင်မှုလုပ်ငန်းများတွင် လုပ်ကိုင်ခွင့် မရှိစေရ-

(က) စိတ်ပေါ့သွပ်သူ၊

(ခ) လူမွဲအဖြစ် တရားရုံးတစ်ခုခုက ကြေညာခြင်းခံရသူ၊

(ဂ) သာသနာ့ဘောင်သို့ အမြဲတမ်းကူးပြောင်းသွားသူ၊

(ဃ) အကျင့်သိက္ခာ ပျက်ပြားသူ၊

(င) ယာယီလိုင်စင် သို့မဟုတ် လိုင်စင်မရှိသူ။

## အခန်း(၆)
## ဝန်ဆောင်မှုပေးသူက လိုက်နာရမည့် စည်းကမ်းများ

၁၁။ ဝန်ဆောင်မှုပေးသူသည်-

(က) ယာယီလိုင်စင် သို့မဟုတ် လိုင်စင်ပါ စည်းကမ်းများကို လိုက်နာရမည်။

(ခ) ဝန်ဆောင်မှုလုပ်ငန်းနှင့်စပ်လျဉ်း၍ ဤဥပဒေနှင့် အခြားတည်ဆဲဥပဒေများကို လိုက်နာရမည်။

(ဂ) ဝန်ဆောင်မှုရယူသူက အမှန်တကယ် ရောင်းချခွင့်ပြုသည့် ဈေးနှုန်းထက်ပို၍ရောင်းချခြင်းမပြုရ။

## အခန်း(၇)
## ဝန်ဆောင်မှုပေးသူ၏ အခွင့်အရေးနှင့် တာဝန်များ

၁၂။ ဝန်ဆောင်မှုပေးသူ၏ အခွင့်အရေးများမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ဝန်ဆောင်မှုလုပ်ငန်းကို စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ခွင့်ရှိသည်။

(ခ) ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ရပ်အတွက် လိုအပ်ချက်များကို သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်း၊ အသင်းအဖွဲ့များသို့ သတ်မှတ်ချက်များနှင့်အညီ မေးမြန်းစုံစမ်းနိုင်ခွင့်ရှိသည်။

(ဂ) ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများ တက်ရောက်ခွင့်ရှိသည်။

(ဃ) ဝန်ဆောင်မှုလုပ်ငန်းနှင့် စပ်လျဉ်း၍ ဝန်ဆောင်မှုရယူသူ၏ သဘောတူညီချက်ဖြင့် သတင်းစာ၊ ဂျာနယ်၊ စာစောင်နှင့်သင်ပုန်း တစ်ခုခုတွင် ဖြစ်စေ၊ မီဒီယာတစ်ခုခုတွင် ဖြစ်စေ၊ ဝန်ဆောင်မှု ရယူသူကိုယ်စား ကြေညာခွင့်ရှိသည်။

(င) အိမ်ခြံမြေကို ဥပဒေနှင့်အညီ နိုင်ငံပိုင် သို့မဟုတ် ပုဂ္ဂလိကပိုင် ဘဏ်တစ်ခုခုတွင် ချေးငွေရယူရန်အတွက် ဝန်ဆောင်မှုရယူသူက တာဝန်ပေးလွှဲအပ်ပါက ၎င်း၏ကိုယ်စားဆောင်ရွက်နိုင်ခွင့်ရှိသည်။

(စ) အိမ်ခြံမြေကို နှစ်ချုပ်စနစ်ဖြင့်ငှားရမ်းခြင်း ဝန်ဆောင်မှုအတွက် လုပ်ငန်းအပ်နှံခြင်းစာချုပ်တွင် သဘောတူညီထားသည့်အတိုင်း ဝန်ဆောင်ခ ရယူခွင့်ရှိသည်။

၁၃။ ဝန်ဆောင်မှုပေးသူ၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) လိုင်စင် သို့မဟုတ် ယာယီလိုင်စင်ရရှိရန် သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

(ခ) အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းမှုတွင် သဘောတူညီထားသော ဈေးနှုန်းထက်ပို၍ ရောင်းချငှားရမ်းခြင်း မပြုကြောင်း တာဝန်ခံရမည်။

စာမျက်နှာ ၂၀ သို့

# ဧရာဝတီမြစ်အတွင်း တရားမဝင်ရွှေကျင်မှုနှင့် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုများကြောင့် ရေထုညစ်ညမ်းမှုများဖြစ်ပေါ်

**မြစ်ကြီးနား ဇွန် ၁၄**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်အတွင်း ဧရာဝတီမြစ်တွင် တရားမဝင်ရွှေကျင်မှုများနှင့် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများကြောင့် ရေထုညစ်ညမ်းမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း ကချင်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်အောင်မိုးထံမှ သိရသည်။

"ရေထုညစ်ညမ်းမှုမှာ လူတိုင်းမှာ တာဝန်ရှိတယ်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေနဲ့လည်း သူ့တာဝန်အတိုင်း ဘယ်နေရာမှာ အမှိုက်စွန့်ပစ်ရမယ်ဆိုပြီး သတ်မှတ်ထားပြီးသား ဖြစ်ပါတယ်၊ ရေထုညစ်ညမ်းစေတဲ့ ပြဒါးအသုံးပြုပြီး ရွှေကျင်တဲ့ လုပ်ငန်းတွေ လုပ်ကိုင်နေတာကို ဧရာဝတီမြစ် အထက်ပိုင်းတွေမှာ တွေ့ရမှာပါ၊ တရားမဝင် ရွှေကျင်ခြင်း၊ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်းတွေကြောင့် ဧရာဝတီမြစ်အတွင်းရှိတဲ့ သဘာဝရေနေ သတ္တဝါမျိုးစိတ်တွေ ပျက်စီးဆုံးရှုံးခြင်း၊ ဂေဟစနစ်တွေ ပြောင်းလဲခြင်းတို့ ဖြစ်ပေါ်စေနိုင်ပါတယ်"ဟု ညွှန်ကြားရေးမှူး ဦးကျော်အောင်မိုးက ဆက်လက်ပြောကြားသည်။

ကချင်ပြည်နယ် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာန၊ မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြစ်ကြီးနားမြို့ပေါ်ရှိ လူမှုရေး အသင်းအဖွဲ့များက ဧရာဝတီမြစ်ရေကျဆင်းချိန်များတွင် စုပေါင်းအမှိုက်ကောက်ပွဲများကိုလည်း နှစ်စဉ် ကျင်းပလာခဲ့ရာ ယခင်နှစ်များနှင့် မတူ ဧရာဝတီမြစ်အတွင်း အမှိုက်စွန့်ပစ်မှု နည်းပါးလာသည်ကို လည်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ သန့်ရှင်းရေးဌာနစိတ်မှ ဒုဦးစီးမှူး ဦးအောင်နေစိုးထံမှ သိရသည်။



"အမှိုက်စွန့်ပစ်မှုကတော့ အရင်ကထက် နည်းသွားပါပြီ၊ အရင်တုန်းကဆိုရင် ဧရာဝတီမြစ်နံဘေးမှာရှိတဲ့ ရှမ်းစုတောင်၊ ရှမ်းစုမြောက်၊ မင်းရပ်၊ လယ်ကုန်းနဲ့ ကချင်စုရပ်ကွက်တွေက အမှိုက်စွန့်ပစ်မှုတွေ များတာကြောင့် ရေထု ညစ်ညမ်းမှုတွေ ဖြစ်ပေါ်စေခဲ့ပါတယ်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေနဲ့ ခြောက်ဘီးတပ် အမှိုက်သိမ်းယာဉ် ၁၁ စီးနဲ့ မြို့ပေါ်ရပ်ကွက်တွေကို ၂၈ ခေါက်၊ သုံးဘီးယာဉ် လေးစီးနဲ့ ခေါက်တို ၁၂ ခေါက် အမှိုက်တွေလိုက်လံ သိမ်းဆည်းတာကို နေ့စဉ်ဆောင်ရွက်ပေးနေပြီး နေ့စဉ်ထွက်ရှိမှု အမှိုက်တန် ၉၀ ခန့် ရှိပါတယ်၊ မြို့သစ်ရပ်ကွက် ဧရာ ရုပ်ရှင်ရုံအနီးနဲ့ စီတာပူရပ်ကွက် ဂျပန်လမ်းဆုံတို့မှာ အခြေပြုပြီး ရပ်ကွက်နေ ပြည်သူတွေရဲ့ စွန့်ပစ်အမှိုက်တွေကို ၂၄ နာရီပတ်လုံး တာဝန်ယူသိမ်းဆည်းပေးနေပါတယ်" ဟု ဒု-ဦးစီးမှူး ဦးအောင်နေစိုးက ပြောကြားသည်။

မြစ်ကြီးနားမြို့ရှိ ဧရာဝတီမြစ်အတွင်းတွင် ရေထုညစ်ညမ်းမှု မရှိစေရေး စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများ၊ ပြဒါးအသုံးပြု တရားမဝင် ရွှေကျင်မှုများ မရှိမှသာ ဧရာဝတီမြစ်၏ သဘာဝအလှတရားများနှင့် ဇီဝမျိုးစုံ၊ မျိုးကွဲများ ပျက်စီးဆုံးရှုံးမှုမရှိဘဲ ဂေဟစနစ်များလည်း ပုံမှန်လည်ပတ်နိုင်မည်ဖြစ်သည်။ ထိုကဲ့သို့ဖြစ်ပေါ်နိုင်ရန်မှာလည်း ဒေသတွင်းနေ ပြည်သူများအားလုံးတွင် တာဝန်ရှိပြီး တစ်ဦးချင်း တစ်ယောက်ချင်းမှ အစပြု၍ အသိစိတ်ဓာတ် ကောင်းမွန်စွာဖြင့် စနစ်တကျသတ်မှတ်နေရာ၌ အမှိုက်စွန့်ပစ်ခြင်း၊ သတ်မှတ်ထားသည့် စည်းကမ်းများနှင့်အညီ သဲကျောက်တူးဖော်ခြင်းလုပ်ငန်းကို လိုက်နာကျင့်သုံးကြရန် လိုအပ်ကြောင်း ပြည်နယ်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနမှူး ဦးကျော်အောင်မိုးထံမှ သိရသည်။

**ဦးလေးကြီး**

# ဧရာဝတီလင်းပိုင်ထိန်းသိမ်းကာကွယ်ရေး ကျေးရွာသုံးရွာတွင် လူထုလှုပ်ရှားမှုပြုလုပ်

**မန္တလေး ဇွန် ၁၄**

ကမ္ဘာပေါ်တွင် ရေချိုလင်းပိုင် ငါးမျိုးရှိရာ မျိုးသုဉ်းပျောက်ကွယ်မှုနှင့် ရင်ဆိုင်နေရသည့် ဧရာဝတီလင်းပိုင် ထိန်းသိမ်းကာကွယ်ရေးအနေဖြင့် ကျေးရွာသုံးရွာတွင် လူထုလှုပ်ရှားမှုကို ဧရာဝတီမြစ်အတွင်းရှိ လင်းပိုင်ထိန်းသိမ်း စောင့်ရှောက်ရေးဧရိယာအတွင်း၌ ဇွန် ၁၃ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ လူထုလှုပ်ရှားမှုကို လင်းပိုင် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့၊ Natural Green Alliance (စိမ်းရောင်စိုအဖွဲ့) Clean Mandalay Society၊ Mandalay Adventure၊ မန္တလေးတက္ကသိုလ်နှင့် ရတနာပုံတက္ကသိုလ်မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ အမရပူရမြို့ပြဖွံ့ဖြိုးရေးစီမံကိန်း (MBCCD)တို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"လင်းပိုင်အပါအဝင် ဧရာဝတီမြစ်အတွင်းမှာရှိတဲ့ ငါးမျိုးစိတ်တွေ လူတွေရဲ့ ပယောဂကြောင့် ထိခိုက်နစ်နာဆုံးရှုံးမှုတွေ ဖြစ်နေတယ်။လင်းပိုင်ထိန်းသိမ်းရေးအပြင် အခြားမျိုးစိတ်တွေကိုထိန်းသိမ်းဖို့ အတွက်လည်း ဟောပြောပွဲတွေပြုလုပ်သွားမှာပါ။ လင်းပိုင်ရဲ့ ပေါက်ဖွားမှုထက် သေဆုံးမှုကို မကာကွယ်ရင် ပျောက်ကွယ်သွားနိုင်တယ်။ လင်းပိုင်တစ်ကောင်ပေါက်ဖို့ဆိုရင် လေးနှစ်နဲ့ ခုနစ်လလောက် အချိန်ယူရတယ်။ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလက ငါးလုပ်ငန်းဦးစီးဌာနနဲ့ WCS တို့ ပူးပေါင်းပြီး လုပ်ခဲ့တဲ့ စစ်တမ်းအရ မင်းကွန်းကနေ ဗန်းမော်အထိ ဧရာဝတီလင်းပိုင်က ၆၉ ကောင်ရှိတယ်" ဟု စိမ်းရောင်စိုအဖွဲ့ ဦးဆောင်သူ ဦးမောင်မောင်ဦးက ပြောသည်။

လက်ရှိတွင် လင်းပိုင်ထိန်းသိမ်းရေးဧရိယာအတွင်းရှိ ရွာများမှ ဒေသခံများအနေဖြင့် လင်းပိုင်များ ထိခိုက်သေဆုံးစေနိုင်သည့် လျှပ်စစ်ရှော့တိုက်ငါးဖမ်းခြင်းများ၊ တရားမဝင် ပိုက်များဖြင့် ငါးဖမ်းခြင်းများ၊ အဆိပ်ချငါးဖမ်းခြင်းများနှင့် ငါးမိုင်းခွဲခြင်းတို့ ပြုလုပ်သည်ကို တွေ့ရှိသဖြင့် တိုင်ကြားရာတွင် ၎င်းတို့အတွက် ခြိမ်းခြောက်ခံရမှုများ ရှိနေကြောင်း သိရသည်။

ထို့ပြင် အမရပူရမြို့ပြ ဖွံ့ဖြိုးရေးစီမံကိန်းမှ သတင်းနှင့်ပြန်ကြားရေး တာဝန်ခံ ဦးဇော်ရဲဝင်းက ဧရာဝတီလင်းပိုင်ထိန်းသိမ်း ကာကွယ်ရေး လူထုလှုပ်ရှားမှုတွင် ပါဝင်ကူညီရခြင်းနှင့် ပတ်သက်၍ "စီးပွားရေးလုပ်ငန်းတွေလုပ်တဲ့အခါ လူထုကြားမှာ ဒီစီးပွားရေးလုပ်ငန်းရှင်တွေက သူတို့အကျိုးအမြတ်အတွက်ပဲ ကြည့်ပြီး ပြည်သူလူထုအတွက် ဘာမှကြည့်တာမဟုတ်ပါဘူး ဆိုတဲ့အမြင်လေးရှိနေတယ်။ ကျွန်တော်တို့က စီးပွားရေးလုပ်နေပေမယ့် မြန်မာနိုင်ငံသားဖြစ်ပြီး ဧရာဝတီမြစ်ကြီးကို မှီခိုပြီးကြီးပြင်းလာတာကြောင့် ကျွန်တော်တို့ စီမံကိန်းလုပ်တဲ့အခါမှာ ဧရာဝတီမြစ်ကြီးနဲ့ သက်ဆိုင်တဲ့လေ့လာဆန်းစစ်ချက်တွေအရ ဒီမြစ်ကြီးအကြောင်းကို အရင်ထက် ပိုပြီးသိလာတယ်။ ဒါကြောင့် ဒီမြစ်ကြီးပိုမိုဖွံ့ဖြိုးတိုးတက်အောင်၊ သဘာဝသယံဇာတတွေ တိုးပွားလာအောင် ဘက်ပေါင်းစုံက အားလုံးပူးပေါင်းပြီးလုပ်မှ အောင်မြင်မယ်လို့ လေးလေးနက်နက်ယုံကြည်တဲ့အတွက် ဘယ်သူတွေ ဘယ်လိုပြောနေပါစေ မှန်ကန်ကောင်းမွန်တဲ့ ကျင့်ဝတ်နဲ့ညီတဲ့ စီးပွားရေးလုပ်ငန်းတွေ ဖော်ဆောင်တဲ့အခါမှာ နိုင်ငံသားတွေနဲ့အတူ ကျွန်တော်တို့က အမြဲတမ်းရှိပြီးတော့ ပူးတွဲဖော်ဆောင်သွားမှာပါ"ဟု ပြောသည်။



ဧရာဝတီလင်းပိုင် ထိန်းသိမ်းကာကွယ်ရေး လူထုလှုပ်ရှားမှုတွင် လင်းပိုင် ထိန်းသိမ်းစောင့်ရှောက်ရေးဧရိယာအတွင်းမှ ကျေးရွာ သုံးရွာတွင် နေထိုင်ကြသည့် ဒေသခံများကိုသွားရောက် တွေ့ဆုံ၍ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ အသိပညာပေးဟောပြောပွဲများပြုလုပ်ခြင်းနှင့် ဧရာဝတီလင်းပိုင်များကို ထိန်းသိမ်းပါဟူသော စာတန်းပါသည့် အင်္ကျီများကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ခရီးသွားပြည်သူများ အဆင်ပြေစေရေး မြို့နယ်ရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ ကူညီဆောင်ရွက်

**အထက်မင်းလှ ဇွန် ၁၄**

သရက်ခရိုင် မင်းလှမြို့နယ် ကုန်းကြီးချောင်းရေကျော်တွင် ဇွန် ၁၄ ရက်နံနက်ပိုင်းက ခရီးသွားပြည်သူများ အဆင်ပြေစေရေးအတွက် မြို့နယ်ရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့မှ ကူညီဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

မင်းလှမြို့နယ်ရဲတပ်ဖွဲ့မှ ရဲမှူးထင်အောင်လင်းနှင့် တပ်ဖွဲ့ဝင် ၃၀၊ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးကျော်လင်းစိုးနှင့်တပ်ဖွဲ့ဝင် ကိုးဦး၊ ထန်းကိုင်းကျေးရွာအရန်မီးသတ်တပ်ဖွဲ့ဝင် ငါးဦး၊ ကုန်းကြီးကျေးရွာအုပ်ချုပ်ရေးမှူးတို့သည် ကုန်းကြီးချောင်းရေကျော်တွင် မိုးအဆက်မပြတ်ရွာသွန်းနေသော်လည်း ချောင်းရေ နှစ်ပေခွဲခန့် ကျဆင်းနေ၍ ခရီးသွားပြည်သူများ အဆင်ပြေစေရေးအတွက် မော်တော်ဆိုင်ကယ်များအား ထမ်းပိုးသယ်ဆောင်ပေးခြင်း၊ ချောင်းရေဖြတ်ကူးရာတွင် လက်တွဲကူညီပေးခြင်း၊ မော်တော်ယာဉ်များအတွက် လမ်းကြောင်းပြပေးခြင်းများကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**ကိုသက် (အထက်မင်းလှ)**

# ဆိပ်ဖြူမြို့နယ်ရှိ ဆည်တမံများအား ရေဝင်ရောက်မှု ကွင်းဆင်းစစ်ဆေး

**ဆိပ်ဖြူ ဇွန် ၁၄**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် မုတ်သုံရာသီ ဇွန်လဆန်းပိုင်းမှစတင်၍ မိုးအဆက်မပြတ် ရွာသွန်းခြင်းကြောင့် ဒေသခံပြည်သူများ သဘာဝဘေးအန္တရာယ် မဖြစ်ပေါ်စေရန်နှင့် စိုက်ပျိုးမြေများ ထိခိုက်ပျက်စီးမှုများ မဖြစ်ပေါ်စေရန်အတွက် မြို့နယ်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် သက်ဆိုင်ရာတာဝန်ရှိသူများသည် ဇွန် ၁၃ ရက်က မြို့နယ်အတွင်းရှိ ဆည်တမံများကို ကွင်းဆင်းကြည့်ရှုခဲ့သည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ဆည်မြောင်း)မှ ကြီးကြပ်ထိန်းသိမ်း ဆောင်ရွက်လျက်ရှိသည့် မြို့နယ်အတွင်းရှိ ဆည်တမံ ကိုးခုတွင် ဆည်ရေဝင်ရောက်မှုအခြေအနေများကို မြို့နယ်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခိုင်ထွန်းဇော်နှင့်အဖွဲ့သည် မြို့နယ်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ဆည်မြောင်း)မှ ဦးစီးအရာရှိ (မြို့ပြ) ဦးရန်လင်းမောင်နှင့် ဝန်ထမ်းများ တွေ့ဆုံကာ ဆည်တမံများ၌ ရေဝင်ရောက်မှုအခြေအနေ၊ ရေသိုလှောင်ထားရှိနိုင်သည့်ပမာဏနှင့် ရေကင်းတာဝန်ချထားမှု၊ ရေပိုလွှဲများနှင့် ရေလွှတ်မြောင်းများ ပြုပြင်ဆောင်ရွက်ထားရှိမှုအခြေနေများကို ကြည့်ရှုစစ်ဆေးသည်။

မြို့နယ် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ဆည်မြောင်း)မှ ဦးစီးအရာရှိ (မြို့ပြ) က ဆည်တမံများနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး မိုးရွာသွန်းမှုကြောင့် ဆည်တမံ များအတွင်း၌ လက်ခံထားရှိနိုင်မည့် ရေပမာဏနှင့် ဆည်ရေသောက်ဧရိယာ အတွင်း သတ်မှတ်လျာထားစိုက်ဧကများပြည့်မီစွာ စိုက်ပျိုးရေပေးဝေနိုင်ရေး အတွက် ပိုလျှံသည့် ရေများအားစနစ်တကျလျှော့ချမည့် နည်းလမ်းများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**စိုးလင်းနိုင်(ပြန်/ဆက်)**

# တိုင်းဒေသကြီးအတွင်း ဆည်ငါးခု၏ လက်ရှိရေအမှတ်သည် အနီမှတ်သို့ ရောက်ရှိနေကြောင်း ထုတ်ပြန်

**မုံရွာ ဇွန် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရွှေဘိုခရိုင် ကိုးပင်ဆည်နှင့်မဟာနန္ဒာကန်၊ ပုလဲမြို့နယ် မြောက်ယမားဆည်၊ မြောက်ယမားရေကူနှင့် ကလေးမြို့နယ် ရာဇဂြိုဟ်ဆည်တို့၏ လက်ရှိရေမှတ်သည် အနီမှတ်သို့ ရောက်ရှိနေကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရက ဇွန် ၁၂ ရက် ညနေပိုင်းတွင် ထုတ်ပြန်ထားသည်။

ရွှေဘိုခရိုင် ကိုးပင်ဆည်၏ကန်ရေပြည့်အမှတ်သည် ၄၂၅ ပေ ရှိပြီး လက်ရှိတွင် ၄၂၅ ဒသမ ၉ ပေ ဖြင့် ဒသမ ၉ ပိုနေရာ ရေပိုလွှဲမှ ရေပါးပါးကျော်နေပြီဖြစ်ပြီး ကန်ရေပြည့်အမှတ် ၃၇၆ ပေ ရှိသော မဟာနန္ဒာကန်တွင် လက်ရှိ၌ ၃၇၇ ပေ သို့ ရောက်ရှိနေကြောင်းသိရသည်။ထို့ပြင်ကန်ရေပြည့်ပမာဏ ၄၈၇ ပေရှိသော မြောက်ယမားဆည်တွင် လက်ရှိ၌ ၄၈၈ ဒသမ ၇ ပေသို့ ရောက်ရှိနေပြီး ကန် ရေပြည့်အမှတ် ၇၃၅ ပေရှိသော မြောက်ယမားရေကူတမံတွင် လက်ရှိ၌ ၇၃၅ ဒသမ ၂၀ ပေသို့ ရောက်သလို ကန်ရေပြည့်အမှတ် ပေ ၆၄၀ ရှိသောကလေး မြို့နယ်ရာဇဂြိုဟ်ဆည်တွင်လက်ရှိ၌ ၆၄၃ ဒသမ ၅၀ ပေသို့ ရောက်ရှိနေကြောင်း သိရသည်။

၂၀၁၈ ခုနှစ် ဇွန် ၁၁ ရက်အထိ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တရားဝင်ထုတ်ပြန်ချက် သတင်းများအရ ရေလှောင်တမံ ၁၈ ခုမှ ရေပြည့်အမှတ်ကျော်လွန်လာသဖြင့် ရေပိုလွှဲမှ ရေကျော်စီးထွက်မှုများရှိနေသော်လည်း ထူးခြားအဆင့်အထိ ရေအများအပြားထွက်နေသည့် အခြေအနေလုံးဝမရှိပါကြောင်းနှင့် ဆည်တမံများအားလုံးကိုလည်း တာဝန်ရှိသူများက အချိန်ပြည့်စောင့်ကြည့် ကြပ်မတ်လျက်ရှိသကဲ့သို့ ဆည်တမံများ၏ ကြံ့ခိုင်လုံခြုံရေးနှင့်ရေပိုလွှဲ ရေဆင်းဧရိယာတစ်လျှောက်တွင် ထိခိုက်မှုမရှိစေရေးကိုလည်း ဒေသတာဝန်ရှိသူများနှင့် ကြိုတင်စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# လူငယ်နှင့်မူးယစ်ဆေးဝါး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ သန်လျင်မြို့နယ်၌ ကျင်းပ

**ရန်ကုန် ဇွန် ၁၄**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် သန်လျင်မြို့နယ်၌ "လူငယ်နှင့် မူးယစ်ဆေးဝါး" ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း (Public Talk) ဆွေးနွေးပွဲကို ဇွန် ၁၄ ရက် နံနက် ၁၀ နာရီက သန်လျင်မြို့နယ် အုတ်ဖိုစုရပ်ကွက် နေမင်းစန္ဒာ ကိုယ်ပိုင်အထက်တန်းကျောင်း၌ ကျင်းပသည်။

ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲတွင် ရန်ကုန်တောင်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဒေါ်ရီရီလွင်၊ တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှ ရဲအုပ် ဇင်ဘိုဘိုထွန်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ဦးစီးဌာနမှူး ဒေါက်တာမြကြေးမုံ၊ နေမင်းစန္ဒာ ကိုယ်ပိုင် အထက်တန်းကျောင်း တာဝန်ခံ ဆရာကြီး ဦးရွှေထွန်းတို့က မူးယစ်ဆေးဝါးသည် လူငယ်များအကြား ကြီးမားသောအန္တရာယ်ဖြစ်သည့်အတွက် မူးယစ်ဆေးဝါးဆိုးကျိုးများကိုသိရှိစေရန် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအတွက် လက်ရှိဆောင်ရွက်နေသည့် အခြေအနေများကို သိရှိပြီး မိမိပတ်ဝန်းကျင်ရှိ လူငယ်များအကြား မူးယစ်ဆေးဝါးပျံ့နှံ့နေမှုကို ပူးပေါင်းအဖြေရှာ တိုက်ဖျက်နိုင်ရေးလုပ်ငန်းများ၊ ဒေသတွင်းမူးယစ်ဆေးဝါးပျံ့နှံ့ရောက်ရှိလာပုံ၊ အရေးယူဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများ၊ ကျန်းမာရေးအတွက် မူးယစ်ဆေးဝါး၏ဆိုးကျိုးများ၊ ပြစ်မှုပြစ်ဒဏ်များ၊ မိသားစုများအတွင်း မူးယစ်ဆေးနှင့် ပတ်သက်သည့် စိုးရိမ်ပူပန်မှုများနှင့် ဖြေရှင်းနိုင်သည့် နည်းလမ်းများကို ဝိုင်းဝန်းဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသည့် နေမင်းစန္ဒာ ကိုယ်ပိုင်အထက်တန်းကျောင်း တာဝန်ခံကျောင်းအုပ် ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက သိရှိလိုသည့်အကြောင်းအရာများကို မေးမြန်းကြရာ ဦးဆောင်ဆွေးနွေးသူများက ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သက်ခိုင်(သန်လျင်)**

# စီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာ အသိပညာမျှဝေခြင်း ဆွေးနွေးပွဲ ကျင်းပ



**လွိုင်ကော် ဇွန် ၁၄**

ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် စီမံဆောင်ရွက်လျက်ရှိသော စီမံကိန်းရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် ရသုံးခန့်မှန်းခြေ ငွေစာရင်းရေးဆွဲနေမှု လုပ်ငန်းစဉ်များ၊ ပြည်နယ်၏ ရသုံးခန့်မှန်းခြေ ငွေစာရင်းတွင် ရငွေများနှင့်သုံးငွေများစီမံခန့်ခွဲ အကောင်အထည်ဖော်နေမှု အခြေအနေများပေါ်တွင် ပြည်နယ်အတွင်းရှိ ဒေသခံ အရပ်ဘက် အဖွဲ့အစည်းများ၊ ဒေသခံ ပြည်သူများ သိရှိနားလည်စေရန်နှင့် ရသုံးခန့်မှန်းခြေ ငွေစာရင်းရေး ဆွဲရာတွင်လည်း အရပ်ဘက် လူမှုအဖွဲ့အစည်းများမှ ပြည်နယ်အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ပထမအကြိမ် စီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာ အသိပညာမျှဝေခြင်း ဆွေးနွေးပွဲကို ဇွန် ၁၄ ရက် နံနက် ၉ နာရီက လွိုင်ကော်မြို့ Kayah Resort Hotel တွင် ကျင်းပခဲ့သည်။

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းများတွင် ပွင့်လင်းမြင်သာစွာ ချပြဆောင်ရွက်နိုင်ရေး ကြိုးပမ်းလျက်ရှိကြောင်း၊ အားနည်းချက်များနှင့် ပတ်သက်ပြီး ဝေဖန်ပြောဆိုနေမည့် အစား ပူးပေါင်းဆောင်ရွက်ခွင့် အပြည့်အဝ ပေးအပ်ထားပြီးဖြစ်ပါသဖြင့် ပူးပေါင်းဆောင်ရွက်မှသာလျှင် အားနည်းသည့်ကဏ္ဍများ တိုးတက်လာမည်ဖြစ်ကြောင်း၊ ပြည်နယ်အတွင်း စီမံကိန်းကဏ္ဍအနေဖြင့် ဟိုတယ်ခရီး၊ သတ္တုကဏ္ဍများနှင့် အခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍများ ဖော်ဆောင်နိုင်ရေး ကြိုးပမ်းလျက်ရှိကြောင်း၊ ရင်းနှီးမြှုပ်နှံမှုဖိုရမ် ကျင်းပဆောင်ရွက်ခဲ့ပြီး ပြည်ပမှ ဖိတ်ခေါ်ဆောင်ရွက်သလို ဒေသခံများ စီမံကိန်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ပြုထားသော်လည်း အားနည်းနေမှုနှင့်ပတ်သက်ပြီး ယနေ့ဆွေးနွေးပွဲတွင် ဆွေးနွေးပေးစေလိုကြောင်း၊ အားနည်းချက်များမှ အားသာချက်များ ဖြစ်လာအောင်၊ အကျိုးရှိသည့် စီမံခန့်ခွဲမှုဖြစ်လာအောင် တတ်နိုင်သည့်ဘက်မှ ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ Asia Foundation အဖွဲ့က တက်ရောက် လာသူများအား ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်နယ်ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရဲနိုင်အောင်က ဆွေးနွေးပွဲ ရည်ရွယ်ချက် အနှစ်ချုပ်ကို တင်ပြခဲ့သည်။

အဆိုပါ စီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာ အသိပညာ မျှဝေခြင်း ဆွေးနွေးပွဲသို့ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလှထွေး၊ ပြည်နယ်ဝန်ကြီးများ၊ သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ စုစုပေါင်း ၅၀ ခန့် တက်ရောက်ခဲ့ကြသည်။

အဆိုပါ ပထမအကြိမ် စီမံကိန်းနှင့် ဘဏ္ဍာရေးဆိုင်ရာ အသိပညာမျှဝေခြင်း ဆွေးနွေးပွဲကို နှစ်ရက်တာ ဆွေးနွေးဆောင်ရွက်သွားမည်ဖြစ်ပြီး ပထမနေ့တွင် အခြေခံ ဘတ်ဂျက်သဘောတရားများ၊ ကယားပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံး ခန့်မှန်းခြေ ငွေစာရင်း ရေးဆွဲခြင်း( ဘတ်ဂျက်ရေးဆွဲစိစစ်တင်ပြခြင်း)၊ စီမံကိန်းရေးဆွဲခြင်း သဘောတရားများ၊ ကယားပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေ ငွေစာရင်း ရေးဆွဲခြင်း (အတည်ပြုပြဋ္ဌာန်းခြင်း၊ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း) ကယားပြည်နယ်၏ ဘဏ္ဍာငွေအရအသုံး ခန့်မှန်းခြေငွေစာရင်းရေးဆွဲခြင်း (ကြီးကြပ်ခြင်း၊ အစီရင်ခံစာ တင်ပြခြင်း၊ စာရင်းစစ်ဆေးခြင်း) များ ဆွေးနွေးသွားမည်ဖြစ်ပြီး ဆွေးနွေးပွဲ ဒုတိယနေ့တွင် ပထမနေ့ဆွေးနွေးချက်များအား ပြန်လည်သုံးသပ်ခြင်း၊ နိုင်ငံသားဘတ်ဂျက် (Citizen's Budget) အကြောင်း ဆွေးနွေးခြင်း၊ ဘဏ္ဍာရေးဖြစ်စဉ်တွင် အရပ်ဘက်အဖွဲ့အစည်းကဏ္ဍ၊ ကယားပြည်နယ်၏ ရငွေ၊ သုံးငွေအကြောင်းဆွေးနွေးခြင်းများ ဆွေးနွေးသွားမည် ဖြစ်ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**



# မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းများတိုက်ခတ်ခြင်းကြောင့် နေအိမ် ၃၉ လုံးပျက်စီး

**ရွှေကျင် ဇွန် ၁၄**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်တွင် ဇွန် ၁၃ ရက် နံနက် ၉ နာရီမှ မွန်းလွဲ ၁ နာရီခွဲထိ မိုးသည်းထန်စွာ ရွာသွန်းပြီးလေပြင်းများ တိုက်ခတ်ခြင်းကြောင့် မဘီး ကျေးရွာအုပ်စု မဘီးကြီး(ရွာဟောင်း) တရုတ္တန်းညောင်ဝိုင်း ရပ်ကွက်နှင့် ကံဘေးအိုင်ကျေးရွာအုပ်စု ရေအေးမြောင် ကျေးရွာတို့တွင် နေအိမ် ၃၉ လုံးနှင့် ဆိုင်ကယ်လေးစီး ပျက်စီးခဲ့ပြီး လူတစ်ဦးဒဏ်ရာရရှိခဲ့သည်။

မိုးသည်းထန်စွာရွာသွန်းပြီးလေပြင်းများတိုက်ခတ်ခြင်းကြောင့် မဘီးကျေးရွာအုပ်စု မဘီးကြီး(ရွာဟောင်း)တွင် နေအိမ် ၂၉ လုံး အမိုးများလန်ခြင်း၊ အကာများပွင့်ထွက်ခြင်းတို့ဖြစ်ပေါ်ခဲ့ပြီး တရုတ္တန်းညောင်ဝိုင်းရပ်ကွက်တွင် လုံးပတ် ၁၂ ပေ၊ အရှည် ပေ ၇၀ ခန့်ရှိညောင်ကိုင်းကျိုးကျမှုကြောင့် ဈေးဆိုင်နှစ်ဆိုင်နှင့် ဆိုင်ကယ်လေးစီးပျက်စီးခဲ့သည်။

ကံဘေးအိုင်ကျေးရွာအုပ်စု ရေအေးမြောင်ကျေးရွာတွင်လည်း နေအိမ်တစ်လုံးနှင့် ကိုယ့်အားကိုယ်ကိုးစာသင်ကျောင်းတို့ အမိုးများလန်ထွက်ခဲ့ပြီး လုံးပတ် ခုနစ်ပေ၊ အရှည်ပေ ၁၁၀ ခန့်ရှိ သစ်ပင်လဲကျမှုကြောင့်နေအိမ်ခြောက်လုံးပြိုကျပျက်စီးခဲ့ပြီးလူတစ်ဦး ဦးခေါင်းပေါက်ပြဲဒဏ်ရာ၊ ဘယ်ခြေပြတ်ရှဒဏ်ရာ (မစိုးရိမ်ရ)တို့ရရှိခဲ့သည်။

ရေအေးမြောင်ကျေးရွာမှ သစ်ပင်ပိ၍ဒဏ်ရာရရှိသည့် ဒေါ်စန်းမှာ ရွှေကျင်ခုတင် ၁၀၀ ပြည်သူ့ဆေးရုံးတွင် ဆေးကုသမှုခံယူလျက်ရှိပြီး ၎င်းအား မြို့နယ် သဘာဝဘေးကြိုတင်ကာကွယ် တားဆီးရေးကော်မတီမှ ငွေကျပ် ၅၀၀၀၀ ထောက်ပံ့ပေးခဲ့ကြောင်းသိရသည်။ **ထွန်းထွန်းဇော်(ပြန်/ဆက်)**

# လောင်စာဆီဈေးနှုန်းမြင့်တက်လာခြင်းကြောင့် လယ်ယာစိုက်ပျိုးရေးကုန်ကျစရိတ်များပြား

**ရေတာရှည် ဇွန် ၁၄**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးရန် ပြင်ဆင်လျက်ရှိပြီဖြစ်ရာ တောင်သူအများစုသည် ထွန်စက်များ၊ လက်တွန်းထွန်စက်များကို အဓိက ငှားရမ်းအသုံးပြုလျက်ရှိသည်ကို တွေ့ရှိရသည်။ ထိုသို့ စက်ကိရိယာများကို သုံးစွဲရာတွင် လက်ရှိလောင်စာဆီဈေးနှုန်း မြင့်တက်လာသည့်အတွက် ထွန်ယက်ခနှုန်းထားများ မူလဈေးထက် တစ်ဧကလျှင် နှစ်ထောင်ကျပ်မှ သုံးထောင်ကျပ်အထိ ပိုမိုလာသည်ကို တွေ့ရှိရပြီး လယ်ဧကများသည့် တောင်သူများအနေဖြင့် ကုန်ကျစရိတ်များပြားလျက်ရှိကြောင်း ဒေသခံ တောင်သူများ ကပြောကြားသည်။

"နွေစပါးချိန်တုန်းက တစ်ဧက ထွန်ယက်စရိတ် တစ်ဧကကို ၁၅၀၀၀ ပဲရှိတယ်၊ ခုမိုးရာသီမှာ ဆီဈေးတက်လာတော့ တစ်ဧကကို ၁၈၀၀၀ ကနေ နှစ်သောင်းအထိ တက်လာတာ တောင်သူတွေအနေနဲ့လည်း ရာသီချိန်ဆိုတော့ မငှားလို့လဲမရဘူးလေ၊ အချိန်ရာသီနဲ့ လိုက်ပြီး လုပ်ရတော့ ကုန်ကျမှုတွေတော့ ပိုကုန်တာပေါ့"ဟု ဆွာမင်းလမ်း ကျေးရွာအုပ်စု တံတားကြီးကျေးရွာနေ တောင်သူတစ်ဦးကပြောကြားသည်။

လတ်တလောအခြေအနေတွင် မိုးများနေ့စဉ် ဆက်တိုက်ဆိုသလို ရွာသွန်းနေမှုများကြောင့် ကုန်းမြင့်လယ်မြေများကိုသာ ထွန်ယက်နိုင်ကြပြီး အနိမ့်ပိုင်း လယ်မြေများ၌ ရေများ လွှမ်းလျက်ပင်ရှိသေးရာ ထွန်ယက်စိုက်ပျိုးမှုများနောက်ကျနိုင်ဖွယ်ရှိနေကြောင်း သုံးသပ်ပြောကြားမှုများလည်း ရှိသည်။

**ကိုလွင်(ဆွာ)**

# မြန်မာအပြည်ပြည်ဆိုင်ရာပညာရေးပြပွဲ(၂၀၁၈) ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ကျင်းပမည်

**ရန်ကုန် ဇွန် ၁၄**

မြန်မာကျောင်းသားလူငယ်များ ပညာရေးလမ်းကြောင်း မှန်ကန်စွာရွေးချယ်နိုင်စေရေးနှင့် ပညာရေးဆိုင်ရာကျောင်းများနှင့် ဝန်ဆောင်မှုများကို အများပြည်သူ ကျယ်ပြန့်စွာ တိုက်ရိုက်သိရှိနိုင်စေရန် ရည်ရွယ်၍ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ဒုတိယအကြိမ် မြန်မာအပြည်ပြည်ဆိုင်ရာ ပညာရေးပြပွဲ(၂၀၁၈)ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်မြို့တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန Trade Training Institute(TTI) ၏ ပံ့ပိုးကူညီမှုဖြင့် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်ရှိ ဆူးလေရှန်ဂရီလာ ဟိုတယ်(Myanmar Ballroom)တွင် ဇွန် ၁၆ ရက်မှ ၁၇ ရက်ထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီ အထိလည်းကောင်း၊ မန္တလေးမြို့တွင် မန္တလေးမြို့ ၇၈ လမ်း၊ ၃၇ လမ်းနှင့် ၃၈ လမ်းကြားရှိ ဟိုတယ်မန္တလေးတွင် ဇွန် ၁၉ ရက်မှ ၂၀ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိလည်းကောင်းဖွင့်လှစ်ပြသမည်ဖြစ်သည်။

ပြည်တွင်းပြည်ပမှ တက္ကသိုလ်နှင့်ကောလိပ်များ၊ ပုဂ္ဂလိကကျောင်းများ၊ ပညာရေးသင်တန်းကျောင်းများ၊ စီးပွားရေးနှင့် စီမံခန့်ခွဲမှုသင်တန်းကျောင်းများနှင့် နည်းပညာဆိုင်ရာသင်တန်းကျောင်းများ၊ နိုင်ငံခြားဘာသာသင်တန်းကျောင်းများ၊ နိုင်ငံခြားတက္ကသိုလ်ဝင်ခွင့်သင်တန်းကျောင်းများ၊ အနုပညာနှင့် ပတ်သက်သော သင်တန်းကျောင်းများ၊ ဟိုတယ်နှင့် ခရီးသွားဆိုင်ရာသင်တန်းကျောင်းများ၊ ပညာရေး အတိုင်ပင်ခံသင်တန်းကျောင်းများ၊ အင်ဂျင်နီယာ ဘာသာရပ်ဆိုင်ရာ သင်တန်းကျောင်းများ၊ ဆေးပညာဆိုင်ရာ သင်တန်းကျောင်းများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းကျောင်းများ၊ ပညာရေး ဝန်ဆောင်မှုလုပ်ငန်းများကို အများပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိ စေရန်နှင့် ပညာရေးကဏ္ဍပိုမိုမြင့်မားမှုအတွက် အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ဇွန် ၁၆ ရက် မွန်းလွဲ ၂ နာရီတွင် ၂၁ ရာစု ပညာရေး ခေါင်းစဉ်ဖြင့် ဦးခင်မောင်ညို(ဘောဂဗေဒ)၊ Smart Group of Companies မှ Chairman ဦးကျော်ကျော်လှိုင်နှင့် TTI မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းမြင့်ဝေတို့က ဆွေးနွေးဟောပြောမည်ဖြစ်ပြီး ပြပွဲရက်များအတွင်း လာရောက်လေ့လာသူ များ၊ ကျောင်းသား လူငယ်များကို သက်ဆိုင်ရာ ပညာရေးကျောင်းများမှ ပညာရှင်များကလည်း နေ့စဉ်ပညာရပ်အလိုက် ဆွေးနွေးဟောပြောသွားမည်ဖြစ်ကြောင်း သိရသည်။ **အေးမင်းသူ**

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီးသုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့်စပ်ဆိုင်သော ဆောင်းပါးများကို ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏အာဘော်သာဖြစ်ပါသည်။ (စာတည်းအဖွဲ့)*

# မဲဆန္ဒနယ်ပြင်ပရောက် ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများနှင့်ဥပဒေ



မောင်စာဂ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၈ ခုနှစ် မေလ ၃၁ ရက်နေ့ ရက်စွဲပါကြေညာချက် အမှတ် (၇၆/၂၀၁၈) ဖြင့် ပြည်ပရောက်မဲဆန္ဒရှင်များက ပုံစံ ၁၅ များကို သက်ဆိုင်ရာ သံရုံးများတွင် စတင်ထုတ်ယူနိုင်မည့် နေ့ရက်နှင့် သံရုံးများသို့ ပေးပို့နိုင်မည့်နေ့ရက်များကို ထုတ်ပြန်ကြေညာခဲ့သည်။ တစ်ဆက်တည်းမှာပင် ၇-၆-၂၀၁၈ ခုနှစ် ရက်စွဲဖြင့် ပြည်တွင်းရှိ သက်ဆိုင်ရာ မဲဆန္ဒနယ် ပြင်ပရောက်မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ အသိပေးကြေညာချက် ထုတ်ပြန်ခဲ့သည်။ ဤတွင် မဲဆန္ဒနယ်ပြင်ပရောက် ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများဆိုသည်မှာ မည်သူများဖြစ်သနည်း၊ ပုံစံ (၁၅)ဆိုသည်မှာ အဘယ်နည်း၊ ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေရန် မည်သို့လိုက်နာဆောင်ရွက် သွားကြပါမည်နည်း စောကြောလေ့လာမိသည်။ အနှစ်ချုပ်မျှဝေပါရစေ။

**နိုင်ငံပြင်ပရောက်ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများဆိုသည်မှာ**

ရွေးကောက်ပွဲကျင်းပသည့်အချိန်၌ နိုင်ငံပြင်ပတွင် ရောက်ရှိနေသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအဖွဲ့ဝင်များ၊ သံရုံးအဖွဲ့ဝင်များ၊ ပညာတော်သင်များ၊ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ ပြည်ထောင်စုအစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပတွင်ရောက်ရှိနေသူများနှင့် ယင်းတို့အသီးသီး၏ အိမ်ထောင်စုဝင်များသည် ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများဖြစ်ကြသည်။ ထိုသူများသည် သက်ဆိုင်ရာမဲဆန္ဒနယ်၏ ပြင်ပသို့ ရောက်ရှိနေပြီး နိုင်ငံပြင်ပရောက် မဲဆန္ဒရှင်များဖြစ်သည်။

**မဲဆန္ဒနယ်ပြင်ပရောက်**
**ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများဆိုသည်မှာ**

ရွေးကောက်ပွဲကျင်းပသည့်အချိန်၌ သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပသို့ ရောက်ရှိနေသော တပ်မတော်သားများ၊ ကျောင်းသားများ၊ သင်တန်းသားများ၊ အချုပ်ခံနေရသူများနှင့် ဆေးရုံသို့ တက်ရောက်ကုသခံနေရသူများသည် ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများဖြစ်ကြသည်။ ထိုသူများသည် သက်ဆိုင်ရာမဲဆန္ဒနယ်၏ ပြင်ပသို့ ရောက်ရှိနေပြီး ပြည်တွင်းရှိ မဲဆန္ဒရှင်များဖြစ်သည်။

**ပုံစံ(၁၅) ဆိုသည်မှာ**

ပုံစံ (၁၅) သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ၏ နည်းဥပဒေ ၅၆ (က) နှင့် ၅၇ (က) တို့အရ သတ်မှတ်ပေးသည့်ပုံစံဖြစ်သည်။ သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပရောက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများက ယင်းပုံစံတွင်ဖြည့်သွင်းပြီး ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးခွင့်ပြုရန် တောင်းဆိုသည့်ပုံစံဖြစ်သည်။ ဖြည့်သွင်းရန်အချက် (၈) ချက် သတ်မှတ်ထားသည်။

ဖြည့်သွင်းရမည့်အချက် (၈) ချက်မှာ တောင်းဆိုသူ၏ အမည်၊ တိုင်းရင်းသားလူမျိုး၊ မှတ်ပုံတင်အမှတ်၊ မွေးသက္ကရာဇ် (အသက်)၊ အဘအမည်၊ အမိအမည်၊ တောင်းဆိုသူ၏အမြဲတမ်းနေရပ်လိပ်စာ၊ တောင်းဆိုသူယခုရောက်ရှိနေသည့် နေရပ်/ဌာန (ပြည်တွင်း၊ ပြည်ပ) ခွဲခြားဖော်ပြရန်တို့ဖြစ်သည်။

**ဆန္ဒမဲပေးပိုင်ခွင့်မဆုံးရှုံးစေရေး**

မဲဆန္ဒနယ်ပြင်ပရောက် (ပြည်တွင်း+ပြည်ပ) ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ဆန္ဒမဲပေးပိုင်ခွင့်ရရှိစေရေးမှာ မဲဆန္ဒရှင်များအပိုင်းက လိုက်နာဆောင်ရွက်ရမည့် အချက်များရှိသည်။ တာဝန်ရှိသူများအပိုင်းက လိုက်နာဆောင်ရွက်ရမည့်အချက်များရှိသည်။ နှစ်ဦးနှစ်ဖက်စလုံးက မိမိတို့လိုက်နာ ဆောင်ရွက်ရမည့်အပိုင်းတွင်တာဝန်ကျေပွန်စွာဆောင်ရွက်ကြဖို့သည် အရေးကြီးသည်။

**မဲဆန္ဒရှင်များအပိုင်း**
**ပြည်ပရောက်ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ**
**လိုက်နာရမည်မှာ**

ပြည်ပရောက် ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် မိမိတို့ကြိုတင်မဲပေးနိုင်ရေးအတွက် ပုံစံ(၁၅) များကို ၁-၆-၂၀၁၈ ရက်နေ့မှစ၍ သက်ဆိုင်ရာ သံရုံးများတွင် စတင်၍ ထုတ်ယူနိုင်ကြပါသည်။ ထို့အပြင် ယင်းပုံစံ (၁၅)များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် Website၊ နိုင်ငံခြားရေးဝန်ကြီးဌာန Website နှင့် သက်ဆိုင်ရာသံရုံး Website များမှလည်း Download ရယူနိုင်သည်။

ပုံစံ (၁၅) များကို ပြည့်ပြည့်စုံစုံ မှန်မှန်ကန်ကန် ဖြည့်စွက်ပါ။ အထူးအရေးကြီးသည်မှာ မိမိ၏ အမြဲတမ်းနေရပ်လိပ်စာဖြစ်သည့် ပြည်တွင်းက လိပ်စာကိုလည်း မှန်မှန်ကန်ကန် ဖော်ပြရမည်။ မိမိရောက်ရှိနေသည့် ပြည်ပနိုင်ငံအတွင်းရှိ မိမိနေထိုင်ရာလိပ်စာကိုလည်း မှန်မှန်ကန်ကန် ဖြည့်တင်းဖို့ လိုအပ်သည်။ ပုံစံ (၁၅) များကို ဖြည့်သွင်းပြီးလျှင် သတ်မှတ်ထားသည့်အတိုင်း ၁၈-၆-၂၀၁၈ ရက်နေ့မှ ၉-၇-၂၀၁၈ ရက်နေ့အတွင်း သက်ဆိုင်ရာသံရုံးများသို့ ပြန်လည်ပေးပို့ကြရမည်ကို သတိမူကြရပါမည်။

**မဲဆန္ဒနယ်ပြင်ပရောက်ပြည်တွင်းရှိ**
**ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများလိုက်နာရမည်မှာ**

မဲဆန္ဒနယ်ပြင်ပရောက် ပြည်တွင်းရှိကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများသည် ပုံစံ (၁၅) များကို မိမိရောက်ရှိနေသည့် သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများ၏ အကြီးအမှူးများထံမှ တောင်းယူပါ။ ပုံစံ (၁၅) များကို မှန်မှန်ကန်ကန် ဖြည့်သွင်းပါ။ အထူးသဖြင့် မိမိအမြဲတမ်းနေထိုင်သည့်နေရာ၏ နေရပ်လိပ်စာတို့ကို မှန်မှန်ကန်ကန်ဖြည့်သွင်းပါ။ ဖြည့်သွင်းပြီးပုံစံများကို အကြီးအမှူးများက သတ်မှတ်ပေးသည့်နေရက်တွင် အချိန်မီပြန်ပို့ပါ။ အကြီးအမှူးသည် ပုံစံ (၁၅) များကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲများသို့ ၂၄-၈-၂၀၁၈ ရက်နေ့အရောက် ပေးပို့သွားမည်ဖြစ်သည်။

**တာဝန်ရှိသူများအပိုင်း**
**နိုင်ငံခြားရေးဝန်ကြီးဌာနကဆောင်ရွက်ရမည်မှာ**

နိုင်ငံပြင်ပတွင် ရောက်ရှိနေသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများက ကြိုတင်၍ဆန္ဒမဲပေးနိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ပေးရမည်ဟူ၍ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၄၇ (ခ) တွင် ပြဋ္ဌာန်းထားသည်။

ထို့ပြင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၃၁-၅-၂၀၁၈ ရက်စွဲဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ မေတ္တာရပ်ခံသည့်အနေဖြင့် ပေးပို့သည့်စာ၌လည်း ဤသို့ ဖော်ပြထားသည်-

(က) သက်ဆိုင်ရာသံရုံး၊ အမြဲတမ်းကိုယ်စားလှယ်ရုံးနှင့် ကောင်စစ်ဝန်ရုံးများသည် အတည်ပြုထားသော ပုံစံ (၁၅) များကို သက်ဆိုင်ရာ မဲဆန္ဒရှင်များအား ဖြန့်ဖြူးပေးပြီးနောက် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို ၁၈-၆-၂၀၁၈ ရက်နေ့တွင် စတင်လက်ခံရမည်။

(ခ) မဲဆန္ဒရှင်များသည် ပုံစံ (၁၅) များဖြည့်သွင်းပြီး သက်ဆိုင်ရာ သံရုံး၊ အမြဲတမ်းကိုယ်စားလှယ်ရုံးနှင့် ကောင်စစ်ဝန်ရုံးများသို့ ၉-၇-၂၀၁၈ ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ရမည်။

(ဂ) နိုင်ငံခြားရေးဝန်ကြီးဌာနသည် မဲဆန္ဒရှင်များက ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို ကော်မရှင်သို့ ၂၃-၇-၂၀၁၈ ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ရမည်။

(ဃ) ကော်မရှင်သည် နိုင်ငံပြင်ပရှိ ကြိုတင်ဆန္ဒမဲပေးမည့်သူများအတွက် ဆန္ဒမဲလက်မှတ်နှင့်စာအိတ်များကို ၁၁-၉-၂၀၁၈ ရက်နေ့ နောက်ဆုံးထား၍ နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပေးပို့မည်ဖြစ်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနသည် နိုင်ငံပြင်ပမှ ဆန္ဒပြုပြီးသော ကြိုတင်ဆန္ဒမဲလက်မှတ်ပါစာအိတ်များကို ကော်မရှင်သို့ ၁၇-၁၀-၂၀၁၈ ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ရမည်။

(င) အထက်ပါလုပ်ငန်းစဉ်များ အောင်မြင်ချောမွေ့စေရန် အစိုးရခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပရောက်ရှိနေသူများ ကြိုတင်ဆန္ဒမဲပေးခြင်းဆိုင်ရာ လုပ်ငန်းလမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်သွားရေးဖြစ်သည်။

ဤသို့ဆောင်ရွက်မည်ဆိုလျှင် နိုင်ငံပြင်ပရောက်ရှိနေသူများ ကြိုတင်မဲပေးခြင်းလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်သွားနိုင်မည်။

**ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကဆောင်ရွက်ရမည်မှာ**

သက်ဆိုင်ရာ မဲဆန္ဒနယ်ပြင်ပသို့ရောက်နေသော (ပြည်တွင်း) တပ်မတော်သားများ၊ သင်တန်းသားများ၊ အချုပ်ခံနေရသူများနှင့် ဆေးရုံသို့တက်ရောက်ကုသခံနေရသူများသည် ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် သက်ဆိုင်ရာ မဲဆန္ဒနယ်အတွက် ဆန္ဒမဲပေးနိုင်ရန် သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲက စီစဉ်ပေးရမည်ဟူ၍ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲများဥပဒေပုဒ်မ ၄၅ (က) တွင် ပြဋ္ဌာန်းထားသည်။

မြို့နယ်ကော်မရှင်အဖွဲ့ခွဲများသည် သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများ၏ အကြီးအမှူးများက ပုံစံ (၁၅) များ တောင်းခံလာလျှင် အသင့်ဖြစ်အောင် စီစဉ်ထားရှိရမည်။ သက်ဆိုင်ရာ သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းများ၏ အကြီးအမှူးများက မဲဆန္ဒရှင်များ ဖြည့်သွင်းပြီးသည့်ပုံစံများကို ပြန်ပို့၍ လက်ခံရရှိသည့်အခါ သက်ဆိုင်ရာ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများသို့ ပေးပို့ရမည်။

ရပ်ကွက်နှင့်ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများသည် မြို့နယ်ကော်မရှင်အဖွဲ့ခွဲက ပေးပို့လာသည့် ပုံစံ (၁၅) များကို လက်ခံရရှိသည့်အခါ မဲဆန္ဒနယ်ပြင်ပရောက် (ပြည်တွင်း) ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ စာရင်း ပုံစံ (၁-၁) တွင် ဖြည့်သွင်းရမည်။ မိတ္တူတစ်စောင်ကို မိမိတို့ကော်မရှင်အဖွဲ့ခွဲရုံးတွင် ကပ်ထားရမည်။ ဤသို့ဖြင့် ကြိုတင်ဆန္ဒမဲပေးခွင့် မဆုံးရှုံးတော့ပါ။

မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မိမိတို့ မြို့နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ မဲဆန္ဒနယ် ပြင်ပရောက် တပ်မတော်သားများနှင့်အတူနေမိသားစုများ၏ အမည်စာရင်းရရှိစေရေးအတွက် သက်ဆိုင်ရာ တပ်မှူးထံမှ တောင်းယူရမည်။ ထိုစာရင်းများရရှိသည့်အခါ သက်ဆိုင်ရာ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသို့ ဆက်လက်ပေးပို့ရမည်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသည် ယင်းစာရင်းများကို စိစစ်၍ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးရမည့် တပ်မတော်သားများနှင့်အတူနေ အိမ်ထောင်စုဝင်များ၏ စာရင်းကို ပုံစံ (၁-၂) ဖြင့် ရေးမှတ်ထားရမည်။ ဤသို့ဖြင့် ကြိုတင်ဆန္ဒမဲပေးခွင့် မဆုံးရှုံးတော့ပါ။

မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကပေးပို့လာသော နိုင်ငံပြင်ပရောက် ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ ပုံစံ (၁၅) များကို လက်ခံရရှိသည့်အခါ သက်ဆိုင်ရာ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများသို့ ဆက်လက်ပေးပို့ရမည်။ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသည် ယင်းစာရင်းများကိုစိစစ်၍ မဲဆန္ဒနယ်ပြင်ပရောက် (နိုင်ငံပြင်ပ) ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏စာရင်း ပုံစံ (၁-၃) တွင် ဖြည့်သွင်းရမည်။ မိတ္တူတစ်စောင်ကို မိမိတို့ ကော်မရှင်အဖွဲ့ခွဲရုံးတွင် ကပ်ထားရမည်။ ဤသို့ဖြင့် ကြိုတင်ဆန္ဒမဲပေးခွင့် မဆုံးရှုံးတော့ပါ။

**သက်ဆိုင်ရာတပ်မှူးကဆောင်ရွက်ရမည်မှာ**

မဲဆန္ဒနယ်ပြင်ပရောက် တပ်မတော်သားများနှင့် အတူနေအိမ်ထောင်စုဝင်များအတွက် ကြိုတင် ဆန္ဒမဲပေးနိုင်ရန် ပုံစံ (၁၅) များ တောင်းယူရန်မလိုအပ်ပါ။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မိမိမြို့နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့များမှ မဲဆန္ဒနယ်ပြင်ပရောက် တပ်မတော်သားများနှင့်အတူနေ အိမ်ထောင်စုဝင်များ၏ အမည်စာရင်းရရှိရေးအတွက် သက်ဆိုင်ရာတပ်မှူးထံမှ တောင်းယူမည်ဖြစ်သည်။ ထို့သို့ တောင်းခံလာသည့်အခါ သက်ဆိုင်ရာတပ်မှူးက စာရင်းပြုစု၍ သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့မည်ဖြစ်သည်။ သို့ဖြစ်ရာ သက်ဆိုင်ရာတပ်မှူးသည် စာရင်းပေးပို့သည့်အခါ မကျန်ရှိစေရေးအတွက် ဆောင်ရွက်ကြရမည်ဖြစ်သည်။

**အကြီးအမှူးကဆောင်ရွက်ရမည်မှာ**

သင်တန်း၊ ကျောင်း၊ ဆေးရုံ၊ အချုပ်ခန်းတို့၏ အကြီးအမှူးများသည် ကြိုတင်ဆန္ဒမဲပေးခွင့် ရှိသူများက ဖြည့်သွင်းပြီးတင်ပြလာသော ပုံစံ (၁၅) များကို သက်ဆိုင်ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများသို့ ၂၄-၈-၂၀၁၈ ရက်နေ့ အရောက် ပေးပို့သွားရန်ဖြစ်သည်။ အကယ်၍ ၂၄-၈-၂၀၁၈ ရက်နေ့ နောက်ပိုင်းတွင်မှ ရောက်ရှိလာသူများရှိခဲ့သော် ယင်းတို့၏ ဆန္ဒမဲပေးပိုင်ခွင့်မဆုံးရှုံးစေရေးအတွက် သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်သွားရန်ဖြစ်သည်။

**မဲစာရင်းတွင်အမည်ပါရှိရေးသည် ကနဦးလိုအပ်ချက်ပါ**

ယခုဖော်ပြချက်များသည် ဆန္ဒမဲပေးခြင်းအဆင့်သို့ မရောက်သေးပါ။ ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မဲစာရင်းတွင်အမည်ပါရှိရေးကိုဦးတည်ထားသည်။ မဲစာရင်းတွင် အမည်ပါမှ ဆန္ဒမဲပေးပိုင်ခွင့်ရှိမည်ဖြစ်သည်။ မဲစာရင်းတွင် အမည်ပါရှိရေးသည် ကနဦးလိုအပ်ချက်ဖြစ်သည်။ မဲဆန္ဒနယ် ပြင်ပရောက်ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မကျန်ရှိရအောင် ပုံစံ(၁-၁)၊ (၁-၂)၊ (၁-၃) မဲစာရင်းများတွင် အမည်ပါရှိရေး သက်ဆိုင်ရာမဲဆန္ဒရှင်များ၊ ဌာနအသီးသီးမှအကြီးအမှူးများ၊ ရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့မှ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့်သာ အဆင်ပြေချောမွေ့သွားနိုင်မည်ဟု ယုံကြည်မိကြောင်းပါ။

- ပြည်တွင်းပြည်ပ၌ မဲဆန္ဒနယ်ပြင်ပရောက် ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး မဲစာရင်းတွင် အမည်စာရင်းပါရှိရေးအတွက် သတ်မှတ်ပုံစံများအတိုင်း ပြည့်စုံမှန်ကန်စွာ ရေးသွင်းဆောင်ရွက်နိုင်ကြပါစေ၊
- မဲဆန္ဒရှင်များအားလုံး ဆန္ဒမဲပေးနိုင်ရေးအတွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အသီးသီးမှတာဝန်ရှိသူများက ပြည်သူနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ကြပါစေ။

**ကိုးကားချက်။**

**သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေများနှင့် နည်းဥပဒေများ**

# မိုင်ယာမီပြီးတော့ နယူးယောက်ကို ရောက်လာတဲ့ ဂျက်စတင်ဘီဘာ (နဲ့) ဟေးလေးဘော်ဝင်




တစ်ကျော့ပြန်လက်တွဲလာခဲ့တဲ့ ပေါ့ပ်ကြယ်ပွင့် ဂျက်စတင်ဘီဘာနဲ့ မော်ဒယ်လ်တစ်ဦးဖြစ်သူ ဟေးလေးဘော်ဝင်တို့နှစ်ဦးကို ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း မိုင်ယာမီမှာ အတူတွေ့ခဲ့ရပြီး လတ်တလောမှာတော့ နယူးယောက်ရဲ့ လမ်းတွေပေါ်မှာ နှစ်ဦးသားအလည်အပတ် ထွက်နေကြတာကို တွေ့ခဲ့ရကြောင်း အီးတီအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဗုဒ္ဓဟူးနေ့မှာတော့ အသက် ၂၄ နှစ်အရွယ် ပေါ့ပ်ကြယ်ပွင့်နဲ့ ၂၁ နှစ်အရွယ် မော်ဒယ်လ် ဟေးလေးဘော်ဝင်တို့ကို နယူးယောက်မှာ အတူအလည်အပတ်ထွက်နေတာ တွေ့ရပါတယ်။ ဒီလိုနှစ်ဦးသား အတူတွေ့ဆုံချိန်မှာတော့ နှစ်ယောက်စလုံးဟာ ထူးထူးခြားခြား ပြင်ဆင်ထား တာမရှိဘဲ ပုံမှန်အပြင်အဆင်မျိုးနဲ့သာ ရှိနေကြတာကို တွေ့ရပါတယ်။ စကားတွေပြောရင်း ရယ်မောကာ လမ်းလျှောက်လာကြတဲ့ သူတို့နှစ်ဦးဟာ မီဒီယာတွေရဲ့ ဓာတ်ပုံရိုက်ယူမှုကိုလည်း အသာတကြည် ခွင့်ပြုပေးခဲ့ကြတယ်လို့လည်း သိရပါတယ်။

ပေါ့ပ်ကြယ်ပွင့် ဂျက်စတင်ဘီဘာနဲ့ ဟေးလေးဘော်ဝင်တို့ရဲ့ တစ်ကျော့ပြန်လက်တွဲမှုကို ပထမဆုံးတွေ့မြင်ခဲ့ရတာကတော့ ပြီးခဲ့တဲ့သီတင်းပတ်အတွင်းမှာဖြစ်ပြီး မိုင်ယာမီကမ်းခြေမှာ နှစ်ဦးသား အလွန်ရင်းနှီးနေတာကိုလည်း တွေ့ခဲ့ရပါတယ်။ အဲဒီကိုသူတို့နှစ်ဦးဟာ ဆွေးနွေးပွဲတစ်ခုတက်ရောက်ဖို့ ရောက်လာခဲ့ကြတာဖြစ်ပြီး ညတိုင်း အတူအလည်အပတ်ထွက်ခဲ့ကြတာကိုလည်း တွေ့ရပါတယ်။

သူတို့နှစ်ဦးကို သုံးနှစ်တာအတွင်း ယခုလို အလွန်ရင်းနှီးတဲ့ပုံစံမျိုးနဲ့ ပြန်လည်တွေ့မြင်ရတာဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ ဒီရက်ပိုင်းမှာ ဘုရားကျောင်းလည်း အတူတက်ရောက်ခဲ့ကြတာကို တွေ့ရပါတယ်။ သူတို့ကို တွေ့မြင်ခဲ့ရတဲ့ သတင်းရင်းမြစ်တွေရဲ့ ပြောကြားချက်အရ ပါတီပွဲအတွင်း ဂျက်စတင်ဘီဘာက ဟေးလေးဘော်ဝင်ကို အကြိမ်များစွာ ဖက်ထားခဲ့တာကို တွေ့ခဲ့ရကြောင်းလည်း သိရပါတယ်။

ဒီလိုပြန်လည်တွဲကာ မတွေ့ရမီက ဟေးလေးဘော်ဝင်ဟာ တေးသံရှင် ဆွမ်မန်းဒပ်စ်နဲ့ ချစ်သူတွေဖြစ်နေကြောင်း သတင်းတွေထွက်နေသူပါ။ ပြီးခဲ့တဲ့လအတွင်းက ကျင်းပခဲ့တဲ့ ၂၀၁၈ ခုနှစ်အတွက် ကြယ်ပွင့်တွေတွေ့ဆုံပွဲမှာတော့ ဟေးလေးဘော်ဝင်ဟာ ဆွမ်မန်းဒပ်စ်နဲ့ တွဲကာ ကော်ဇောနီပေါ် လျှောက်လှမ်းလာခဲ့ပါတယ်။ ဒီလို အများရှေ့မှောက်အတူ ပေါ်ထွက်လာတဲ့သူတို့နှစ်ဦး ချစ်သူတွေအဖြစ် တရားဝင်လက်တွဲခဲ့ခြင်းဖြစ်ကြောင်း မီဒီယာတွေက ရေးသားဖော်ပြခဲ့ကြပေမယ့် ဟေးလေးဘော်ဝင်ကတော့ ငြင်းဆိုခဲ့ပါတယ်။ သူက ဆွမ်မန်းဒပ်စ်နဲ့ အတူလက်တွဲကာ အခမ်းအနားတက်ရောက်ခဲ့ခြင်းမှာ သူဟာတကယ့်ကို ချောမောလှပပြီး ခန့်ညားတဲ့အမျိုးသားတစ်ဦးဖြစ်တာကြောင့် ဖြစ်ကြောင်း၊ လက်ရှိမှာတော့ သူဟာ တစ်ကိုယ်တည်းသမားတစ်ဦးသာဖြစ်ကြောင်း ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။


ဂျက်စတင်ဘီဘာကတော့ ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်း ချစ်သူဟောင်း ဆယ်လီနာဂိုမက်ဇ်နဲ့ ချစ်သူတွေအဖြစ် ပြန်လည်လက်တွဲခဲ့ပါတယ်။ ဒီလိုနောက်တစ်ကြိမ် ပြန်လည်လက်တွဲခဲ့ရာမှာလည်း ဆယ်လီနာရဲ့ မိခင်ဖြစ်သူနဲ့ ဂျက်စတင်ဘီဘာရဲ့ ဆက်ဆံရေးဟာ မပြေလည်ခဲ့ပါဘူး။ နောက်ပိုင်းမှာတော့ ဆယ်လီနာနဲ့ ဂျက်စတင်ဘီဘာတို့ရဲ့ သတင်းဟာလည်း အေးခဲ့ပြီး လမ်းခွဲလိုက်ပြီဖြစ်ကြောင်း မီဒီယာတွေက ရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။ ဆယ်လီနာနဲ့ လမ်းခွဲကြောင်း သတင်းတွေပေါ်ထွက်ခဲ့ပြီးနောက် ဂျက်စတင်ဘီဘာအနေနဲ့ ပထမဆုံးတွဲတာတွေ့ခဲ့ရသူကတော့ မော်ဒယ်လ်တစ်ဦးဖြစ်တဲ့ ဘက်စကင်ချန်ပီယံဖြစ်ပါတယ်။ ဂျက်စတင်နဲ့အတူတွဲကာ ဖျော်ဖြေပွဲကြည့်ရှုခဲ့တာကိုတွေ့ရပြီး ဂျက်စတင်အိမ်ကနေ ထွက်လာခဲ့တာကိုလည်း တွေ့မြင်ခဲ့ရပါတယ်။ ဒီလို နှစ်ကြိမ်ခန့် မီဒီယာစာမျက်နှာပေါ် ပေါ်လာခဲ့ပြီး ဘက်စကင်ချန်ပီယံနဲ့ ဂျက်စတင်ဘီဘာတို့ရဲ့ သတင်းဟာ အဆုံးသတ်သွားခဲ့ပါတယ်။ လတ်တလောမှာမှ ဂျက်စတင်ဘီဘာရဲ့ လက်တွဲဖော်သစ်ပေါ်ထွက်လာခဲ့ကာ သူကတော့ ကာလအတော်ကြာ သူငယ်ချင်းတွေအဖြစ်ရှိခဲ့ပြီး အချစ်ဟောင်းတစ်ဦးလည်းဖြစ်တဲ့ ဟေးလေးဘော်ဝင် ဖြစ်ပါတယ်။

ဂျက်စတင်ဘီဘာနဲ့ပတ်သက်ပြီး ဟေးလေးဘော်ဝင်က သူတို့နှစ်ဦးဟာ ငယ်စဉ်ကလေးဘဝကတည်းက စတင်ရင်းနှီးခဲ့ကြကာ သူငယ်ချင်းကောင်းတွေအဖြစ် ရပ်တည်ခဲ့ကြသူတွေဖြစ်တယ်လို့ မီဒီယာတွေကို ပြောကြားခဲ့ဖူးပါတယ်။ ဒ့ါအပြင် သူက ဂျက်စတင်ဘီဘာကဲ့သို့ ဘဝမှာ ရှုပ်လျားတဲ့ ခင်မင်မှုရှိခဲ့သူ သူငယ်ချင်းမရှိဘူးလို့ ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။ ဒါပေမယ့် သူတို့နှစ်ဦးရဲ့ ရှေ့ဆက်မြင်တွေ့ရဦးမယ့် မီဒီယာစာမျက်နှာပေါ်က ဇာတ်လမ်းတွေကတော့ ဘယ်လိုပုံစံမျိုးနဲ့ ရှေ့ဆက်လာဦးမှာလဲဆိုတာက စိတ်ဝင်စားစရာဖြစ်လို့နေပါတယ်။

## ဆာဂျရီထပ်မံပြုလုပ်ထားကြောင်း ပါ့ခ်ဘွန်ကို ပရိသတ်များ ဝေဖန်

အလှအပအတွက် မျက်နှာကို ခွဲစိတ်ကာ ပလတ်စတစ်ဆာဂျရီပြုလုပ်တာဟာ ကေပေါ့ပ်အိုင်ဒေါတွေအတွက်တော့ ထူးဆန်းတဲ့အရာမဟုတ်ပါဘူး။ ဒါပေမယ့် ပါ့ခ်ဘွန်ကတော့ အလွန်အကျွံပြုလုပ်တဲ့ သူတစ်ဦးအဖြစ် ပရိသတ်တွေအကြား လူသိများသူတစ်ဦးပါ။ လတ်တလောမှာလည်း "2NE1"ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်ခဲ့ပြီး နောက်ပိုင်းမှာ တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် လှုပ်ရှားနေတဲ့ ပါ့ခ်ဘွန်ဟာ ဆာဂျရီထပ်မံပြုလုပ်ထားကြောင်း ပရိသတ်တွေရဲ့ ဝေဖန်မှုတွေ ခံနေရတာဖြစ်တယ်လို့ အောကေပေါ့ပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပါ့ခ်ဘွန်ဟာ မကြာသေးမီက သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဓာတ်ပုံတစ်ပုံ ဖော်ပြခဲ့ပါတယ်။ ယင်းဓာတ်ပုံကို တွေ့မြင်ခဲ့ရာမှာတော့ ပရိသတ်အချို့က ပေါ့ပ်ကြယ်ပွင့်ဟာ မျက်နှာကို ခွဲစိတ်မှုတွေ ထပ်မံပြုလုပ်ထားကြောင်း ဝေဖန်ခဲ့ကြပါတယ်။ အချို့ကတော့ ဒီလိုပြောင်းလဲနေတယ်လို့ ခံစားရတာဟာ ပါ့ခ်ဘွန်အနေနဲ့ ကိုယ်အလေးချိန် တိုးလာတာကြောင့်ဖြစ်တယ်လို့လည်း ဆိုကြပါတယ်။ ပရိသတ်တစ်ဦးကတော့ ပါ့ခ်ဘွန်ရဲ့ နှာခေါင်းဟာ ယခင်ကထက် သိသိသာသာမြင့်လာတာကို တွေ့ရကြောင်း၊ ဒီလိုပြောင်းလဲခဲ့တာကြောင့် ယခင်ထက် အတော်လေးလှပလာကြောင်းလည်း ရေးသားဖော်ပြခဲ့ပါတယ်။



## ကြင်နာသနားဖို့ လူတိုင်းကို တောင်းဆိုလိုက်တဲ့ လေဒီဂါဂါ



တနင်္ဂနွေနေ့က ပြုလုပ်ခဲ့တဲ့ ရန်ပုံငွေပွဲတစ်ခုမှာတော့ လေဒီဂါဂါက စိတ်ကျန်းမာရေးနဲ့ပတ်သက်ပြီး ထည့်သွင်းပြောကြားခဲ့တာဖြစ်ပါတယ်။ လေဒီဂါဂါက လူတွေဟာ သူတို့ရဲ့ စိတ်ကျန်းမာရေးနဲ့ ပတ်သက်တဲ့ အခက်အခဲတွေအတွက် အခြားလူတွေဆီက အကူအညီတွေကို ရှာဖွေနေကြကြောင်း၊ ဒါကြောင့် လူတိုင်းဟာ အခြားသောလူတွေအပေါ်မှာ ကြင်နာစိတ် ထားရှိဖို့လိုကြောင်း ပြောကြားလိုက်တာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း ဟောလိဝုဒ်ကြယ်ပွင့်နှစ်ဦး ကိုယ့်ကိုယ်ကိုယ်သေကြောင်းကြံကာ ကွယ်လွန်ခဲ့ရတာကြောင့် လေဒီဂါဂါက အခြားသူတွေအပေါ် ကိုယ်ချင်းစာစိတ်နဲ့ ကြင်နာစိတ်ထားရှိဖို့အရေး ထည့်သွင်းပြောကြားခဲ့ရတာဖြစ်ကြောင်းလည်း ဆိုခဲ့ပါတယ်။

အေးပြည့် ရေးသားသည်

## အက်ဒ်ရှီးရန်ရဲ့ ဖယောင်းရုပ်တုကို လန်ဒန်က ကဖေးဆိုင်တစ်ဆိုင်မှာ ဖွင့်လှစ်ပြသထား

ဗြိတိန်ပေါ့ပ်ကြယ်ပွင့် အက်ဒ်ရှီးရန်ရဲ့ ဖယောင်းရုပ်တုကတော့ အခြားသော ကြယ်ပွင့်တွေလို ပြတိုက်ထဲမှာ နေရာမယူဘဲ လန်ဒန်မှာရှိတဲ့ ကဖေးဆိုင်တစ်ဆိုင်မှာ ထားရှိပြသထားတာ ဖြစ်ပါတယ်။ အကြောင်းကတော့ ယင်းကဖေးဆိုင်ဟာ ကြောင်လေးတွေများစွာရှိနေပြီး ကြောင်လေးတွေကို နေရာပေး၍ ဆွဲဆောင်မှုရှိအောင် ဖန်တီးထားတဲ့ နေရာဖြစ်ကာ အက်ဒ်ရှီးရန်ဟာလည်း ကြောင်လေးတွေကို အလွန်ချစ်တတ်တယ်လို့ လူသိများတဲ့ ကြယ်ပွင့်တစ်ဦး ဖြစ်ပါတယ်။

အက်ဒ်ရှီးရန်ရဲ့ ဖယောင်းရုပ်တု ဖွင့်လှစ်ထားရှိကြောင်းကိုတော့ ပြီးခဲ့တဲ့ အင်္ဂါနေ့က ဖယောင်းရုပ်တုတွေကို စုစည်းထားရှိတဲ့ မဒမ်တူးဆော့ဒ် ပြတိုက်က ထုတ်ဖော်ပြသခဲ့တာဖြစ်တယ်လို့ အေးရှားဝမ်းဒေ့ါကွန်းမှာ ရေးသားဖော်ပြခဲ့တာကို တွေ့ရပါတယ်။

ဗြိတိန်ရဲ့ တေးဂီတဇယားတွေကို ဦးဆောင်နိုင်ခဲ့သူတစ်ဦးဖြစ်တဲ့ တေးသံရှင် အက်ဒ်ရှီးရန်ရဲ့ ဖယောင်းရုပ်တုကို ကြောင်လေးတွေနဲ့ ကဖေးဆိုင်မှာ ထားရှိဖွင့်လှစ်ခဲ့ရာကနေ လာမယ့်သီတင်းပတ်အတွင်းမှာတော့ ပြတိုက်မှာ ပြောင်းလဲထားရှိမှာဖြစ်တယ်လို့လည်း သိရပါတယ်။



စာမျက်နှာ ၁၅ မှ

(ဂ) ဝန်ဆောင်မှုနှင့် စပ်လျဉ်းသည့် ပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်းများ မှန်ကန်မှု ရှိ၊ မရှိကို သက်ဆိုင်ရာဌာနသို့ သွားရောက်စုံစမ်းပေးရမည်။

(ဃ) ရောင်းချငှားရမ်းမည့် အိမ်ခြံမြေကို ဝယ်ယူငှားရမ်းမည့်သူအား လိုက်လံပြသပေးရမည်။

(င) ဝယ်ယူငှားရမ်းမည့်သူအား ဝန်ဆောင်မှုရယူသူနှင့် ဆက်သွယ်ညှိနှိုင်းပေးရမည်။

(စ) ဝန်ဆောင်မှုနှင့် သက်ဆိုင်သည့် အိမ်ခြံမြေ လွှဲပြောင်းမှုတရားဝင်ခိုင်မာစေရန် လိုအပ်သည့် ဝန်ဆောင်မှု လုပ်ငန်းများကို ပြီးစီးသည်အထိ ဆောင်ရွက်ပေးရမည်။

(ဆ) ဝန်ဆောင်မှုပေးသူက ဝန်ဆောင်မှုရယူသူအား အခွန်အခ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အသိပေးရမည်။

(ဇ) ဝန်ဆောင်မှုရယူသူက မိမိငှားရမ်းရောင်းချလိုသော အိမ်ခြံမြေအား မမှန်မကန် ပြသငှားရမ်းရောင်းချခဲ့လျှင် ဝန်ဆောင်မှုပေးသူတွင် တာဝန်မရှိစေရ။ သို့ရာတွင် ဝန်ဆောင်မှုပေးသူက မမှန်မကန် ပူးပေါင်းဆောင်ရွက်ခဲ့လျှင် ၎င်းတွင်လည်း တာဝန်ရှိစေရမည်။

### အခန်း (၈)
### ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ သတ်မှတ်ချက်များ

၁၄။ ဤဥပဒေအရ ဝန်ဆောင်မှုပေးသူနှင့် ဝန်ဆောင်မှုရယူသူတို့သည် အောက်ပါသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်-

(က) ဝန်ဆောင်မှုလုပ်ငန်းကို လုပ်ကိုင်ရာတွင် နှစ်ဦးသဘောတူ လုပ်ငန်းအပ်နှံခြင်းစာချုပ်ကို ချုပ်ဆိုရမည်။

(ခ) ဝန်ဆောင်မှုရယူသူသည် လုပ်ငန်းအပ်နှံခြင်းစာချုပ်တွင် နှစ်ဦးနှစ်ဖက် သဘောတူညီထားသည့်အတိုင်း ဝန်ဆောင်ခပေးရန် တာဝန်ရှိသည်။

(ဂ) လုပ်ငန်းအပ်နှံခြင်းစာချုပ် ချုပ်ဆိုရာတွင် ဝန်ဆောင်ခများကို ဖော်ပြပါရှိရမည်။

(ဃ) ဝန်ဆောင်မှုပေးသူသည် အရောင်းအဝယ်ကိစ္စအတွက် ဝန်ဆောင်ခကို ရောင်းချသူထံမှသာ ရယူခွင့်ရှိသည်။ ဝယ်သူအတွက်လုပ်ငန်း လိုအပ်ချက်အရ သီးခြားဝန်ဆောင်မှု ဆောင်ရွက်ပေးရပါက ထိုလုပ်ငန်းအတွက် ဝယ်ယူသူထံမှ သီးခြားဝန်ဆောင်ခရယူခွင့်ရှိသည်။

(င) မည်သည့်ဝန်ဆောင်မှုရယူသူမဆို ဝန်ဆောင်မှုပေးသူနှင့် လုပ်ငန်းအပ်နှံခြင်းစာချုပ်ချုပ်ဆို၍ ဝန်ဆောင်မှုရယူပြီးနောက် လုပ်ငန်းအပ်နှံခြင်းကို ပြန်လည်ရုပ်သိမ်းလိုကြောင်း အသိပေးအကြောင်းကြားရန် ပျက်ကွက်လျှင် နှစ်ဦးသဘောတူထားသည့် ဝန်ဆောင်ခ အပြည့်အဝကို ဝန်ဆောင်မှုပေးသူထံသို့ ပေးအပ်ရမည်။

(စ) ဝန်ဆောင်မှုပေးသူသည် ဝန်ဆောင်ခရယူထားပါလျက် လုပ်ငန်းအပ်နှံခြင်း စာချုပ်အရ တာဝန်ယူထားသည့် ဝန်ဆောင်မှုလုပ်ငန်းကို ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ဆောင်ရွက်ပေးရန် ပျက်ကွက်လျှင် ရယူထားသော ဝန်ဆောင်ခ အပြည့်အဝကို ဝန်ဆောင်မှုရယူသူထံသို့ ပြန်လည်ပေးအပ်ရမည်။

(ဆ) မည်သည့် အိမ်ခြံမြေ ဝန်ဆောင်မှုလုပ်ငန်းတွင်မဆို ဝန်ဆောင်မှုရယူသူသည် လုပ်ငန်းအပ်နှံခြင်းစာချုပ်အရ ဝန်ဆောင်မှုကို ရယူထားပါလျက် ဝန်ဆောင်မှုပေးသူ၏ နောက်ကွယ်တွင် ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်းပြုခဲ့လျှင် နှစ်ဦးနှစ်ဖက် သဘောတူထားသည့် ဝန်ဆောင်ခကို ဝန်ဆောင်မှုပေးသူထံသို့ ပေးအပ်ရမည်။

### အခန်း (၉)
### မှတ်ပုံတင်ခြင်း၊ ယာယီလိုင်စင်နှင့် လိုင်စင်ထုတ်ပေးခြင်း

၁၅။ ဤဥပဒေ စတင်အာဏာတည်သည့်အချိန်တွင် ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်လိုသူသည် တစ် နှစ်အတွင်း လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့် ယာယီလိုင်စင်လျှောက်ထားခြင်းကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၁၆။ ယာယီလိုင်စင်၏ သက်တမ်းမှာ သုံးနှစ်ဖြစ်သည်။

၁၇။ ယာယီလိုင်စင်ရရှိသူသည် သုံးနှစ်သက်တမ်းကာလအတွင်း သတ်မှတ်ထားသောသင်တန်းကို တက်ရောက်၍ လိုင်စင်လျှောက်ထားနိုင်သည်။

၁၈။ ပုဒ်မ ၁၅ အရ ယာယီလိုင်စင် လျှောက်ထားခွင့်ကာလ တစ်နှစ်ကုန်ဆုံးပြီးနောက် ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်လိုသူသည် မှတ်ပုံတင်၍ သတ်မှတ်ထားသောသင်တန်း တက်ရောက်ပြီး လိုင်စင်လျှောက်ထားနိုင်သည်။

### အခန်း(၁၀)
### ရန်ပုံငွေထူထောင်ခြင်း

၁၉။ ဗဟိုကော်မတီသည် ဤဥပဒေ၏ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အိမ်ခြံမြေ ဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ ရန်ပုံငွေကို အောက်ပါရငွေများဖြင့် ထူထောင်ခွင့်ရှိသည်-

(က) နိုင်ငံတော်အစိုးရထောက်ပံ့ငွေ၊

(ခ) အလှူငွေ၊

(ဂ) မှတ်ပုံတင်ကြေး၊ လိုင်စင်ကြေးနှင့် အခြားရငွေများ။

၂၀။ ဗဟိုကော်မတီသည် ဘဏ္ဍာရေးအဖွဲ့ကို သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပြီး အဖွဲ့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။ ဘဏ္ဍာရေးအဖွဲ့သည် ရန်ပုံငွေထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းတို့နှင့်စပ်လျဉ်း၍ ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

### အခန်း (၁၁)
### ဝန်ဆောင်မှုဆိုင်ရာစည်းကမ်းချက်များ

၂၁။ မည်သူမျှ ယာယီလိုင်စင် သို့မဟုတ် လိုင်စင်မရှိဘဲ အသက်မွေးဝမ်းကျောင်းအဖြစ် ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်းမပြုရ။

၂၂။ ဝန်ဆောင်မှုရယူသူ မည်သူမျှ လုပ်ငန်းအပ်နှံခြင်းစာချုပ်တွင် နှစ်ဦးနှစ်ဖက် သဘောတူညီထားသည့်အတိုင်း ဝန်ဆောင်ခပေးရန် ပျက်ကွက်ခြင်းမရှိစေရ။

၂၃။ ဝန်ဆောင်မှုရယူသူ မည်သူမျှ ဝန်ဆောင်မှုပေးသူထံ လုပ်ငန်းအပ်နှံခြင်းကို ပြန်လည်ရုပ်သိမ်းလိုကြောင်း အကြောင်းကြားခြင်းမရှိဘဲ အခြားဝန်ဆောင်မှုပေးသူနှင့် ဆက်သွယ်ဆောင်ရွက်ပါက မူလဝန်ဆောင်မှု ပေးသူအား လုပ်ငန်းအပ်နှံခြင်းစာချုပ်တွင် နှစ်ဦးနှစ်ဖက် သဘောတူညီထားသည့်အတိုင်း ဝန်ဆောင်ခ အပြည့်အဝကို ပေးဆောင်ရန် ပျက်ကွက်ခြင်းမရှိစေရ။

၂၄။ ဝန်ဆောင်မှုပေးသူမည်သူမျှ ဝန်ဆောင်ခရယူထားပါလျက် လုပ်ငန်းအပ်နှံခြင်း စာချုပ်အရ တာဝန်ယူထား၍ ဝန်ဆောင်မှုလုပ်ငန်းကို ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ဆောင်ရွက်ပေးစဉ် ပျက်ကွက်လျှင် ရယူထားသော ဝန်ဆောင်ခအပြည့်အဝကို ဝန်ဆောင်မှုရယူသူထံသို့ ပြန်လည်ပေးအပ်ရန် ပျက်ကွက်ခြင်းမရှိစေရ။

၂၅။ ဝန်ဆောင်မှုရယူသူ မည်သူမျှ လုပ်ငန်းအပ်နှံခြင်းစာချုပ်အရ ဝန်ဆောင်မှုရယူထားပြီး ဝန်ဆောင်မှုပေးသူ၏ နောက်ကွယ်တွင် ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်း ပြုခဲ့လျှင် လုပ်ငန်းအပ်နှံခြင်းစာချုပ်တွင် နှစ်ဦးနှစ်ဖက် သဘောတူညီထားသည့် ဝန်ဆောင်ခကို ဝန်ဆောင်မှုပေးသူထံ ပေးအပ်ရန် ပျက်ကွက်ခြင်းမရှိစေရ။

### အခန်း (၁၂)
### အရေးယူဆောင်ရွက်ခြင်း

၂၆။ မည်သူမဆို ပုဒ်မ ၂၁ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားလျှင် ထိုသူကို ခြောက်လအထိ ထောင်ဒဏ် ဖြစ်စေ၊ ကျပ်သိန်း ၃၀ အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်။

၂၇။ မည်သူမဆို ပုဒ်မ ၂၂၊ ပုဒ်မ ၂၃၊ ပုဒ်မ ၂၄နှင့် ပုဒ်မ ၂၅ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန် ပျက်ကွက်လျှင် ထိုသူကို တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ အရေးယူဆောင်ရွက်ရမည်။

### အခန်း (၁၃)
### အထွေထွေ

၂၈။ ဤဥပဒေပါပြဋ္ဌာန်းချက်များသည် ရွှေ့နေရွှေ့ရပ်တို့၏ ရွှေ့နေရွှေ့ရပ် လုပ်ငန်းဆိုင်ရာများနှင့် သက်ဆိုင်မှုမရှိစေရ။

၂၉။ လိုင်စင်ရရှိရန်လျှောက်ထားသူ သို့မဟုတ် လိုင်စင် ရရှိထားသူသည် လိမ်လည်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း တရားရုံးက ပြစ်ဒဏ်ချမှတ်ခြင်းခံရပါက လိုင်စင်ကို ရုပ်သိမ်းခြင်းခံရမည်။

၃၀။ ဗဟိုကော်မတီသည် အိမ်ခြံမြေ ဝန်ဆောင်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက္ကသိုလ် သို့မဟုတ် ကောလိပ်တို့တွင် အိမ်ခြံမြေ ဝန်ဆောင်မှုလုပ်ငန်းကို ဘာသာရပ်တစ်ခုအနေဖြင့် ထည့်သွင်းပို့ချနိုင်ရေး စီစဉ်ဆောင်ရွက်နိုင်သည်။

၃၁။ ဗဟိုကော်မတီသည် အိမ်ခြံမြေ ဝန်ဆောင်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အိမ်ခြံမြေ ဝန်ဆောင်မှု သင်တန်းကျောင်းများ၊ တက္ကသိုလ် သို့မဟုတ် ကောလိပ်များ ပေါ်ထွန်းလာစေရန် သက်ဆိုင်ရာ ဌာနများနှင့် ညှိနှိုင်း၍ ဆောင်ရွက်နိုင်သည်။

၃၂။ ဗဟိုကော်မတီသည် ဤဥပဒေအရ ငွေကြေးသုံးစွဲမှုကိစ္စရပ်များကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးမှုကိုခံယူရမည်။

၃၃။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် ဗဟိုကော်မတီနှင့် ညှိနှိုင်း၍ ရေးဆွဲထားသော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုကော်မတီနှင့် ဝန်ကြီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

## ဒိုက်ဦးနှင့် ညောင်လေးပင်မြို့နယ်တို့တွင် အခွန်တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သော အခွန်ထမ်းများအား ဂုဏ်ပြု

**ဒိုက်ဦး ဇွန် ၁၄**

ဒိုက်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇွန် ၁၃ ရက် နံနက် ၉ နာရီက ၂၀၁၇-၂၀၁၈ အခွန်စည်းကြပ်နှစ်အတွင်း ဝင်ငွေခွန်နှင့်ကုန်သည်လုပ်ငန်းခွန် အခွန်တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သော အခွန်ထမ်းလုပ်ငန်းရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်း အခမ်းအနားကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေကအမှာစကား ပြောကြားပြီး ၂၀၁၇-၂၀၁၈ အခွန်စည်းကြပ်နှစ်တွင် ဒိုက်ဦးမြို့နယ်အတွင်းမှ အခွန်တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သော အခွန်ထမ်းပြည်သူ ၇၄ ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲ ၁ နာရီတွင် ညောင်လေးပင်မြို့နယ်သို့သွားရောက်ပြီး ညောင်လေးပင်မြို့ သီရိရတနာခန်းမ၌ ညောင်လေးပင်မြို့နယ်အတွင်းမှ ၂၀၁၇-၂၀၁၈ အခွန်စည်းကြပ်နှစ်အတွင်း အခွန်တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သော အခွန်ထမ်းပြည်သူ ၈၅ ဦးအား ဂုဏ်ပြုလက်မှတ်ပေးအပ်ခဲ့သည်။

အဆိုပါ အခမ်းအနားများသို့ ပဲခူးတိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး၊ သက်ဆိုင်ရာမြို့နယ်များမှ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးပြည်တွင်းအခွန်များဦးစီးဌာနညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးရသုံးမှန်းခြေငွေစာရင်း



ဦးစီးဌာနညွှန်ကြားရေးမှူး၊ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အခွန်ထမ်းပြည်သူများ၊ လေ့လာသူပြည်သူများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၁၆ မြို့နယ်ရှိ သီးနှံစိုက်ခင်းဧက ခုနစ်သောင်းခန့် ရေနစ်မြုပ်

**စစ်ကိုင်း ဇွန် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဧပြီလနှင့် ဇွန်လများတွင် သည်းထန်စွာရွာသောမိုးကြောင့် မြို့နယ် ၁၆ မြို့နယ်ရှိ သီးနှံစိုက်ခင်းဧက ခုနစ်သောင်းခန့် ရေနစ်မြုပ်လျက်ရှိရာ နှမ်းမှာ အများဆုံးရေနစ်မြုပ် လျက်ရှိပြီး ဧက ၅၄၀၀၀ ကျော်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနတာဝန်ရှိသူထံမှ သိရသည်။

"အခုနှစ်က မိုးရွာတာစောပြီး ရွာတဲ့မိုးကလည်းများတယ်။ မိုးများရေကြီးလို့ မြို့နယ် ၁၆ ခုမှာစိုက်ထားတဲ့ နှမ်းစပါး၊ နှမ်းနှမ်း၊ မိုးနှမ်း၊ မိုးကြိုပဲတီစိမ်း၊ မိုးပဲတီစိမ်း၊ မိုးမြေပဲ၊ နေကြာ၊ ပဲစင်းငုံနဲ့ အခြားရာသီနှံစိုက်ထားတဲ့ ဧက ခုနစ်သောင်းလောက်ရေနစ်နေတာပါ။ တိုင်းဒေသကြီးတစ်ခုလုံးမှာ ရေနစ်ခံရမှု အများဆုံးက ရွှေဘိုခရိုင် ဝက်လက်မြို့နယ်ထဲမှာ စိုက်ထားတဲ့ နှမ်းနှမ်းဧက ၅၄၀၀၀ကျော်က ထိခိုက်မှုအများဆုံးပါ"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနတာဝန် ရှိသူက ရှင်းပြသည်။

၁၆ မြို့နယ်တွင် စိုက်ပျိုးထားသော နှမ်းစပါး ၄၈၀၇ ဧက၊ မိုးစပါး ၅၀၆ ဧက၊ နှမ်းနှမ်း ၅၄၅၄၇ ဧက၊ မိုးနှမ်း ၁၉၃၈ ဧက၊ မိုးကြိုပဲတီစိမ်း ၆၃၈၄ ဧက၊ မိုးပဲတီစိမ်းဧက ၉၀၀၊ မိုးမြေပဲ ၅၉ ဧက၊ နေကြာ နှစ်ဧက၊ ပဲစင်းငုံ ၁၁ ဧက နှင့်အခြားရာသီ သုံးဧက စုစုပေါင်း ၆၉၁၆၇ ဧကရေနစ်မြုပ်ခဲ့ရာ လတ်တလောတွင် ဧက ၁၀၀၀ ခန့် ထိခိုက်ပျက်စီးမှုရှိကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

## မြို့နယ်အဆင့် သက်ဆိုင်သူပေါင်းစုံ ပါဝင်သည့် သုံးသပ်ဆွေးနွေးပွဲကျင်းပ

**ပန်းတောင်း ဇွန် ၁၄**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် လူထုဗဟိုပြုစီမံကိန်း (CDD) ၏ ဒုတိယနှစ်စက်ဝန်း မြို့နယ်အဆင့် သက်ဆိုင်သူပေါင်းစုံ ပါဝင်သော သုံးသပ်ဆွေးနွေးပွဲကို ဇွန် ၁၃ ရက် နံနက် ၉ နာရီတွင် မြို့နယ်စည်ပင်သာယာခန်းမ၌ ကျင်းပခဲ့သည်။

တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမျိုးသိန်းက အဖွင့်အမှာစကားပြောကြားပြီး အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဇင်မိုးထိုက်က မြို့နယ်ဖွံ့ဖြိုးတိုးတက်လာမှုများကို ဆွေးနွေးပြောကြားခဲ့သည်။ ထို့နောက် စီမံကိန်းဒုတိယနှစ်စက်ဝန်း ဆောင်ရွက်ပြီးစီးမှုနှင့်ပတ်သက်၍ ကျေးရွာများမှ တက်ရောက်လာသော စီမံကိန်းကော်မတီဝင်များအား အဖွဲ့ငယ်များခွဲကာ စီမံကိန်းခေါင်းစဉ် တစ်ခုချင်းစီအလိုက် ဆွေးနွေးသုံးသပ်ကြပြီး တစ်ဖွဲ့ချင်းစီမှ သုံးသပ်ရရှိချက်များကို ပြန်လည်တင်ပြဆွေးနွေးခဲ့ကြသည်။ ယင်းနောက် အကောင်းဆုံးကျေးရွာအုပ်စုသုံးစုနှင့် ကျေးရွာသုံးရွာတို့ကို ရွေးချယ်ကာ ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ တိုင်းဒေသကြီး ကျေးလက် ဦးစီးမှူးနှင့် တိုင်းဒေသကြီးအဆင့် လူထုဗဟိုပြု စီမံကိန်းတာဝန်ခံများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စီမံကိန်းရုံးမှဝန်ထမ်းများ၊ အရပ်ဘက်လူမှုအသင်းအဖွဲ့များ၊ မြို့နယ်အတွင်းရှိကျေးရွာအုပ်စုများမှ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် စီမံကိန်းကော်မတီဝင်များ တက်ရောက်ခဲ့သည်။

**သူရအောင်(ပြည်)**


MITSUBISHI
ELECTRIC
Changes for the Better
for a greener tomorrow
eco Changes
တန်ဖိုးထက် ပိုတဲ့ စိတ်ကျေနပ်မှုကို ရရှိစေမည့်
Mitsubishi Electric
Comfortable
Easy Clean
Energy Saving
Super Quiet
Durability
Apartments
Offices
Educational Institutions
Airports & Event halls
Hotels & Resorts
PME Holding Co., Ltd.
ISO 9001: 2015
YANGON HEAD OFFICE & SHOWROOM
NO.137/139, BOTAHTAUNG PAGODA RD, BOTAHTAUNG T/S, YANGON.
TEL : 01-202117 FAX: 01-296688
YANGON SERVICE CENTER
NO.171, MYA NANDAR RD, THARKAYTA INDU ZONE, THARKAYTA T/S, YANGON.
TEL : 01-450950, 450970, 450971 FAX : 01-551115
NAYPYITAW SHOWROOM
NO. 160, THIRIYADANAR SHOPPING COMPLEX, ZABUTHIRI T/S, NAY PYI TAW.
TEL : 067 - 420794, 421306 FAX : 067 - 421307
MANDALAY SHOWROOM & SERVICE
NO.900, 78TH RD, KHIN SAW MU GWET, MAHA AUNG MYAY T/S, MANDALAY.
TEL : 02-33506, 24268 FAX : 02-24268
http://www.pmeholding.com
https://www.facebook.com/PeaceMyanmarElectric/




# POWER UP WITH MAB AND BMW EASY LOAN.

**FREE INTEREST**
Avg 1 Year

**MINI 10%**
Down Payment

**MAX 5 YEARS**
Tenor

**FREE FUEL**
1,000 Lit

**FREE INSURANCE**
1 Year

**WARRANTY**
3 Years

**5 YEARS**
Maintenance or 60,000 km

**$400 LIFESTYLE**
Gift Voucher

**24 HRS**
Roadside Assistance

**INTEREST RATE**
13% per annum

**REPAYMENT**
Monthly

MABCALLCENTER : 01 8610612

မှတ်တမ်းတင်ဂုဏ်ပြုခြင်း

၂၀၁၇ ခုနှစ်၊ ၂၀၁၈ ခုနှစ် ပညာသင်နှစ်အတွက် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်

MINGALAR EDUCATION CENTRE PRIVATE HIGH SCHOOL

MEC ကိုယ်ပိုင်အထက်တန်းကျောင်း မှ

ငါးဘာသာဂုဏ်ထူးရှင်
* ဆစစ - ၃၉၀ မဇင်ဝေဝေထက် (မြန်မာစာ၊ သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ) ရမှတ်ပေါင်း (၅၃၁) မှတ်
* ဆစစ - ၃၉၂ မမယ်ရလင်းဆန်းထွန်း (အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ) ရမှတ်ပေါင်း (၅၁၉) မှတ်
* ဆစစ - ၄၁၉ မအိမ့်မှူးနေခြည် (အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ) ရမှတ်ပေါင်း (၅၁၁) မှတ်

တို့နှင့်အတူ 4D၊ 3 D၊ 2D၊ 1D ဂုဏ်ထူးထွက်ရှိခဲ့ကြသော ဂုဏ်ထူးရှင် သားငယ်/သမီးငယ်များအား အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

MEC
ကိုယ်ပိုင်အထက်တန်းကျောင်း

အမှတ်(၂၀)၊ ပန်းခြံလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph No. 09-77 87 44 55 7, 09- 43 32 35 35

ကားအမျိုးစုံ
